ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပြန်ကြားရေးဝန်ကြီးဌာန

# တေးရေးပညာရှင်ကြီးများ၏ ခေတ်ဟောင်း တေးသီချင်းများ

အတွဲ(၁)







ဆရာတောက်



ဿလက်ဂဝေကြို်င်ရွာ-ဗိန္ဓဝေလျှ




အလင်္ကာကျော်စွာ-ရွှေပြည်ဒေအး။





စာဆိုတော်တက်က သိုလှဲ့ဒိုး။

# ဦးဖိုးညို



မြန်မာ့ရုပ်သေးရုပ်လောကတွင် "အပြော ဦးဖိုးညို အဆိုဦးပု" ဟုဆိုစမှတ်ပြု ရသောရုပ်သေး အနုပညာရှင်ကြီးနှစ်ဦးသည် တစ်ခေတ်ထဲတွင် စင်ပြိုင်ထင်ရှား ကျော်ကြားခဲ့လေသည်။

မောင်ဖိုးညိုသည် စစ်ကိုင်းခရိုင် ဇွန်မြို့နယ် နတ်ကြီးရွာတွင် ၁၂၂၃ ခုနှစ် တပို့တွဲလပြည့်ကျော် (၇)ရက် ကြာသပတေးနေ့တွင် ဖွားမြင်သည်။ မိဘများမှာ ဦးမင်းသာ၊ဒေါ်မင်းအုံ တို့ဖြစ်သည်။

ကိုဖိုးညိုသည် အသက်(၂၄)နှစ်အရွယ်တွင် မိမိ၏ဇာတိရွာသူ မခိုနှင့် ထိမ်းမြားလက်ထပ်ခဲ့သည်။ကိုဖိုးညို၏ ရုပ်သေးအဖွဲ့သည် သီပေါဘုရင်မင်းမြတ်၏ အသုံးတော်ခံ မင်္ဂလာစင်တော် တစ်ခုဖြစ်လာသည်။ သီပေါမင်းတရားသည် ကိုဖိုးညို အမှုထမ်း အသုံးတော်ခံပုံကို နှစ်သက်အားရတော်မူသဖြင့် မနုသဒ္ဒ ရွှေတောင်ကျော်စွာဘွဲ့ဖြင့် ချီးမြှင့်တော်မူသည်။

ကိုဖိုးညိုသည် လင်ကွဲမယားကွဲဇာတ်များကို ခင်းကျင်းပြသလေ့ရှိသည်။ စုံနံ့သာမြိုင် ရာပုံတော်ကြီးကို နတ်လမ်းညွှန်များ နှင့်တကွ ညဥ့်လုံးပေါက် ကပြသည်။ ထိုခေတ်က "လင်ပျောက်ရှာ"၊ "ဟောမဝန်ဇွေ"၊ "ဟောဝန်မြိုင်" စသည်တို့မှာ လူကြိုက်များလှသော ရာပုံတော်သီချင်းများဖြစ်ကြသည်။

သီပေါမင်းပါတော်မူပြီးနောက်တွင် ၁၂၄၉ ခုနှစ်၌ ကိုရွှေညိုက "သီပေါဘုန်းနန်းဘုံဖြင့်မှာလေ၊ ညီလာခံချုန်း၊ လှို့တော်စဉ်က၊ ဆန်းရုံဝေဆောင် ပလ္လင်ပြာသာဒ်မှာနေခဲ့ရှင်၊ စံနန်းလုံနှင့်ရွှေပြည် မခွဲခြားလှပါ" ဟူ၍ အရှင်သခင် သီပေါမင်းကို တမ်းတလွမ်းလှည့်သောကို ဖွဲ့ဆိုလိုက်သောအခါ များစွာသော ပရိသတ်တို့မှာ မိမိတို့၏အရှင်သခင် ဘုရင်မင်းကို များစွာလွမ်းဆွတ် တသကြရသည်နှင့်အမျှ နယ်ချဲ့တို့ကိုမကျေမချမ်း ဖောင်းမြောင်းလာသော အမျိုးအစဉ်များကို ကြားရသဖြင့်လည်း မျိုးချစ်စိတ်များ တဖွားဖွား ပေါ်ပေါက်ကြရလေသည်။

နွားကျောင်းသားဘဝမှ ဘုရင့်အသုံးတော်ခံ ရုပ်သေးမင်းသားအဖြစ်အထိ တက်လှမ်းခဲ့ပြီးလျှင် အင်္ဂလိပ်အစိုးရခေတ်တွင်လည်း အင်္ဂလိပ်အစိုးရအရာရှိကြီးများ၏ ရွှေတံဆိပ်များဖြင့် ဆုချီးမြှင့်ခြင်း အဖုံဖုံခံရသောသဘင်အနုပညာရှင်ကြီးတစ်ဦး ဖြစ်သည့် ရုပ်သေးမင်းသားဦးရွှေညိုသည် အသက်(၆၈)နှစ် အရွယ် ၁၂၈၁ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် (၇)ရက်နေ့တွင် ကွယ်လွန်သွားလေသည်။

**ရည်ညွှန်းချက်**

မြန်မာ့စွယ်စုံကျမ်း

Encyclopedia Myanmar 1998-1999

## ဆရာညာဏ်

ဆရာညာဏ်သည် သက္ကရာဇ် ၁၂၂၆ ခုနှစ်၊ စစ်ကိုင်းခရိုင်၊ သင်းတွဲရွာတွင် ဖွားမြင်သည်။ အချုပ်တန်းဆရာဖေ၏ တပည့်ဖြစ်ပြီး အသက် ၂၅ နှစ်အရွယ် ၁၉၀၀ ပြည့်နှစ်တွင် "ပြည်ကုန်းဘောင်" သီချင်းကိုရေးစပ်ခဲ့ပြီး ရုပ်သေး စင်တော်မင်းသမီးကြီး အမေပုခေါ် ဆရာပုမှ သီဆိုခဲ့သည်။ အင်္ဂလိပ်အစိုးရက သီချင်းစာသားများအတွက် စစ်မေးခြင်းခံခဲ့ရသည်။ ဗြိတိသျှအစိုးရက စာသား များကို စိစစ်ကန့်သတ်ပြင်ဆင်ပြီးမှ သီဆိုခွင့်ပြုခဲ့သည်။ ၎င်းနောက် "ပါတော်မူ" စည်တော်သံသီချင်းကို ရေးဖွဲ့ခဲ့သည်။

ရည်ညွှန်းချက်

မြန်မာ့လွတ်လပ်ရေးနှင့် တေးဂီတ (မေမြို့မိုးကြည်)

၁၉၇၈ (စာပေဗိမာန်)

# ဦးစိန်ကတုံး



ဦးစိန်ကတုံးသည် အဖ ဆိုင်းဆရာဦးကျော်ဦး၊ အမိ ဒေါ်သစ်တို့၏ သားဖြစ်၏ ။ ၁၂၃၇ ခုနှစ် ၊ ဝါခေါင်လဆန်း (၁၃)ရက်၊ စနေနေ့တွင် ညောင်တုန်းမြို့၌ဖွားမြင်၍ ငယ်မည်မှာ မောင်ထွန်းလှဟူ၍ရင်း၊ မောင်ထွန်းမြိုင် ဟူ၍ရင်း၊ မောင်ဖိုးထွန်းဟူ၍ရင်း ခေါ်ကြ၏။ ငယ်ရွယ်စဉ်ကပင် ပလွေ၊ ပတ္တလား၊ ဒိုးပတ်၊ အိုးစည် ဗုံရှည်တို့ကို တီးမှုတ်တတ်သည့်အပြင် ပွဲတော်များ၌ အိုးစည်က၊ ဒိုးပတ်က၊ ဗုံရှည်ကတို့တွင် အရွယ်နှင့် မလိုက်အောင်ကပြတတ်သည်။ ဆယ့်နှစ်နှစ်သား အရွယ်မှစ၍ ညောင်တုန်းမြို့အရပ်ဇာတ်များတွင် မင်းသားအဖြစ်ဖြင့် ကပြခဲ့၏။

၁၂၅၂ခုနှစ်မှစ၍ ဇာတ်ပွဲထောင်သည်ဟုအဆိုရှိသည်။တစ်နှစ်တွင်မော်လမြိုင်မြို့သို့သွားရောက်ကပြခဲ့ရာ ငှက်ဖျားမိသဖြင့် ပျောက်ကင်းသည့်အခါဆံပင်များကျွတ်သောကြောင့်ခေါင်းတုံးရိတ်လိုက်ရ၏။ ဇာတ်ပွဲကပြရာတွင် နာလန်ထစမင်းသား မောင်ဖိုးကွန်းသည်ပဝါအုပ်ပေါင်းနှင့်ထွက်လာ၍ ခွန်းထောက် အဆိုအရျမှာ "ကျွန်းမာကာလူ့ကိုယ်ဖြင့် ချုံးလျက်ပါပဲ ပွဲတော်မှာ အားကုန်ရှန်းရတယ် ကျွန်တော့ကို ရှုပါတော့ဟောဗျာ့ဖန်ကတုံး"ဟုဆိုပြီးလျှင် ဦးခေါင်းပေါ်က ပဝါကိုချွတ်လိုက်ရာ ပရိသတ် များပွဲကျသွားလေသည်။"ကတုံးမင်းသားဟော့ ဖန်ကတုံးဟော့ စိန်ကတုံးဟော့" ဟူ၍လည်း မော်လမြိုင်မြို့သူမြို့သားများ ပါးစပ်တွင်ခေတ်စားသွားသဖြင့် ကွယ်လွန်သည့်တိုင်အောင် "စိန်ကတုံး" ဟူ၍အမည်တွင်ဇာလသည်။ အိန္နောင် ဦးစံတုတ်ထံတွင်

ယိုးဒယားကနည်းများကိုလည်း သင်ယူသည်အဆိုရှိ၏။

၁၂၈၀ ပြည့်နှစ်မှစ၍ ကိုယ်ပိုင်ရွက်ထည်ရုံကြီး တည်ထောင်ကာ ခေတ်ဆန်သောခေတ်မီးမောင်းထိုး၍ကပြသည်။အစိုးရပိုင်းကပါရွေတံဆိပ်ဘွဲ့စသောဆုလာဘ်အမျိုးမျိုး ဖြင့်ချီးမြှင့်ခဲ့ကြသည်။

ဦးစိန်ကတုံးသည် အတီးအမှုတ်ဂီတဘက်တွင်လည်းကျွမ်းကျင်၏။ ကြေးတီးရာဌ်အလွန်ကောင်း၏။ ဆိုင်းဆရာလောင်းများသည် သူ့ထံတွင်လာရောက်နည်း ယူကြရသည်။ ထိုအခါက ရန်ကုန်မြို့နာမည်ကြီး တီးဝိုင်းဆရာများဖြစ်သောဆရာစိုး၊ကိုဘလှ၊တယောဘရီ၊ပြည်မောင်ကြီး စသည်တို့သည် ဦးခိန်ကတုံးထံချဉ်းကပ်၍တီးကွက်ဆိုကွက်များကို နည်းယူကြသည်။

ဦးစိန်ကတုံးနှင့်တွဲဖက်ကပြခဲ့သော မင်းသမီးများမှာ အောင်ဗလ၊မစမ်းကြည်၊မကျော်ဗလ၊မစိန်နွဲ့၊မသိန်းညွန့်စသည်တို့ဖြစ်ကြ၏။ပထမဇနီးမှာမင်းသမီးမစမ်းကြည်ဖြစ်၍ ဦးစိန်ကတုံးသည် ဒေါ်ရှင်ဆိုသူအမျိုးသမီး တစ်ဦးနှင့်ဒုတိယအကြိမ်လက်ထပ်ခဲ့၏။ ဦးစိန်ကတုံး၏ တတိယဇနီးမှာ ဒေါ်စောတင်ဖြစ်လေသည်။

ဦးစိန်ကတုံးသည် ဇာတ်ပွဲလှည့်လည်ကပြဖဉ် မုံရွာမြို့၌ ၁၂၉၂ ပြာသိုလဆုတ် (၂)ရက်နေ့၌ အနိစ္စရောက်လေသည်။

**ရည်ညွှန်းချက်**

ဦးစိန်ကတုံး – ဦးသော်ဇင်(စာပေဗိမာန် ၁၉၅၈–၆၀)

Encyclopedia Myanmar 1998-1999



# လှည်းတန်းဦးလူကလေး

လှည်းတန်းဦးလူကလေးသည် ၁၂၃၄ ခုနှစ် ဖွားဖြစ်သည်။ ရှေးအခါက ဦးလူကလေး (၃)ဦးရှိသည်။ အငယ်အကြီးဆုံးသည် လှည်းတန်းဦးလူကလေး ဖြစ်သည်၊ မင်းသားကြီး ဦးစိန်ကတုံး၊ ဦးအောင်ဗလ၊ ဦးဖိုးစိန် တို့၏ သီချင်းရေး စပ်သူဖြစ်၍ ကာလသံဆန်းတေးများကို အများဆုံး ဒိုင်ခံရေးစပ်ခဲ့ရာမှ "သံဆန်း" ဦးလူကလေးဟု အလွန်ကျော်ကြားခဲ့သူဖြစ်သည်။

သို့သော် မျက်စိနှစ်ကွင်း အလင်းမရ၍ ဆရာကြီးနှုတ်မှ ရွတ်ဆိုသမျှ စာသားကိုလိုက်၍ အဓိရေးကြရပြီး သီချင်းတီးလုံးတီးကွက်ကို ကိုယ်ပိုင် ပတ္တလား တီးပြပေးတတ်လေ့ရှိသည်။ မဟာဂီတသီချင်းစုနှင့် သံဆန်းတေးများကို ကိုယ်တိုင်ကျနစွာ သီဆိုလေ့ရှိသဖြင့် အဆိုပိုင်းတွင်လည်း ကျော်ကြားလှပေသည်။ လှည်းတန်းဦးလူကလေး၏ သားအကြီးဆုံးဖြစ်သူမှာ အသံတိတ်ရုပ်ရှင်ခေတ်ပို့ နောက်ခံအဆိုကျော် ဦးသိမ်းမောင် (၁၂၆၃–၁၃၀၁)ဖြစ်သည်။

ရည်ညွှန်းချက်

မဟာဂီတ စစ်ကိုင်းလှရွှေ

ရန်ကုန်၊ စာပေဗိမာန်၊ ၁၉၉၄။

## ဒေါ်စောမြအေးကြည်

မန္တလေးနေပြည်တော်မှ ဆွေတော်အုပ်မင်းသားကြီး၏ သမီးဖြစ်သော ထိပ်တင်ရွှေသည် ဒေါ်စောမြအေးကြည်၏ ဖွားလေးပင်ဖြစ်သည်။ အဖမှာ သီပေါမင်းလက်ထက် ဖြဲတိုက် သံတော်ဆင့်ရာထူးကို ထမ်းရွက်ရသော ဦးမောင်မောင်တင် ဖြစ်ပြီး၊ အမိမှာ စောလုထိပ်ခေါင်တင်၏ ဘဏ္ဍာစိုး ဒေါ်ခင်ဖွား တို့ပင်ဖြစ်သည်။ ဒေါ်စောမြအေးကြည်သည် (၁၂၅၃)ခုနှစ်၊ တပေါင်းလတွင် မန္တလေးမြို့၌ ဖွားမြင်ပြီး "ခင်စိန်ကြည်" မည်၏။ အသက်(၁၂)နှစ် အရွယ်တွင် သီဆိုမှုပညာကို သင်ကြားသည်။

ရေးဦးဆွာ အဆိုကျော်ဦးလူကြီး (သီပေါမင်းလက်ထက် ဝဲဘက်အဆိုတော် အဖြစ်နှင့် အမှုထမ်းခဲ့သူ)ထံတွင် စတင်သင်ကြားခဲ့ရာ ပေါက်ပေါက်ရောက်ရောက် ရှိလှသည်ဟူ၏။ (၁၃)နှစ်အရွယ်တွင် ရှမ်းပြည်မြောက်ပိုင်း သီပေါစော်ဘွား ဆာစောချယ်က ဆွေစဉ်မျိုးဆက်ကို စုံစမ်းပြီးနှစ်သက်သဖြင့် ကောက်ယူလေသည်။ ဂီတပညာများကိုလည်းသီပေါဟော်နန်း၌ အသုံးတော်ခံကြရသော ပညာရှင်ကြီးများ ထံမှ ဆက်လက်သင်ယူ လေ့လာစေခဲ့သည်။ (၁၆)နှစ်အရွယ်ရောက်သော် စော်ဘွား ကြီးက စောမြအေးကြည်ဟူသော အမည်ကို ပေးအပ်ခြင်းခံခဲ့ရသည်။ အသက်(၂၀)နှစ် ကျော်တွင် ရတု၊ ဘောလယ်၊ တေးထပ်၊ ပတ်ပျိုး တို့ရေးသားသီကုံးနိုင်ပြီ ဖြစ်သည်နှင့် အညီ ရေးသားဆက်သွင်းခဲ့ရာ စော်ဘွားကြီးက သဘောကျလေ

သောကြောင့် စောဥက္ကာဘွဲ့ ပေးအပ်ခြင်းခံရသည်။ ၁၂၈၉ ခုနှစ်၊ တန်ခူးလပြည့်ကျော်(၈)ရက်နေ့တွင် စော်ဘွားကြီး၏တိုက် ဟော်နန်းသိမ်းပိုက်ပွဲ၌ စောဥက္ကာသည် သိရိဥက္ကဋ္ဌဝတီ ဟူသောဘွဲ့ကို ထပ်မံချီးမြှင့်ခြင်း ခံယူရရှိပြန်၏။ ထိုဟော်နန်းတွင်း၌ပင် ဆိုခဲ့ပြီးသည့်အတိုင်း ယိုးဒယားအကကို ရာမစင်တော်ဦးစီး ဆရာမောင်နှင့် ယိုးဒယားသီးခြားတတ်ကျွမ်းသည့် ဆရာဦးအုန်းပွင့်တို့ထံမှ လည်းကောင်း၊ အဆိုပညာကို တပယ်မင်းသား၏ ကိုယ်လုပ်တော်တပယ်ခင်ဥကြီး ဆရာဦးလုကြီး၊ ဦးပေါ်ဦး တို့ထံမှ လည်းကောင်း၊ စောင်းပညာကို ဒေဝဣန္ဒာ ဦးမောင်မောင်ကြီး၊ ဘီးလစ်စာရေးကြီး ဦးအောင်လုနှင့် ဆရာခန့်ကြီးတို့ထံမှ လည်းကောင်း နည်းယူမှတ်သားခဲ့ရ၏။

၁၉၅၂ ခုနှစ်တွင် အလင်္ကာကျော်စွာဘွဲ့ရ၏။ ၁၉၅၄ ခုနှစ်တွင် ကံဘဲ့ ဆရာအတတ်သင်ကျောင်းတွင် တာဝန်ထမ်းဆောင်စဉ် အနုပညာနှင့် ဆိုင်သော ဝိဇ္ဇာဘွဲ့ကို ထပ်မံရရှိပြန်သည်။ နောက်ပိုင်းတွင် သမိုင်းကော်မရှင်ဌာနမှ ဂီတသုတေသနရာထူးဖြင့် အမှုထမ်းနေခဲ့သည်။ မြန်မာ့အသံ မဟာဂီတ သီချင်းကြီးဘုက်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၃၂၉ ခုနှစ်၊ တပို့တွဲလဆန်း(၁၂)ရက်တွင် ကွယ်လွန်သည်။

ရည်ညွှန်းချက်

မြန်မာ့တူရိယာဂီတပညာကျော်များ - ၁၉၆၂ ပန်တျာမြင့်အောင်




# ဦးပြုံးချို

ဦးပြုံးချိုအား သက္ကရာဇ် ၁၂၄၀ ပြည့်နှစ်တွင် အဘဆရာစီ၊ အမိဒေါ်ထွေး တို့မှ ကျိုက်လပ်မြို့တွင် ဖွားမြင်သည်။ ငယ်စဉ်ကပင် ဂီတပါရမီရင့်သန်ခဲ့ရာ အသက်(၁၁)နှစ်အရွယ် သက္ကရာဇ် ၁၂၅၁ မှစ၍ တေးသီချင်းများစရေးခဲ့ပြီး (၁၆)နှစ် သားအရွယ်တွင် ကောင်းစွာ ပေါက်မြောက်ကျွမ်းကျင်ခဲ့သည်။ ဦးပြုံးချိုသည် ပန်းပညာများကို နံ့စပ်သိမြင်ရုံမျှမက သိပ္ပံအတတ်များတွင်လည်း ထူးချွန်သူ တစ်ဦးဖြစ်သည်။ ဦးပြုံးချိုသည် ပညာအလင်းသတင်းစာနှင့် မြန်မာ့အလင်း သတင်းစာ၊ မောရဝတီသတင်းစာ၊ ဝါဏိဇ္ဇသတင်းစာ၊ သူရိယသတင်းစာနှင့် မြန်မာ့ရိဗျူးဂျာနယ်တို့တွင် အယ်ဒီတာအဖြစ် ဆောင်ရွက်ခဲ့သည်။ မဟာဂီတ ဦးပြုံးချိုဟု နာမည်ကျော်ကြားသော်လည်း “စိန္တာသတ္တ”၊“ဖိုးမင်းကျော်”၊“အရူး တော်နေဒွန်း” စသောကလောင် အမည်များဖြင့်လည်း စာများရေးသားခဲ့သည်။ ထင်ရှားသောသီချင်းများမှာ “တေဘုမ္မာ” ၊ “ဇာတိအာဏာ”၊ “ဇေယျတုသဗ္ဗ မင်္ဂလာ”၊“ကျိုက်ထီးရိုးနတ်လမ်းညွှန်” စသောသီချင်း များဖြစ်ပြီး “မဟာဂီတ ပေါင်းချုပ်” ကိုလည်းပြုစုခဲ့သည်။ ဦးပြုံးချိုသည် “မဟာဂီတတ္တ ဒီပနီ”အမည်ရှိ မဟာဂီတပေါင်းချုပ်ကျမ်း ကိုပြုစုဆဲ၊ အသက်(၅၀)ခန့် အရွယ် ၁၂၈၉ ခု၊ တပို့တွဲလဆန်း(၄)ရက်တွင် အနိစ္စရောက်ခဲ့သည်။

**ရည်ညွှန်းချက်**

မဟာဂီတဦးပြုံးချို (စာပေနှင့် ကဗျာဂီတ) မြန်စာပြန့်၊ နှလုံးလှစာပေ-၁၁/၇၇

# ဦးကြင်ခဲ



ဦးကြင်ခဲသည် မြန်မာသဘင်လောကတွင် ထင်ရှားသော လူရွှင်တော်တစ်ဦးဖြစ်ပေသည်။ သီချင်းရေးဆရာလည်း ဖြစ်သည်။

ဦးကြင်ခဲကို ပြည်မြို့ သံတစ်ချောင်းလမ်း၊ ဖခင် ဆရာလန်း၊ အမိ ဒေါ်သာတို့မှ ၁၂၄၈ ခုနှစ်တွင် ဖွားမြင်ခဲ့သည်။ မိဘများက မောင်ငယ်ဟု နာမည်ပေးခဲ့သော်လည်း အဒေါ်ဖြစ်သူ မှည့်ခေါ်ခဲ့သော ကြင်ခဲ နာမည်သာ တွင်ခဲ့လေသည်။

ဦးကြင်ခဲ (၁၂) နှစ်အရွယ်တွင် ဆရာလန်းသည် ရန်ကုန်မြို့သို့ ပြောင်းရွှေ့လာခဲ့၍ ကြည့်မြင်တိုင် ထီးတန်းအရပ်တွင် နေထိုင်လေသည်။ ဦးကြင်ခဲသည် ဖခင်၏ ဇာတ်အဖွဲ့တွင် ပါဝင်ဆောင်ရွက်ရင်း ဒေါ်ပုံ အုန်းစိန်အဖွဲ့၊ မစိန်ချစ်အဖွဲ့၊ အလုံမစိန်တင်အဖွဲ့၊ မစိန်ပုကြီးအဖွဲ့ စသောအငြိမ့်အဖွဲ့များတွင် လူရွှင်တော်အဖြစ် ဝင်ရောက်ကပြခဲ့လေသည်။ အသက် (၁၇) နှစ်အရွယ်တွင် မသိန်းမျှင်နှင့် အကြောင်းပါပြီး မောင်အုန်းလှိုင်နှင့် မောင်အုန်းဆိုင်ဟု သား(၂)ယောက် ထွန်းကားခဲ့သည်။ မောင်အုန်းလှိုင်မှာ မင်းသား ကျော်အုန်းလှိုင်အမည်ဖြင့် ထင်ရှားပြီး မောင်အုန်းဆိုင်မှာ သီချင်းစာရေးဆရာ ရွှေတိုင်ညွန့်အမည်ဖြင့် ကျော်ကြားသည်။

နောက်များမကြာမီ ဦးကြင်ခဲသည် အငြိမ့်မင်းသမီး စန္ဒရားမမြရီနှင့် အကြောင်းပါခဲ့သည်။ ၁၉၁၄ ခုနှစ်တွင် ဦးကြင်ခဲသည် ဒေါင်းယာဉ်ပုံမင်းသမီးအဖွဲ့နှင့် အိန္ဒိယပြည်သို့ သွားရောက်ကပြခဲ့လေသည်။

ဦးကြင်ခဲသည် မြန်မာအက၊ ယိုးဒယားအကများကို ကပြနိုင်သည့်အပြင် ပတ္တလား၊ ပတ်ဝိုင်း၊ ဇာဂျာနှင့် နှဲများကိုလည်းတီးမှုတ်တတ်လေသည်။

ဦးကြင်ခဲ၏ ပြက်လုံးများ၊ ဇာတ်ထုပ်များကို ဇာတ်ပြားသွင်းထားခဲ့သည်။ သီချင်းပေါင်း (၁၀၀)ကျော် ဇာတ်ပြားသွင်းခဲ့သည်။ သူ၏ဇာတ်ပြား ဇာတ်ထုပ်များမှာ ဦးရှင်ကြီး ၊ ဇျတ်ဝိဇျတ္တ ၊ ဗုဒ္ဓဝင် ၊ မောင်မစ္စက ၊ ရေနံချောင်းကဖေကဲကောင်း စသော ဇာတ်ထုပ်များ ဖြစ်လေသည်။

ဦးကြင်ခဲသည် မင်းသားပုဏ္ဏားပျံကျော်အေးနှင့် ဖိုးစိန်ကြီးတို့အတွက် သီချင်းများ ရေးစပ်ပေးဖူးလေသည်။ အချစ်ဆုံးသီချင်းနှင့်နိဗ္ဗာန်ကူးမယ့်စိန် သီချင်းများဖြစ်သည်။

ထို့အပြင် "လယ်ပြင်ယာစောင်းမှာ တစ်ယောက်တည်း နွားကျောင်းလာကာ ပလွေတစ်စင်းနဲ့ အပျင်းဖြေရတာ" အစချီသော နွားကျောင်းသားသီချင်းနှင့် "ဘဲကျောင်းသား ပျော်ပါးပါတဲ့နေရာ ခွဲ့ဖွက်ကယ် ရေအိုင်စောင်းကို မောင်းပြန်ရတာ" အစချီသော ဘဲကျောင်းသား သီချင်းများကိုလည်း ရေးခဲ့သည်။ ၁၃၀၀ ပြည့်နှစ် အသက် (၅၂) နှစ်တွင် မင်းညီနောင်ဇာတ်ထုပ်ကို ဇာတ်ပြားသွင်းနေဆဲ မပြီးမီ ဦးကြင်ခဲ ကွယ်လွန်ခဲ့လေသည်။

**ရည်ညွှန်းချက်**

မြန်မာ့စွယ်စုံကျမ်း

Encyclopedia Myanmar 1998-1999

# နန်းတော်ရှေ့ဆရာတင်



ငယ်နာမည် မောင်မောင်တင်ဖြစ်သည်။ ဖခင်ဖြစ်သူမှာ မြို့စားရေးဦးမှန် ဖြစ်၍ မိခင်ဖြစ်သူမှာ ဒေါ်မမဖြစ်သည်။ မြန်မာသက္ကရာဇ် ၁၂၅၆ ခုနှစ်၊ ခရစ်နှစ် ၁၈၉၄ ခုနှစ်တွင်ဖွားမြင်သည်။ လူထုဒေါ်အမာ ရေးသားသည့် ပြည်သူချစ်သော အနုပညာသည်များစာအုပ်တွင် မန္တလေးမြို့အရှေ့ပြင်၊ စကျင်ဝအရပ်၌ မွေးသည်ဟုဆိုသော်လည်း ဦးသော်ဇင်ရေးသည့် နန်းတော်ရှေ့ဆရာတင်စာအုပ်တွင် ကြည့်မြင်တိုင် ထီးတန်းရပ်တွင် မွေးသည်ဟုဆိုပါသည်။ ငယ်စဉ်က ဝက်စလီကျောင်း၌ပညာသင်ယူခဲ့သည်။ (၇)တန်းအထိသာ သင်ယူခဲ့သည်။

ဝန်စာရေးဦးကြီးမှာ ဆရာတင်၏ဦးလေး(အဖမျိုးရိုး) ဖြစ်သည်။ ကွန်ပေါင်ဒါဒေါ် ဆေးစပ်သူ၊ ပတ္တလားဆရာ၊ အငြိမ့်တီးဝိုင်းအဖွဲ့ခေါင်းဆောင်၊ အငြိမ့်သီချင်းရေးဆရာ၊ ဓာတ်ပြားသီချင်းရေးဆရာ၊ အငြိမ့်ထောင်ဆရာ၊ စန္ဒရားဆရာ၊ အဆိုတော်၊ ဓာတ်ထောင်ဆရာ၊ ဓာတ်မင်းသားကြီး၊ ရုပ်စုံသဘင် သီချင်းရေးဆရာ၊ ရုပ်သေးမင်းသမီး၊ ရာဇဝင်တော်အုပ်၊ အသံတိတ် ရုပ်ရှင်သီချင်းရေးဆရာ စသည့် အလုပ်အကိုင်များ လုပ်ကိုင်ခဲ့သည်။

နန်းတော်ရှေ့ဆရာတင်ဟု ထင်ပေါ်စေသည့်သီချင်းမှာ အငြိမ့်မင်းသမီး ယုဇနအေးစိန်အတွက် ရေးပေးခဲ့သည့် "မယ်အေးလေးက ပို့တဲ့မေတ္တာ" သီချင်း

ဖြစ်ပါသည်။ ၎င်းသီချင်းကို အသက်(၂၂)နှစ်ခန့်က ရေးခဲ့ခြင်းဖြစ်သည်။ ဆရာတင်သည် အသက်(၂၀)မတိုင်ခင်ကပင် သီချင်းများစရေးခဲ့သည်။ အသက် (၅၅)နှစ် အရွယ် ခရစ်နှစ် ၁၉၄၉ ခုနှစ် တွင်ကွယ်လွန်ခဲ့သည်။ သီချင်းရေးသက်တမ်း (၃၅)နှစ် အတွင်း သီချင်းပုဒ်ရေ အများအပြားရေးခဲ့သည် ဟုသိရသည်။

ကွယ်လွန်ချိန်တွင် ဆရာတင်သည် ဇနီး(၄)ယောက် (ဦးသော်ဇင်၏စာအုပ်တွင် ၆ ယောက်)နှင့် သားသမီး(၁၃)ယောက် ရှိခဲ့သည်။ ဓာတ်သဘင်လောကဩ ရွှေမန်းညွန့်လှိုင်နှင့် ရွှေနန်းတင်တို့နှစ်ဦးမှာ နန်းတော်ရှေ့၏သားသမီးများ ဖြစ်ကြသည်။

ဆရာတင်၏ သီချင်းများတွင် ရွှေမင်းဂံ၊ သူဌေးဝါဒ၊ ဆင်ကြီးဂဠုန်ချီ၊ ရွှေမိုးညို၊ တောင်သမန်၊ အလှူ့ရှင်၊ ရွှေဘိုသူ၊ ကျွဲမ သီချင်း များမှာ အထူးထင်ရှားသည်။

ရည်ညွှန်းချက်


၁။ နန်းတော်ရှေ့ဆရာတင် (ဦးသော်ဇင်)

၂။ ပြည်သူချစ်သောအနုပညာရှင်များ (လူထုဒေါ်အမာ)

၃။ ဓာတ်မာန်တေး (မုံရွာဝင်းဖေ)

၄။ နန်းတော်ရှေ့ဆရာတင်နှစ်တစ်ရာပြည့် (စစ်ကိုင်းလှရွှေ)ငွေတာရီ ၉/၉၄



## ဝိုင်အမ်ဘီဆရာတင်

မြန်မာသက္ကရာဇ် (၁၂၅၅) ခုနှစ်၊ တပို့တွဲ လဆန်း (၇)ရက်၊ ခရစ်သက္ကရာဇ် (၁၈၉၄) ခုနှစ်၊ ဖေဖော်ဝါရီလ (၁၁)ရက်၊ တနင်္ဂနွေနေ့တွင် အဖဦးရန်အောင်၊ အမိဒေါ်သိန်း တို့မှ မန္တလေးမြို့ ရွှေဘုန်းရှိန် မင်းသားစုရပ်၌ဖွားမြင်သည်။ အသက်(၆)နှစ်အရွယ်တွင် မန္တလေးမြို့ ဘီတီအင်(ခေါ်) ဗုဒ္ဓသာသနာနုဂ္ဂဟ ကျောင်းတွင် ပညာစတင်သင် ကြား၍ ယင်းကျောင်းမှပင် (၁၉၀၉) ခုနှစ်၌ ဆယ်တန်းအောင်မြင်သည်။ အမ်ဘီတီ အလွတ်ပညာကျောင်းတွင် ကျောင်းဆရာလုပ်ပြီး၊ (၁၉၁၈) ခုနှစ်တွင် မန္တလေးမြို့ (၈၄)လမ်းနှင့် (၃၆)လမ်းထောင့်၌ ဗုဒ္ဓဘာသာလူငယ်များ အင်္ဂလိပ်အလွတ် ပညာသင်ကျောင်းကို ဖွင့်လှစ်သည်။

ကျောင်းဆရာလုပ်ရင်း သီချင်းများရေးသားစပ်ဆို၍ နာမည်ရလာပြီး ဝိုင်အမ်ဘီဆရာတင်ဟု ထင်ရှားလာသည်။ (၁၉၂၈) ခုနှစ်တွင် ဆရာတင် ရန်ကုန် ရောက်စဉ် ယခင်ကသိကျွမ်းခဲ့ဘူးသော သခင်ဗသောင်းနှင့် တွေ့ဆုံပြီး သခင် အမည်ခံကာ နိုင်ငံရေးကြိုးပမ်းမှုများ၌ ပါဝင်ခဲ့သည်။ သို့ဖြင့် ယခုနိုင်ငံတော် သီချင်းအဖြစ် ရောက်ရှိလာသော တို့ဗမာသီချင်း အကောင်အထည် ပေါ်လာသည်။

တို့ဗမာသီချင်းကို (၁၉၃၀)ပြည့်နှစ်၊ ဇူလိုင်လ (၂၀)ရက်၊ တနင်္ဂနွေနေ့ ညနေ(၅)နာရီတွင် ရွှေတိဂုံစေတီတော် ရာဟုထောင့်တန်ဆောင်းကြီး၌ အခမ်း

အနားဖြင့် ဝိုင်အမ်ဘီသခင်တင် ကိုယ်တိုင်သီဆိုခဲ့သည်။ သီချင်းပုဒ်ရေ အများအပြားရေးစပ်ခဲ့သည်။ မိုးကုတ်သူ ဒေါ်သီတာနှင့် အိမ်ထောင်ကျသည်။ သားသမီးမထွန်းကားခဲ့ပေ။ ဂီတနယ်ပယ်တွင် တိုင်းကျိုးပြည်ပြုသီချင်းများ ရေးသားရင်း၊ မြန်မာ သက္ကရာဇ် (၁၃၁၂)ခု၊ ဒုတိယဝါဆိုလပြည့်ကျော် (၁၀)ရက်၊ ခရစ်သက္ကရာဇ်(၁၉၅၀)ပြည့်နှစ်၊ ဩဂုတ်လ (၈)ရက်တွင်ကွယ်လွန်သည်။ ကွယ်လွန်ချိန်၌ အသက် (၅၆)နှစ်ဖြစ်သည်။ မကွယ်လွန်မီ(၁၉၅၀) ပြည့်နှစ်၊ ဇန်နဝါရီလ (၄)ရက်တွင် သခင်တင်အား နိုင်ငံတော်အစိုးရက ဝဏ္ဏကျော်ထင်ဘွဲ့ ပေးအပ်ချီးမြှင့်ခဲ့သည်။

**ရည်ညွှန်းချက်**


၁။ မြန်မာ့စွယ်စုံကျမ်းအတွဲ (၁၂)


၂။ တို့ဗမာသီချင်း (၃၅)နှစ်မြောက်နှင့် ဝိုင်အမ်ဘီ သခင်တင် အထိမ်းအမှတ်စာအုပ်

# ဝဂုန်ဆရာတင်



သက္ကရာဇ် ၁၂၆၅ ခုနှစ်တွင် အဘရွှေပန်းထိမ် ဆရာကြီး ဦးဖိုးကြွင်၊ အမိ ဒေါ်ဖွားရှင်တို့မှ ကွမ်းခြံကုန်းမြို့အပိုင် ကော့မှူးရွာတွင် ဖွားမြင်သည်။ မွေးချင်း လေးယောက်အနက် ဒုတိယမြောက်သားဖြစ်သည်။ ငယ်မည်မှာ မောင်ညွန့်ဖြစ်ပြီး ဆရာတင် (၃)နှစ်သားအရွယ်တွင် မိဘများ ရန်ကုန်မြို့ ရွှေတောင်တန်းသို့ ပြောင်းရွှေ့ကြသည်။ ဘုန်းကြီးလမ်း၊ ဒေါ်မယ်မ အလွတ်ပညာသင်ကျောင်းမှ တစ်ဆင့် စိန့်ဂျွန်းကျောင်းသို့ ပြောင်းရွှေ့ပညာသင်ကြားခဲ့သည်။ လေးတန်း အရောက် မိဘနှစ်ပါးကွယ်လွန် သွားသဖြင့် ကျောင်းဆက်မတက်နိုင်တော့ဘဲ ကော့မှူးရွာသို့ ပြန်ခဲ့ရသည်။ ရွာတွင် ဘုန်းကြီးဦးသြသကျောင်း၌ သင်္ကန်းဝတ်၍ ပရိယတ္တိစာဝါတက်ခဲ့သည်။ အသက် (၁၈)နှစ်အရွယ်တွင် လူထွက်၍ ရန်ကုန်မြို့ အစိုးရရုံးတွင် စာရေးကြီးလုပ်ရာမှ ဒီးဒုတ်ဦးဘချို၏အစီအမံဖြင့် ဘားမားရီဗျူးဂျာနယ်တွင် စာပြင်ဆရာအဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့သည်။ ၎င်းမှ ဂီတလောက သို့ ရောက်ရှိလာပြီး မူလအချစ်သီချင်းများမှ အမျိုးသားရေးသီချင်းများကို စာတင်ရလောက်အောင် ရေးဖွဲ့ခဲ့သည့်ပြင် စင်တင် ပြဇာတ်လောကတွင်လည်း ပြဇာတ်ဝိဇ္ဇာဟူသောဘွဲ့ ရရှိလောက်အောင် ထူးချွန်ခဲ့သော ပုဂ္ဂိုလ်တစ်ဦးဖြစ်ပါသည်။ နိုင်ငံတော်က အလင်္ကာကျော်စွာဘွဲ့ချီးမြှင့်ခြင်းခံရသည်။ ၁၉၇၆ ခုနှစ်၊ ဧပြီလ (၂)ရက်၊ အသက်(၇၃)နှစ်အရွယ်တွင် ကွယ်လွန်သည်။

# ရွှေတိုင်ညွန့်



ရွှေတိုင်ညွန့်သည် (၁၂၇၀)ပြည့်နှစ်၊ လူရွှင်တော်စာရေးဆရာကြီး ဦးကြင်ခဲ ၊ ဒေါ်အေးမျှင်တို့မှ ကြည့်မြင်တိုင်၊ ထီးတန်းဈေးကလေးရပ်တွင် ဖွားမြင်ခဲ့သည်။ အင်္ဂါသားဖြစ်သော်လည်း အစ်ကိုဖြစ်သူ မောင်အုန်းလှိုင်ကိုလိုက်၍ မောင်အုန်းဆိုင် ဟု မှည့်ခေါ်ခဲ့သည်။ အသက်(၁၀)နှစ်မပြည့်မီ ဂီတပညာကို လိုက်စားသင်ယူခဲ့ပြီး ဆိုင်းဆရာကြီးဦးမိုးညှင်း၏ သင်လက်ဖြင့် မောင်းဆိုင်းကို အရွယ်နှင့်မလိုက်အောင် တီးခတ်နိုင်စွမ်းရှိသူ ဖြစ်သည်။ အတန်းပညာလေးတန်းသာ အောင်မြင်ခဲ့သည်။ ဖခင်ဖြစ်သူတည်ထောင်သော အငြိမ့်တွင် ပတ္တလားတီးနှင့် တယောထိုးလိုက်ခဲ့သည်။ "ဝစနဆရာဆိုင်" အမည်ဖြင့် သီချင်းများရေးစပ်ခဲ့သည်။ ကိုလံဘီယာ ဓာတ်ပြားကုမ္ပဏီ တွင် ဝစနဆရာဆိုင်ဘဝမှ "ရွှေတိုင်ညွန့်" အမည်ပြောင်း၍ သီချင်းရေးခဲ့ရာ မိဘမေတ္တာ ဝိစိတြ၊ အောင်ဗလအလွမ်းပြေနှင့် တပ်မတော်အင်အား စသည့် နာမည်ကျော်တေး သီချင်းပေါင်းများစွာ ရေးသားသီကုံးခဲ့ရာ အထူး အောင်မြင်ကျော်ကြားခဲ့သည်။ ဂျပန်ခေတ် အစိုးရ၏ နိုင်ငံတော်စာဆိုအဖြစ် ခန့်အပ်ခြင်းခံရပြီး အသက်(၃၆)နှစ် အရွယ် ၁၃၀၆ ခု၊ တပေါင်းလဆုတ် (၁၀)ရက်နေ့တွင် ကြည့်မြင်တိုင်၊ ထီးတန်း ဈေးကလေးရပ်နေအိမ်တွင် ကွယ်လွန်ခဲ့ပေသည်။ အဆိုတော်ကိုမျိုးဆက်၊ လူရွှင်တော်တိုင်းကျော်နှင့် အဆိုတော်ထားစသည့် သားသမီး (၃)ဦး ထွန်းကားခဲ့သည်။

# မြို့မငြိမ်း



အမည်ရင်းမှာ ဦးကျော်ငြိမ်းဖြစ်သည်။

မန္တလေးမြို့ ပန်းယွန်းကုန်သည် ဦးညို၊ ဒေါ်ချင်ဦးတို့၏ သားနှစ်ယောက်အနက် သားကြီးဖြစ်သည်။ ခရစ်နှစ် ၁၉၀၉ ခု၊ မြန်မာနှစ် ၁၂၇၀ ခုနှစ်၊ တပေါင်းလဆန်း(၅)ရက်၊ တနင်္လာနေ့တွင် မန္တလေးရွှေမြို့တွင် မွေးဖွားသည်။ ငယ်စဉ်ကပင် ပန်းချီနှင့် ဂီတကို ဝါသနာ ပါခဲ့သည်။ စောင်းပညာကို ရွာစားကြီးစိန်ဗေဒါနှင့် စောင်းဦးမောင်မောင်ကြီးတို့ထံမှ ဆည်းပူးခဲ့လေသည်။ ၁၉၂၈ ခုနှစ်တွင် မြို့မတူရိယာအဖွဲ့ကို ဖွဲ့စည်းတည်ထောင်ခဲ့ရာ ဦးဆောင်ဖွဲ့စည်းသူ အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့သည်။ ထိုအဖွဲ့သားအဖြစ်ဖြင့် အနောက်နိုင်ငံတူရိယာတီးနည်းနှင့် တူရိယာသင်္ကေတပညာကို သင်ယူခဲ့သည်။ ၁၉၃၁ ခုနှစ်မှစ၍ သီချင်းများကိုရေးစပ်ရာ မြို့မငြိမ်းဆိုသော ဂီတစာဆိုအမည်ကို ခံယူခဲ့လေသည်။ ထင်ရှားသောတေးသီချင်းများဖြစ်သည့် ချစ်တာပမာန၊ နှစ်ယောက်တည်းနေချင်တယ်၊ နတ်ရှင်နောင်၊ ပျို့မှာတမ်း၊ သက်ဝေ၊ စစ်ကိုင်းတောင်၊ မဲဇာရွှေလီ၊ ပါရမီတော် အပါအဝင် မြို့မငြိမ်းရေးခဲ့သော သီချင်းပေါင်း (၂၀၀)ခန့် ရှိသည်။ သီချင်းရေးအတတ်ပညာတွင် သာမဟုတ် ပန်းချီ၊ ပန်းပု ပညာရပ်တွင်လည်း ပါသနာထုံလှသဖြင့် အလွန်ပင်လက်ရာ မြောက်ခဲ့လေသည်။ အသက်(၂၂)နှစ်တွင် မသန်းမေနှင့် အိမ်ထောင်ကျသည်။ သားသမီး(၁၃)ယောက် ထွန်းကားခဲ့သည်။

ဆရာမြို့မငြိမ်းသည် ရှေးသီချင်းများကို မှုမှန်သတ်မှတ်ရေး အထက်မြန်မာပြည် ကော်မတီအဖွဲ့ဝင်တစ်ဦးဖြင့် လည်းကောင်း၊ မန္တလေးရုပ်ရှင်ကုမ္ပဏီတွင် ဂီတဘက်ဆိုင်ရာ ဒါရိုက်တာအဖြစ်လည်းကောင်း ဆောင်ရွက်နေစဉ် ၁၉၅၅ ခုနှစ် စက်တင်ဘာ (၁၅)ရက် နေ့တွင်ကွယ်လွန်သည်။

**ရည်ညွှန်းချက်**

မြန်မာ့စွယ်စုံကျမ်း ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်



## ဆရာတောက်

ဆရာတောက်အား အဖဦးသော့၊ အမိဒေါ်ဖော့တို့မှ ၁၂၆၁ ခုနှစ် ၊ ဝါဆို လပြည့် ၊ ဗုဒ္ဓဟူးနေ့တွင် မြန်အောင်မြို့ ၊ ဆယ်ရွာတွင်ဖွားမြင်သည် ။

ဆရာတောက်သည် မွေးချင်းသားသမီးခြောက်ယောက်အနက် ဒုတိယသားဖြစ်သည်။ နာမည်ကျော်မင်းသားကိုတောက် လွန်စွာခေတ်စားနေချိန်ဖြစ်၍ အဆိုပါအမည်ကို အစွဲပြု၍ မောင်တောက်ဟု အမည်မှည့်ခေါ်ခဲ့သည်။ သံဖြူအတတ်၊ ပန်းထိမ်အတတ်တို့ သင်ကြားခဲ့ရာမှ ဆိုင်းပညာကို ပခုက္ကူဆရာဦးအုန်းဖေညွန့်၊ မြန်အောင်မြို့ အနီးမှ ဦးသန်း၊ ဦးကြင်၊ ပဲခူးမြို့မှ ဆိုင်းဆရာဦးချစ်လှတို့ထံတွင် လေ့လာ ဆည်းပူးခဲ့ရပြန်သည်။ ဆိုင်းပညာသင်ကြားရာတွင် ရှေးရိုးစနစ်အတိုင်း ပတ္တလား တီးခတ်နည်းကိုပါ ပူးတွဲသင်ကြားခဲ့ရပေသည်။ ၎င်းမှ စန္ဒရားဦးသိန်းဖေထံမှ စန္ဒရားတီးနည်းကို သင်ယူခဲ့ပြီး မြန်မာအဆွေရုပ်ရှင်ကုမ္ပဏီမှ ရိုက်ကူးသော ''တောင်မြို့င်စွန်းက လွမ်းအောင်ဖန်'' ဇာတ်ကားတွင် စန္ဒရားစတင်တီးခဲ့ရသည်။ ရုပ်ရှင်တေးများအား စန္ဒရားဖြင့် အသံသွင်းခဲ့ပြီး တေးရေးခြင်းအတတ်ကို လှည်းတန်းဦးလူလေးထံမှ သင်ယူခဲ့သည်။ ဆရာတောက်ရေးသားခဲ့သော သီချင်းများအနက် ''နိဗ္ဗာသေမင်''၊ ''စိတ်'' နှင့် ''ဥပေါသထ'' သီချင်းများသည် ထင်ရှားသော ခေတ်ပြားတေးများဖြစ်သည်။

စစ်ပြီးခေတ်တွင် ကံဘဲ့ဆရာအတတ်သင်ကျောင်း၌ ဂီတနည်းပြအဖြစ်မှ အငြိမ်းစားယူပြီးနောက် မြန်မာ့အသံ သီချင်းကြီးစိစစ်ရေးအဖွဲ့ဝင်အဖြစ်နှင့် ဂီတအကြံပေးပုဂ္ဂိုလ်အဖြစ်ဆောင်ရွက်ခဲ့သည်။ ၁၉၇၈ ခုနှစ်၊ အသက်(၇၉)နှစ်အရွယ်တွင်ကွယ်လွန်ခဲ့သည်။

**ရည်ညွှန်းချက်**

မြန်မာတူရိယာဂီတပညာကျော်များ (ပန်တျာမြင့်အောင်)

စာပေဗိမာန်စာအုပ်တိုက် ၁၆-၇-၆၂

## ရွှေပြည်အေး



၁၉၀၉ ခုနှစ်၊ဖေဖော်ဝါရီလ(၁၃)ရက်တွင်မွေးဖွားသည် ၊ ရန်ကုန်အရှေ့ပိုင်း၄၃လမ်းဇာတိ ဖြစ်သည်။ ဦးနု၊ ဒေါ်လှိုင်တို့၏ သားသမီး(၅)ယောက်အနက် စတုတ္ထမြောက်သားဖြစ်သည်။ ငယ်မည်မှာ မောင်တင်မောင်အေးဖြစ်သည်။ ငယ်စဉ်ကပင် ငါးနှစ်သားအရွယ်မှစ၍ စည်းဝါးအတတ်ကို ဦးလေးတော်သူ စောင်းဆရာကြီးထံမှ သင်ယူတတ်မြောက်ခဲ့သည်။ (၈)နှစ်သားအရွယ်တွင် သီချင်းကြီး၊ သီချင်းခံမှ စောင်းပညာနှင့် ကြိုးတပ်တူရိယာများကို စတင်သင်ကြားခဲ့သည်။ ဆရာမိဘများအားပေးမှုနှင့် သူ၏ပါရမီရင့်သန်မှုကြောင့် စန္ဒရားအတီးပညာကို ဆယ့်နှစ်နှစ်သားတွင် ကောင်းစွာတတ်မြောက်ခဲ့ပါသည်။

စိန်ဂျွန်းကျောင်းတွင် (၇)တန်းအထိ ပညာသင်ကြားခွင့်ရခဲ့လေသည်။ ၁၉၁၉ ခုနှစ်တွင် ပုသိမ်မြို့ ဝိုင်အမ်ဘီအေ ကွန်ဖရင့်တွင် စောင်းဆရာငြိမ်းနှင့် တွဲဖက်၍ သီချင်းသီဆိုရာ ရွှေတံဆိပ်ဆုချီးမြှင့်ခြင်းခံရလေသည်။ (၁၁)နှစ်သားအရွယ်တွင် သီပေါစော်ဘွားကြီးဆာစောချယ်၊ မင်းပေါင်းစုံ "ဒါဘာပွဲ"၌ အတိုင်းမသိဘွဲ့ကို သီဆိုရာရွှေဒင်္ဂါး(၄)ပြားဆုကို ရရှိခဲ့သည်။ စော်ဘွားကြီး၏ သားတော်အထွေးအရာကို ချီးမြှောက်ခြင်းခံခဲ့ရလေသည်။ စစ်ကြိုခေတ်မှစ၍ နောက်ခံတေးများကို ရေးသားခဲ့သည်။ ၁၉၄၀ ခုနှစ်တွင် စတင်အသံလွှင့်လာခဲ့ပေသည်။ ဂျပန်ခေတ်လွင်လွင်ရုံတွင် ဒါရိုက်တာဆရာခန့်နှင့် တွဲဖက်၍ "ဤစစ်ကြီးမှာ" ပြဇာတ်ဖြင့်

ပြဇာတ်လောကသို့ စတင်ဝင်ရောက်ပြီး မြိုင်ရုံနှင့် အောင်မင်္ဂလာရုံများတွင် လွှမ်းငွေ့ဝေဝေပြဇာတ်အား ကိုယ်တိုင် ဒါရိုက်တာအဖြစ် ဆောင်ရွက်တင်ဆက်ခဲ့သည်။ "မြိုင်" ပြဇာတ်အဖွဲ့တွင် သီချင်းရေးစပ်ခြင်းနှင့် တေးဂီတတာဝန်ခံအဖြစ် ဂျပန်ခေတ်တစ်ခေတ်လုံး ဆောင်ရွက်ခဲ့ပေသည်။

၁၉၅၁ ခုနှစ်တွင် ဆရာရွှေပြည်အေးသည် ဗြိတိသျှဘားမားရုပ်ရှင်ကုမ္ပဏီတွင် ဂီတမှူးအဖြစ် လခစားဝင်ရောက်တာဝန်ယူရလေသည်။


၁၉၅၄ ခုနှစ်တွင် မြန်မာ့ယဉ်ကျေးမှုကို ထုတ်ဖော်ရေးသားခဲ့သည့်အတွက် ဆရာရွှေပြည်အေးအား နိုင်ငံတော်မှ "အလင်္ကာကျော်စွာ" ဘွဲ့ကို ချီးမြှင့်ခဲ့သည်။

ရေးသားသမျှသီချင်းများတွင် ချစ်မိုးစွေ၊ ကဥ္စနာ၊ နန်းကေသီ စသောခေတ်ဟောင်းသီချင်းများနှင့် စစ်ပြီးခေတ်တွင် ကျေးစေတမန်နှင့် မိုး အစရှိသောသီချင်းများ အထူးအောင်မြင်ကျော်ကြားခဲ့သည်။ ၁၉၇၇ ခုနှစ်၊ အောက်တိုဘာလ (၄)ရက်၊ အသက်(၆၉)နှစ်အရွယ်တွင် ကွယ်လွန်သည်။

**ရည်ညွှန်းချက်**

အခြေခံဆိုရေးတီးပညာနှင့်ခေတ်သုံးခေတ်တေးဂီတသမိုင်း – စန္ဒရားလှမိုး

# စောင်းဦးဘသန်း



စောင်းဦးဘသန်းအား ၁၂၇၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၃)ရက် ၊ သာယာဝတီခရိုင်၊ အုတ်ဖိုမြို့နယ် မိုးညိုတန်းတွင် အဘ မင်းလှ မြို့နယ်ပိုင် ရုံးစာရေးဦးငယ်၊ အမိ ဒေါ်ဖွားမိုတို့မှ မွေးဖွားခဲ့သည်။ မွေးချင်း (၅)ယောက်အနက် ဒုတိယမြောက်သားဖြစ်သည်။ ဖခင်က ဂီတဝါသနာပါသည့် အလျောက် အုတ်ဖိုမြို့မှ ဆိုင်းဆရာဦးဖိုးချစ်၊ ဦးဖိုးကြဲတို့ထံတွင် ပတ္တလားမှစ၍ ဆိုင်းဝိုင်းပညာသင်ယူခဲ့ရသည်။ လက်ထောက်ပတ်တီးဘဝ၊ ငယ်ရွယ်စဉ်ကပင် ပေါင်းတည်မြို့မှ ဆရာရှင်းထံမှ စောင်းပညာကို ဖခင်ဖြစ်သူ၏ အစီအမံဖြင့် သင်ယူခဲ့ရလေသည်။ ဦးဘသန်း၏ ဂီတဆရာများမှာ ဆရာရှင်း၊ စာသင်ဦးဘအုန်း၊ စောင်းဦးအောင်လှ၊ ဆရာဦးကြည်တို့ဖြစ်သည်။ အဆိုပညာကို ကြည့်မြင်တိုင် ဆရာဦးဖိုးလှကြီးနှင့် ဆရာမြစ်ကြီးတို့ထံမှလည်းကောင်း၊ သင်္ကေတရေးနည်းကို စန္ဒရားဆရာဒီဇူဇာနှင့် ကရင်ဆရာမကြီးမစွက်စိန်ငွေးတို့ထံမှလည်းကောင်း သင်ယူခဲ့လေသည်။ ဦးဘသန်းသည် ဂီတ၊ အငြိမ့်နှင့် ဇာတ်သဘင်လောက များတွင် ကျင်လည်ခဲ့ရာမှ စစ်ကြိုခေတ်ပန်းချီနှင့် တူရိယာကျောင်းတွင် တူရိယာ သင်တန်း နည်းပြဆရာအဖြစ် ခန့်အပ်ခြင်းခံရသည်။ လွတ်လပ်ရေးရပြီးနောက် ကိုယ်ပိုင်တူရိယာကျောင်း၊ ကိုယ်ပိုင်စန္ဒရား၊ အငြိမ့်များတည်ထောင်ခဲ့ပြီး ဆရာအတတ်သင်သိပ္ပံ ဂီတကထိက၊ ၎င်းမှ ယဉ်ကျေးမှုဌာနအထက်တန်းအရာရှိ အဖြစ် လုပ်ကိုင်ဆောင်ရွက်ခဲ့ပေသည်။

ယဉ်ကျေးမှုဝန်ကြီးဌာနတွင် တာဝန်ပေးချက်အရ ရွှေပြည်ဦးဘတင်၊ ဆရာဘလေး၊ ဦးချစ်မောင်၊ ဦးဟန်ပ၊ ဒေါ်စောမြအေးကြည်၊ ဒေါ်ဒေလီညွန့်၊

ဦးဝန်(မင်းသုဝဏ်)၊ ဦးသိန်းဟန်(ဇော်ဂျီ)၊ ဒေါ်တင်အုန်း၊ မန္တလေးဦးကျော်၊ သံလျင်ဦးမြဦးတို့နှင့်အတူ မဟာဂီတသင်ရိုး သီချင်းကြီးများကို ပန်တျာမှုမှန်ပြုစုခဲ့သည်၊ အခြေခံကြိုးသီချင်း(၁၃)ပုဒ်ကို ဂီတသင်္ကေတဖြင့်ပြုစုခဲ့ပြီး ယဉ်ကျေးမှုဝန်ကြီးဌာန မှစာအုပ်(အတွဲ-၃ တွဲ) ထုတ်ဝေခဲ့သည်၊ အနုပညာ ဖလှယ်ရေးအစီအစဉ်အရ ၁၉၅၂ ခုနှစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့လည်းကောင်း၊ ၁၉၅၄ ခုနှစ်တွင် ယိုးဒယားနိုင်ငံသို့လည်းကောင်း၊ ၁၉၅၅ ခုနှစ်တွင် ဒုတိယအကြိမ် တရုတ်ပြည်သူ့ သမ္မတနိုင်ငံသို့လည်းကောင်း၊ ၁၉၅၆ ခုနှစ်တွင် အိန္ဒိယ၊ ဆိုဗီယက်၊ ယူဂိုဆလပ်၊ ဂျာမဏီ၊ ချက်ကိုဆလိုဗက်ကီးယားနှင့် ပိုလန်နိုင်ငံများသို့ သွားရောက်ခဲ့ပါသည်၊ ၁၉၈၇ ခုနှစ် ဇွန်လ (၆)ရက်နေ့၊ အသက်(၈၀)အရွယ်တွင် ကွယ်လွန်သည်။

**ရည်ညွှန်းချက်**

မြန်မာတူရိယာဂီတပညာကျော်များ (ပန်တျာမြင့်အောင်)

စာပေဗိမာန်စာအုပ်တိုက် ၁၆-၇-၆၂

# သဟာ့ယဆရာတင်



သဟာ့ယဆရာတင်သည် ၁၉၁၀ခုနှစ်တွင် မွေးဖွားသည်။ ငယ်မည် မောင်တင် ဖြစ်သည်။ ပြည်မြို့ ဇာတိဖြစ်ပြီး ပွဲစားကြီး ဦးဘိုးလူ နှင့် ဒေါ်ဒေါ်အုံးတို့၏ သားသမီး ခြောက်ယောက်အနက် တတိယမြောက်သားဖြစ်သည်။ ပြည်မြို့ အစိုးရအထက်တန်းကျောင်းတွင် (၇)တန်း အောင်မြင်ပြီး ရန်ကုန်မြို့ အင်္ဂလိပ်မက်သဒစ်ကျောင်းတွင် ဆက်လက်ပညာဆည်းပူးခဲ့သည်။

သဟာ့ယမောင်တင်အမည်ဖြင့် ယူနီဗာစီတီမြသန်းကြည် ၊ ချင်းမလေး အောင်စိန်၊ တက္ကသိုလ် ပြည်သိမ်းတင်စသည့် နာမည်ကြီး အငြိမ့်မင်းသမီးများအတွက် အငြိမ့်သီချင်းများ စတင်ရေးသားခဲ့သည်။

နာမည်ရလာသဖြင့် ခွေးတံဆိပ် ဓာတ်ပြားကုမ္ပဏီနှင့် ကိုလံဘီယာဓာတ်ပြား ကုမ္ပဏီတို့အတွက် သီချင်းပုဒ်ရေ (၅၀)ကျော် ရေး၍ ဓာတ်ပြားသွင်းခဲ့ရသည်။

ထို့နောက် အေဝမ်းရုပ်ရှင်ကုမ္ပဏီတွင် လခစားဝင်ရောက်လုပ်ကိုင်ပြီး ကြယ်တာရာ ၊ စိမ်းရွှေရွှေ ၊ တောင်ညိုညို ၊ ဖူး ၊ ခွေးညီနောင် စသည့် အသံတိတ်ရုပ်ရှင်ကားများအတွက် နောက်ခံတေးသီချင်းများ ရေးသားခဲ့သည်။ အသံထွက်ရုပ်ရှင်ခေတ်ရောက်သည့်အခါ အေဝမ်းရုပ်ရှင်ကုမ္ပဏီကရိုက်ကူးသော ချစ်စနိုး၊ မြားနတ်မောင်၊ တစ်လိမ်နှစ်လိမ်၊ ချစ်ရေစင်၊ ချစ်အမျှ၊ စောင်းတော်ရှင် ဓာတ်ကားများအတွက် ဓာတ်ဝင် တေးသီချင်းများ တာဝန်ယူရေးခဲ့ရသည်။

အဝေးရုပ်ရှင်မှ သဘင်ဝန်ခတ်ပြားများ ထုတ်လုပ်ခဲ့ရာ၌ သဟာယဆရာတင်၏ သီချင်းအပုဒ် (၃၀)ကျော် ခတ်ပြားသွင်းခဲ့ရသည်။

သဟာယဆရာတင် သီချင်းများတွင် မလှရွှေ၏ စန္ဒကိန္နရီ၊ မေရှင်၏ အောင်ခြင်းရှစ်ပါး ၊ ရွှေပြောင်ပြောင်၊ ချစ်ရေစင်၊ ချစ်ပွဲဝင်၊ မဲဇာမြိုင်၊ ရေးဘုရင်၊ ပြည်လှဖေ၏ ဂုဏ်မြင့်သူ၊ ဖုတ်သွင်းရထား၊ မောင်တင်မောင်၏ ဘုန်းမောင့်သက်လှယ်၊ မေမြင့်၏ ကလေးစိတ်၊ တင်တင်အေး၏ ပျို့ဆုတောင်း စသည့် သီချင်းများမှာ ကျော်ကြားသည်။

၁၉၄၈ ခုနှစ် အသက်(၃၈)နှစ်တွင် ကွယ်လွန်သည်။ သဟာယဆရာတင် ကွယ်လွန်သောအခါ ဇနီး ဒေါ်သောင်း၊ သားမောင်ခင်ညွန့်၊ မောင်ထွန်းမြင့်၊ သမီးမာချို နှင့် မာ တို့ကျန်ရစ်ခဲ့သည်။

## ဦးချင်းစိန် (ရွှေညာမောင်)



အလက်ာကျော်စွာဦးချင်းစိန်ကို မန္တလေးတိုင်း ညောင်ဦးမြို့တွင် အဖ အထက်တန်းရှေ့နေဦးဘိုးကြွင်း အမိ ဒေါ်စောမြိုင်တို့က ၁၉၁၀ ပြည့်နှစ် ဩဂုတ်လ (၈) ရက်နေ့တွင် မွေးဖွားသည်။ညောင်ဦးမြို့ အေဘီအမ်သာသနာပြုအလယ်တန်းကျောင်း၊မြင်းခြံမြို့ အေဘီအမ်သာသနာပြုအထက်တန်းကျောင်းနှင့် ရန်ကုန်ယူနီဗာစီတီကျောင်း (ရန်ကုန်တက္ကသိုလ်)တွင် အိုင်အေအထိ ပညာသင်ကြား ခဲ့သည်။

၁၉၃၁ ခုနှစ်တွင် ညောင်ဦးမြို့၌ ညကျောင်းဖွင့်၍ အင်္ဂလိပ်စာပြခဲ့သည်။ ၁၉၃၃-၄၂ ခုနှစ်၌ ရန်ကုန်မြို့ အေဝမ်းဖလင်ကုမ္ပဏီနှင့် ဆက်သွယ်မိပြီးရုပ်ရှင် ဇာတ်ရုံဇာတ်ပို့သရုပ်ဆောင်အဖြစ် ပါဝင်ခဲ့သည်။ ထို့နောက် ကြင်သက်ဝေရုပ်ရှင် ဇာတ်ကားကို ဒါရိုက်တာရွှေညာမောင် အမည်ခံလျက် ကိုယ်တိုင်ဇာတ်ညွှန်းရေး၍ ပထမဆုံးရိုက်ကူးခဲ့ရာ အောင်မြင်ခဲ့သည်။

ဦးချင်းစိန်သည် ဒဂုန်မဂ္ဂဇင်းအဖွဲ့ဝင် စာရေးဆရာ၊ အယ်ဒီတာတစ်ဦး လည်းဖြစ်သည်။ ထို့ပြင် ရန်ကုန်မြို့ လူငယ်များကြီးပွားရေးအသင်း အကျိုးဆောင် အဖြစ် လုပ်ကိုင်ရင်း အင်္ဂလိပ်နယ်ချဲ့အစိုးရကို ဆန့်ကျင်ဆန္ဒပြသော ၁၃၀၀ပြည့် အထွေထွေ သပိတ်ကြီးတွင်လည်း ပါဝင်ခဲ့သူဖြစ်သည်။

၁၉၄၂-၄၈ ခုနှစ် အစိုးရဌာနတွင် ရုပ်ရှင်အထူးအရာရှိ ဖြစ်လာသည်။ ထိုမှ ဗမာ့ခေတ် သတင်းစာတိုက်တွင် မန်နေဂျာအဖြစ် ပြောင်းရွှေ့လုပ်ကိုင်နေစဉ်

ဗမာ့တပ်မတော်မှ ပြန်လည် ခေါ်ယူသောကြောင့် ပြည်သူ့ဆက်ဆံရေးဌာန၊ ဌာနခွဲမှူး ဗိုလ်ကြီးအဖြစ် တာဝန် ထမ်းဆောင်ခဲ့သည်။

ဦးချင်းစိန်သည်အထောက်တော်၊ချစ်ရဲဘော်၊ချစ်မမ၊ကေလာသနှင့် မြဟောဝန် ကိုယ့်ရင်သွေး၊ ဗိုလ်မြဒင်၊ ကောလိပ်ဂျင်ဇာတ်ကားများကို ဒါရိုက်တာအဖြစ် ရိုက်ကူးခဲ့သည်။

ဦးချင်းစိန်သည် ကိုယ့်ရင်သွေး ဇာတ်ကားဖြင့် အကောင်းဆုံးဒါရိုက်တာဆုကို ၁၉၅၅ ခုနှစ်တွင် ရရှိခဲ့သည်။

ဦးချင်းစိန်သည် ခေတ်ဆန်းချိန်၊ အာဇာနည်၊ ချစ်ရဲဘော် စသော တိုင်းပြည်ပြု သီချင်းများနှင့် ရွှေပုပ္ပါး၊ ရှုတိုင်းယဉ်၊ ချစ်ချင်တယ် စသောသီချင်းများကို ကိုယ်တိုင်ရေးသားသီဆိုခဲ့သည်။ ၁၉၅၂ခုနှစ်တွင် ဆိုဗီယက်နိုင်ငံသို့ သွားရောက် ခဲ့သည်။ ၁၉၅၈ ခုနှစ်တွင် အလင်္ကာကျော်စွာဘွဲ့ရရှိသည်။

ဦးချင်းစိန်သည် ၁၉၈၅ ခုနှစ်၊ နိုဝင်ဘာလ (၃)ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ဇနီးဒေါ်မြသိန်းနှင့် သားသမီး နှစ်ယောက် ကျန်ရစ်သည်။

**ရည်ညွှန်းချက်**

မြန်မာ့စွယ်စုံကျမ်း

Encyclopedia Myanmar 1998-1999

# တက္ကသိုလ်စိုး



အမည်ရင်းမှာ ဦးလှစိုးဖြစ်သည်။ခေတ်ဟောင်း တေးလောကတွင် မေရှင်၏ ''မယ်ခုမျှော်''၊ အေဝမ်း ဦးတင်မောင်၏ ''ဖွတ်ချစ်မယ်''၊ မေနု၏ ''အုံးစက်ရာ''၊ ပြည်လှဖေ၏ ''ခုံးမျက်စ'' စသည့်တေးများဖြင့် နာမည်ကျော်ကြားလာသော ဂီတစာဆိုရှင် လက်ဟောင်းကြီး တစ်ဦးဖြစ်သည်။

ရန်ကုန်မြို့ ကြက်တံဆိပ်ဘိလပ်ရည်ပိုင်ရှင် ဦးညိမ်းမောင်၊ ဒေါ်အုံးသင် တို့၏ တစ်ဦးတည်းသောသားဖြစ်သည်။ ဂီတပညာကို အလင်္ကာကျော်စွာ ဆရာ ရွှေပြည်အေးထံတွင် သင်ယူခဲ့ပြီး ဆရာကြီးရွှေဂုန်မောင်ထံမှ သီချင်းရေးပညာကို သင်ကြားလာခဲ့သည်။ ကူရှင်ကျောင်း အထက်တန်းကျောင်းသားဘဝမှာပင် ''ကူရှင်စိုး''အမည်ဖြင့် ပြဇာတ်၊ ကဇာတ်များကို ရေ့ဆောင်ပြီး သီချင်းများရေးသား ပေးခြင်းဖြင့်လည်းကောင်း၊ ဂီတတာဝန်ခံအဖြစ်လည်းကောင်း ကျော်ကြားလာခဲ့ သူဖြစ်၏။ ၁၉၃၃ ခုနှစ်တွင် ရွှေတံဆိပ်ဓာတ်ပြားကုမ္ပဏီတွင် တေးအပိုဒ်(၂၀) ကျော်မျှ တာဝန်ယူ၍ ဓာတ်ပြားသွင်း ရေးသားခဲ့သည်။ စစ်ကြိုခေတ်မှအစပြု၍ တက္ကသိုလ်ရောက်ခဲ့၏။ ၁၉၃၉ ခုနှစ်တွင် တက္ကသိုလ်စိုးအမည်ဖြင့် အေဝမ်း ကုမ္ပဏီတွင် ဂီတစာဆိုအဖြစ်နှင့် တာဝန်ထမ်းဆောင်ခဲ့သည်။ စစ်ပြီးချိန်ကာလတွင် စာရင်းစစ်ရုံး (အေ-ဂျီ)တွင် (၁၀)နှစ်ကျော်မျှ အမှုထမ်းခဲ့သေးသည်။ စစ်ကြို ခေတ်ထက် စစ်ပြီးခေတ်တွင် အလွန်ကျော်ကြားခဲ့သော စာဆိုရှင်တစ်ဦးဖြစ်ခဲ့၏။

ဆရာတက္ကသိုလ်စိုး၏ တေးများကြောင့် ကျော်ကြားလာသူများမှာ ကိုမြကြီး၊ ကိုစိုးအောင်၊ မာမာဝေ၊ ကိုစိုးသန်း၊ ဒဂုန်ခင်နှင့် အခြားအဆိုတော်များ ဖြစ်လေသည်။ ရန်ကုန်တက္ကသိုလ်တွင် ဝိဇ္ဇာတန်းအထိ ပညာသင်ကြားခဲ့လေသည်။ တစ်ချိန်က အောင်သုခရုပ်ရှင်တွင် ကိုယ်ပိုင်ဂီတမှူး၊ ကိုယ်တိုင်ဒါရိုက်တာအဖြစ်နှင့် "တုရိယာလုံမေ" တေးဂီတပြဇာတ်ကို ထူးခြားစွာတင်ဆက်ခဲ့လေသည်။

**ရည်ညွှန်းချက်**

အခြေခံဆိုရေးတီးပညာနှင့်ခေတ်သုံးခေတ်တေးဂီတသမိုင်း – စန္ဒရားလှမိုး

# ဆရာမြိုင်

ဆရာမြိုင်သည် မြန်မာသက္ကရာဇ် ၁၂၄၆ ခုနှစ်တွင် မွေးဖွားသည်။

ငယ်စဉ်က စိန်ဗေဒါကြီး၏အကိုဆရာစိမ့်ထံတွင် ဂီတပညာဆည်းပူးခဲ့သည်။

မူလက နဲ့ဆရာဖြစ်သည်။ ကျန်းမာရေးအခြေအနေကြောင့် စန္ဒရားဆရာအဖြစ် ကူးပြောင်းအသက်မွေးဝမ်းကျောင်းပြုခဲ့သည်။ အသံတိတ်ရုပ်ရှင်ခေတ်ဦးတွင် ဗြိတိသျှဘားမားရုပ်ရှင်ကုမ္ပဏီတီးဝိုင်းခေါင်းဆောင်အဖြစ် တာဝန်ယူခဲ့သည်။

နတ် နန်းဝေယန်အစချီ ဥက္ကလာပမြို့ဖွဲ့သီချင်းကို ၁၂၈၅ ခုနှစ်က ရေးသားခဲ့သည်။ ဆရာမြိုင်သည် မြန်မာ့ဂီတလောကအတွက် အဖိုးတန်လှသည့် ရွှေနန်းထွက် မဟာဂီတကျမ်းကြီးကို ပြုစုခဲ့သူလည်းဖြစ်သည်။

အသက်(၄၀)နှစ်အရွယ်တွင် ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မှ ဆေးလိပ်ခုံပိုင်ရှင် ဒေါ်ဖွားခိုနှင့် အိမ်ထောင်ကျသည်။

၁၂၉၆ ခုနှစ်တွင် ကွယ်လွန်သည်။

ဆရာမြိုင်နှစ်ဦးရှိသည်။ ရွှေနန်းထွက်မဟာဂီတကျမ်းနှင့် ဥက္ကလာပမြို့ဖွဲ့သီချင်းရေးသားသူ စန္ဒရားဆရာမြိုင်အား ဆရာမြိုင်ကြီးဟုလည်းကောင်း၊ နောက်ပိုင်း ရန်ကုန်ဓာတ်ပြားလောကတွင် ထင်ရှားလာသူ ပဲခူးမြို့မှ စန္ဒရားဆရာမြိုင်အား ဆရာမြိုင်ကလေးဟုလည်းကောင်း ခွဲခြားခေါ်ဝေါ်ကြသည်။

## အလင်္ကာကျော်စွာစိန်ဝေလျှံ



ရွှေဘိုခရိုင်၊ ဒီပဲယင်းမြို့အပိုင်၊ ရင်းဆေးရွာနေ ဦးပေါ ၊ ဒေါ်တုတ်တို့၏ သားသမီးခြောက်ယောက် အနက်မှ စတုတ္ထမြောက်သားတစ်ဦးဖြစ်သည်။ ငယ်စဉ် (၆)နှစ်သားမှအစပြု၍ ရန်ကုန်မြို့ ပုသိမ်ညွှန့်၊ ဝိဇယာမကျောင်းတိုက် ဆရာတော် ဦးသုမနနှင့် သရက်တောကျောင်းတိုက် ကျောက်ပန်းတောင်းဆရာတော်ကြီးတို့ ထံတွင် ကိုးနှစ်တာကာလပတ်လုံး ရှင်သာမဏေဘဝဖြင့် တပည့်ခံခဲ့ပေသည်။ ခေတ်ပညာကိုလည်း ကိုးတန်းအထိသင်ကြားဖူးသည်။ ဆရာစိန်ဝေလျှံသည် ဂီတပညာကို တယောဦးဘရီ၊ တယောဦးဘတူတို့ထံတွင် သင်ကြားခဲ့ပြီး သီချင်းရေးသားခြင်းပညာကို အရှေ့ပိုင်းဆရာချစ်ထံတွင် ဆည်းပူးခဲ့သည်။ (၁၉)နှစ်သားတွင် ခွေးတံဆိပ်ဓာတ်ပြားကုမ္ပဏီတွင် ဂီတမှူးအဖြစ် သုံးနှစ်တာမျှတာဝန်ယူ ဆောင်ရွက်ခဲ့ပေသည်။ အဆိုတော် စိန်ပွန်းခင်မေနှင့် အိမ်ထောင်ပြုသည်။ စိန်မဟာသဘင်တွင် သီချင်းရေးဆရာအဖြစ်၊ ရှေ့ပိုင်းမင်းသားအဖြစ် သိပ္ပံမြိုင်နှင့်တွဲကာ ရှစ်နှစ်တာမျှ ကပြခဲ့ဖူးလေသည်။ သိမ်ချောင်းသူ ဒေါ်လှကြည်နှင့် အိမ်ထောင်သစ်ထူကာ သားသမီးနှစ်ယောက် ထွန်းကားလေသည်။ ၁၉၅၆ ခုနှစ်တွင် ယဉ်ကျေးမှုဌာန၌ တာဝန်ခံအရာရှိအဖြစ်ဖြင့် တရုတ်ပြည်၊ ရုရှားပြည်၊ ချက်ကိုစလိုဗေးကီးယားပြည်တို့ကို ခရီးလှည့်ရပြီးနောက် "အလင်္ကာကျော်စွာ" ဘွဲ့ချီးမြှင့်ခြင်းခံရသည်။ အစိုးရဌာနမှ ပင်စင်ယူပြီး ရုပ်ရှင်ကုမ္ပဏီများနှင့်

တက်တိုးဓာတ်ပြားကုမ္ပဏီတွင်ကန်ထရိုက်ယူ၍ တေးဂီတများကိုထုတ်လုပ်ခဲ့သည်။

ဆရာစိန်ဝေလျှံ၏ ဆရာအရင်းများမှာ ဘုရားဒကာကြီးဦးဖိုးစိန်၊ ကောလိပ်စိန် ၊ ရွှေမန်းစင်တော်ဆရာကြည် ၊ စာရေးဆရာကြီးဆရာသောင်း ၊ ဆရာအောင် ၊ ဆရာဘကြီး(မန်း) ၊ ဆရာဘကလေး(အလင်္ကာကျော်စွာ ၊ မန်း)၊ စန္ဒရားဆရာညွန့်ကြီး၊ ဦးစံဝင်း(မန်းကုန်ရုံဝန်ထောက်)၊ ရှာစားကြီးဦးဘမောင် (အလင်္ကာကျော်စွာ)၊ နှဲဦးဖိုးကာ၊ ဦးဟန်ပ(အလင်္ကာကျော်စွာ)၊ ဆရာရွှေပြည်အေး (အလင်္ကာကျော်စွာ)၊ စန္ဒရားဆရာမြင့်၊ ဒေါ်စောမြအေးကြည်(အလင်္ကာကျော်စွာ) နှင့် စောင်းဆရာငြိမ်းတို့ ဖြစ်ကြသည်။ စန္ဒရားအေဝမ်းခင်မောင်ထံတွင် ရုပ်ရှင်စန္ဒရား တီးပညာကို သင်ကြားခဲ့သည်။ ၁၉၇၄ခုနှစ်၊ ဇွန်လ (၂၁)ရက်နေ့၊အသက် (၆၁)နှစ် တွင်ကွယ်လွန်သည်။

ရည်ညွှန်းချက်

အခြေခံဆိုရေးတီးပညာနှင့်ခေတ်သုံးခေတ်တေးဂီတသမိုင်း – စန္ဒရားလှမိုး

# ဝဏ္ဏကျော်ထင်ရန်နိုင်စိန်

အမည်ရင်းမှာ ဦးခင်မောင်စိန်ဖြစ်သည်။ မြန်မာသက္ကရာဇ် ၁၂၈၁ ခုနှစ်တွင် ဖွားမြင်သည်။ ဦးရန်နိုင်စိန်သည် ရေးမိ၊ နောက်မိ ဂီတစာဆိုတော်ကြီးတစ်ဦး ဖြစ်သည်။ မွေးဖွားဇာတိမှာ ရန်ကုန်တိုင်း၊ ထန်းတပင်မြို့နယ်၊ သစ်ဆိပ်ရွာဖြစ်ပြီး အဖဦးချစ်၊ အမိဒေါ်မှန်တို့၏ သားသမီးများအနက် အထွေးဆုံးသားဖြစ်သည်။

ရန်ကုန်မြို့ မက်သဒစ်ကျောင်းတွင် ပညာသင်ကြားခဲ့သည်။ ဝိုင်အမ်ဘီအေ တေးဂီတပြိုင်ပွဲတွင် ဘင်ဂျိုနှင့်မယ်ဒလင်အတီး၌ ပထမဆုရရှိခဲ့သည်။ ကျောင်းသား အရွယ်မှအစပြု၍ ဂီတပညာတွင် ထူးချွန်လှသဖြင့် အေဝမ်းကုမ္ပဏီမှ ခေါ်ယူပြီး အလုပ်ခန့်ခြင်းခံခဲ့ရသည်။

စွယ်စုံပညာရှင်ကြီးဖြစ်သည့်အပြင် အမျိုးသားစိတ်ဓာတ်အလွန်ပြင်းထန်သူ တစ်ဦးအဖြစ်သိရှိရပါသည်။ တေးများမှာ များသောအားဖြင့် အမျိုးသားရေးတေး များဖြစ်၏။

၁၉၉၆ ခုနှစ်တွင် ကွယ်လွန်သည်။

ရည်ညွှန်းချက်

အခြေခံဆိုရေးတီးပညာနှင့်ခေတ်သုံးခေတ်တေးဂီတသမိုင်း – စန္ဒရားလှမိုး

## ပြည့်ဆန်းမွှေယ်



၁၂၈၁ ခုနှစ် တန်ဆောင်မုန်းလဆန်း (၁၂) ရက်နေ့တွင် ပြည်မြို့ ဦးဘတင် နှင့် ဒေါ်ပု တို့မှ မွားမြင်သည်။ သားသမီး (၅)ယောက်အနက် ဒုတိယသား ဖြစ်သည်။ အမည်ရင်းမှာ ဦးသန်းမြင့် ဖြစ်ပါသည်။

အနုပညာကို ငယ်စဉ်ကပင် ဝါသနာကြီးလှ၍ ၁၉၄၀ ပြည့်နှစ်တွင် ရန်ကုန်သို့ဆင်းလာပြီး သီချင်းရေး ဆရာ ဒဂုန်ဆရာတင်နှင့်အတူနေထိုင်၍ ပညာများဆည်းပူးခဲ့သည်။ ၁၉၄၁ ခုနှစ်ဦးပိုင်းတွင် အောဝမ်းသဘင်ဝန် ခေတ်ပြားကုမ္ပဏီထုတ် ချစ်ဒုက္ခအမည်ရှိတေးမှာ နာမည်ကျော်ခဲ့၏။ ရာဇဝင် ပါမောက္ခဖြစ်လာမည့် ဦးဘညွန့်မှာလည်း ချစ်ဒုက္ခဦးဘညွန့် ဟုအမည်တွင်သည် အထိကျော်ကြားခဲ့၏။

ဂျပန်ခေတ်အတွင်း ဝိဇယ ပြဇာတ်၊ လူပျိုပါပဲအပျိုပါပဲ၊ အမေ့ရွှေးမ စသောပြဇာတ်၊ချစ်ဒေါသ၊ မောင့်ရင်သွေး ပြဇာတ်များ၊ မိုးဒေဝါပြဇာတ်များတွင် ပြဇာတ်သီချင်းများ ရေးခဲ့ရသည်။

အာရလူငယ် ရန်ပုံငွေအဖြစ် ကပြသော မျိုးချစ်မျိုးနှစ် ပြဇာတ်တွင် ဒါရိုက်တာ သီချင်းရေးဆရာအဖြစ် ဆောင်ရွက်နိုင်ခြင်းကြောင့် ရွှေတံဆိပ် ဆုချီးမြှင့်ခဲ့သည်။

စစ်ပြီးခေတ် ချစ်စိတ်မကုန်ပြဇာတ်နှင့် "ချစ်ငှက်ကာ" ပြဇာတ်များတွင်

ဂီတလုလင်မောင်ကိုကို တီးဝိုင်းနှင့်တွဲဖက်၍ သီချင်းများရေးသားခဲ့ရသည်။


၁၉၄၉ ခုနှစ် မြို့တော်ခန်းမ၌ကပြသော ဒါရိုက်တာဆရာသုခ၏ "သာယာရွှေပြည်" ပြဇာတ်မှာ တပ်မတော်သားများပါဝင်ကြပြီး ကွယ်လွန်သူ မင်းသားဗိုလ်ဗကိုမှာ သရုပ်ဆောင်အဖြစ်ပါဝင်ခဲ့၍ ဆရာပြည်သန်းနွယ်က သီချင်းများရေးသားခဲ့ရသည်။ ၁၉၄၉ ခုနှစ်အတွင်းမှာပင် ကန္တေးရုံ၌ ဆရာပြည်သန်းနွယ် ဒါရိုက်တာအဖြစ်ပြသခဲ့သော ချစ်ပန်းသဇင်ပြဇာတ်မှာ တစ်နှစ်အတွင်းအကောင်းဆုံး ငြိမ်းချမ်းရေးငွေဒိုင်းဆု ချီးမြှင့်ခြင်းခံခဲ့ရသည်။

ယခုအချိန်တွင် ဆရာပြည်သန်းနွယ် (ဦးသန်းမြင့်)မှာ အသက်(၈၀)အရွယ်သို့ ရောက်ရှိနေပြီဖြစ်၍ သားနှစ်ယောက်၊ သမီးလေးယောက် ထွန်းကားပြီး၊ ကျောက်မြောင်းဒဂုန်သီရိလမ်း၊ အမှတ်(၃၄)၊ (၅)လွှာတွင် နေထိုင်လျက်ရှိသည်။

**ရည်ညွှန်းချက်**

တေးရေးဆရာကြီး ပြည်သန်းနွယ်နှင့် ကိုယ်တိုင်တွေ့ဆုံ
မေးမြန်းချက်ဖြစ်ပါသည်။

## ဦးဉာဏ



အမည်ရင်းမှာ ဦးအုန်းမောင်ဖြစ်သည်။ ၁၉၀၁ ခုနှစ်၊ နတ်တော်လကွယ်၊ တနင်္ဂနွေနေ့တွင် ဖွားမြင်သည် ။ ဇနီးအမည်မှာ ဒေါ်မြဖြစ်ပြီး သမီးများ၏ အမည်မှာမလှမြင့်၊ မြမြဝင်း၊ ဖြူဖြူဝင်း၊ နီနီဝင်း ဖြစ်သည်။ သားများ၏ အမည်မှာ စောထွန်း၊ ရဲထွန်း၊ ငွေထွန်းတို့ဖြစ်သည်။ ဒေါ်မြနှင့် (၁၆)နှစ်အရွယ်တွင် အိမ်ထောင်ကျ ပြီးနောက် ရန်ကုန်သို့တက်လာကာ ဒဂုန်ဉာဏ ကလောင်အမည်ဖြင့် စာရေး၍ အသက်မွေး ဝမ်းကျောင်းပြုလုပ်သည်။ ထို့နောက် ဇာတ်ညွှန်းဆရာ၊ သီချင်းရေးဆရာ၊ ရုပ်ရှင်ဒါရိုက်တာဖြစ်လာသည်။ ၁၉၄၆ ခုနှစ်တွင် ပြန်ကြားရေးဌာနတွင် ညွှန်ကြားရေးဝန်အဖြစ်ဖြင့် ခန့်အပ်ခြင်းခံရလေသည်။ ထို့နောက် ရုပ်ရှင်နှင့်ပြဇာတ်ဌာနခွဲကို တည်ထောင်သောအခါ ရုပ်ရှင်နှင့်ပြဇာတ်ဌာန ပထမဆုံး ညွှန်ကြားရေးဝန်အဖြစ်ဖြင့် ခန့်အပ်ခြင်းခံရလေသည်။ ဒုတိယ ကမ္ဘာစစ်အပြီးတွင် သတင်းစာဆရာဖြစ်လာသည်။ ဂျိုကာအမည် ဖြင့် မြန်မာ့အလင်းသတင်းစာတွင် ဆောင်းပါးများကိုရေးခဲ့သည်။ သို့သော် သူ၏ အသက်မွေးဝမ်းကျောင်းအလုပ်ကား ရုပ်ရှင်ဇာတ်ညွှန်းရေးခြင်းနှင့် ရုပ်ရှင် ဇာတ်ကားရိုက်ကူးခြင်းသာ ဖြစ်နေပေသည်။ သတင်းစာနှင့်နိုင်ငံရေးတို့ကား ဝါသနာအလုပ်များသာဖြစ်ပြီး ဇာတ်ညွှန်းရေးခြင်းသည် သူ၏ထာဝစဉ်အလုပ် ဖြစ်ခဲ့၏။ သူ၏အတွေးအခေါ်များမှာ သိပ္ပံနည်းကျသည်။ အမျိုးသားလွတ်မြောက်ရေးနှင့် နယ်ချဲ့ဆန့်ကျင်ရေးတွင်လည်း တစ်တပ်တစ်အားပါဝင်ခဲ့သော မျိုးချစ်ပုဂ္ဂိုလ်ကြီးလည်း ဖြစ်လေသည်။

၁၉၆၈ ခုနှစ်၊ ဇွန်လ (၁)ရက်နေ့၊ တနင်္ဂနွေနေ့တွင် ကွယ်လွန်သည်။


**ရည်ညွှန်းချက်**

ဉာဏနိဒါန်း ပြည်သူ့စာတိုက်ကြီး

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပြန်ကြားရေးဝန်ကြီးဌာန

# တေးရေးပညာရှင်ကြီးများ၏ ခေတ်ဟောင်း တေးသီချင်းများ

အတွဲ (၂)





ဆိတာ-ဦး၊ဝိန်း၊မောင်း၊



ဂျူဝလိဒ္ဒ

မန္တလေးမြို့ မြောက်ပြင် ဇာတိဖြစ်သည်။ (၁၈)နှစ်သား အရွယ်တွင် စာရေးဆရာဖြစ်လာသည်။ ရုပ်သေးအဖွဲ့တွင် ဇရာဝဏ်ဇာတ်ခင်းလျှင် ဆင်ရုပ်ဆွဲသူဖြစ်၍ ဇရာဝဏ်ဦးအောင်ခွန်းဟုခေါ်တွင်သည်။ ဦးဖိုးစိန်ဇာတ်၌ ဇာတ်ကြီး(၁၀)ဘွဲ့၊အီနောင် ဇာတ် စသည်တို့ ကပြရာတွင် ဇာတ်လမ်း၊ ဇာတ်ကွက် ဇိုချင်းနှင့် တေးသီချင်းများ တာဝန်ယူ ရေးပေးရသည်။ ကာရန် နဘေထပ်စကားများ၊ တေးသီချင်းများကို မျက်မြင်လက်တန်း စပ်ဆိုတတ်ပြီး တင်ကြိုရေးပေးလေ့မရှိကြောင်း မှတ်သားရသည်။

ဦးအောင်ခွန်းသည် မြစ်ဝကျွန်းပေါ် ဖျာပုံခရိုင် ဒေးဒရဲအပိုင်၊ ဆီးဖြူကုန်းရွာ၊ (၁၀)ရွာအုပ်သူကြီး ဖြစ်သည်။

ဦးဖိုးစိန်က မိမိ၏ဇာတ်အတွက် လိုအပ်သည့်အခါမှ ကိုယ်ပိုင်မော်တော်ဖြင့် ဦးအောင်ခွန်းအား သွားရောက်ခေါ်ယူပြီး ဇာတ်သီချင်းများ ရေးခိုင်းရသည်ဟု ဆိုပါသည်။

# အရှေ့ပိုင်းဆရာချစ်

အရှေ့ပိုင်းဆရာချစ်သည် သီချင်းရေးဆရာ လှည်းတန်းဦးလူကလေး၊ ဦးအောင်ချင်း၊ ၁၂လမ်းဆရာဖောင်၊ မန္တလေးဆရာထာ တို့နှင့်အတူ ခွေးတံဆိပ်ဓာတ်ပြားကုမ္ပဏီ၏ ပင်တိုင် စာရေးဆရာတစ်ဦးဖြစ်သည်။

ဦးစွာပထမ အငြိမ့်များတွင် သီချင်းရေးပြီး ၁၉၀၉ ခု၊ ခွေးတံဆိပ်ဓာတ်ပြား ပေါ်ပေါက်လာသည့်အခါ ဓာတ်ပြားသီချင်းများ ရေးသားခဲ့သည်။ အရှေ့ပိုင်းဆရာချစ်သည် နန်းတော်ရှေ့ဆရာတင်ထက် အသက်ကြီးသည်၊ နန်းတော်ရှေ့ဆရာတင်ကို အရှေ့ပိုင်းဆရာချစ်က ခွေးတံဆိပ်ဓာတ်ပြားကုမ္ပဏီနှင့် အဆက်အသွယ်ပြုပေးသဖြင့် သီချင်းများရေးရသည်။

အဆိုတော်မကြည်အောင်သည် အရှေ့ပိုင်းဆရာချစ်ကြောင့်ပင် အဆိုတော်ဖြစ်လာရသည် ဟုဆိုရမည်၊ မကြည်အောင်အား ဆရာချစ်ကပင် ခွေးတံဆိပ်ဓာတ်ပြားကုမ္ပဏီနှင့် ဆက်သွယ်ပေးပြီး ဆရာချစ်၏ ကိုလေအိုးသီချင်းဖြင့် မကြည်အောင်နာမည်ကြီးလာသည်၊ ကိုလေအိုးသီချင်းကို ဓာတ်ပြားထွက်သည်နှင့် ရောင်း၍မလောက်အောင် စွံခဲ့သည်။

ဆရာချစ်သည် သီချင်းရေးဆရာသာ မဟုတ်သေး၊ လန်ဒန်အတ် ဦးအုန်းမောင်ကိုအကြောင်းပြု၍ ရုပ်ရှင်လောကတွင် သီချင်းလည်းရေး၊ သရုပ်ဆောင်လည်းလုပ်ခဲ့သည်၊ ဗိုလ်ဝ၊ ဗိုလ်ကျော် စသည့် စတန့် ဓာတ်ကားများတွင် ဒါရိုက်တာဦးတုတ်ကြီး၊ ဦးချစ်ဖေ၊ ဆားဘထွန်းတို့နှင့်အတူ သရုပ်ဆောင်ခဲ့ဘူးသည်။

# ရွှေဂုံမောင်

ရွှေဂုံမောင်(ခေါ်)ကိုမောင်မောင်အား (၁၂၇၂)ခုနှစ် ရန်ကုန်မြို့ အမရာဇဝတ်ဌာနမှ အင်စပက်တော်ကြီး ဦးဘအေး၊အမိ ဒေါ်မြမေတို့မှ ဖွားမြင်ခဲ့သည်။ သားသမီး (၅)ဦးအနက် စတုတ္ထသားဖြစ်သည်။ ဂီတပညာကို စောင်းဆရာ ဘီလပ်ပြန်ဆရာငြိမ်း၊ ဘာဂျာနှင့် စန္ဒရားဦးဘလတ်၊ တယောဆရာကြီး ယောင်ကြီးမွေ ဦးသွင်တို့ထံတွင် လေ့လာဆည်းပူးခဲ့ပြီး ဘီလူးအက၊ မင်းသားအကများကို ကောင်းစွာတတ်ကျွမ်းသည်။

စန္ဒရားရွှေပြည်အေးနှင့် ငယ်သူငယ်ချင်းဖြစ်၍ တယောပညာကို ဖြည့်တင်းဆည်းပူးခဲ့သည်။ ရွှေဂုံမောင်ရေးစပ်သော သီချင်းများအနက် မအေးမိသီဆိုသော "ရွှေနှင်းဆီ"သီချင်း ဓာတ်ပြားမှာ အရောင်းရတွင်ကျယ်ခဲ့သည်။ ရွှေဂုံမောင်ရေးစပ်ပြီး၊ မောင်မောင်စိုးသီဆိုသော "မြွှာညို"ဓာတ်ပြားသည် ဂျပန်ပြည်တွင် အသံသွင်းခဲ့ပြီး ပထမဆုံးသော အောဝမ်းဓာတ်ပြားဖြစ်သည်။ မင်းကတော်၊ ဝေဘူစံ၊ ပုတ်သင်ညို၊ ဓါတ်ပုံရိုက်စသည့် ကိုလံဘီယာ၊ ခွေးတံဆိပ်နှင့် အောဝမ်းဓာတ်ပြားများသည် ရွှေဂုံမောင်ရေးစပ်ခဲ့ သော တေးသီချင်းများဖြစ်သည်။ ရန်ကုန်ရုပ်ရှင်တွင် လူကြမ်းမင်းသားအဖြစ် ပုလဲရောင်၊ စိန်ဓားမြှောင်၊ ရွှေဝါတောင်ဓာတ်ကားများတွင် ကြမ်းကြမ်းရမ်းရမ်း ပါဝင်သရုပ်ဆောင်ခဲ့ဘူးသည်။ ဇနီးဒေါ်ခင်ခင်နှင့် သားသမီးများရရှိခဲ့သော်လည်း တစ်ယောက်မှအဖတ်မတင်ခဲ့ပေ။ အသက်(၂၉)နှစ်အရွယ် ၁၉၃၉ ခုနှစ် ဧပြီလ (၃၀)ရက်နေ့တွင် ကွယ်လွန်ခဲ့သည်။

**ရည်ညွှန်းစာစောင်**

စစ်ကိုင်းလှရွှေ၏ ရုပ်ရှင်ဂီတနှင့်ကျွန်တော်



ဆရာညွှာကို ၁၉၀၃ ခုနှစ် မန္တလေးမြို့ မင်းတဲအိုကင်းရပ်တွင် အဖဦးခန့်ကြီး၊ အမိ ဒေါ်လှတို့မှ ဖွားမြင်သည်။ အမည်ရင်း မှာ စိန်ဗိုးဖြစ်သည်။ (၁၀)နှစ် သားအရွယ်တွင် မျက်စိကွယ်ခဲ့သည်။

ဆရာညွှာသည် ဘဝကိုအရှုံးမပေးပဲ ပလွေဆရာကြီး ဦးလှထံတွင် ပလွေမှုတ်သင်ကြားခဲ့သည်၊ ပလွေမှုတ်တတ်လာ ပြီးနောက် နှဲဆရာဦးငွေး၊ ဦးစိုးဘူးနှင့် ဦးချစ်မောင်တို့ ထံတွင် နှဲမှုတ်ပညာကို သင်ယူခဲ့ပြန်သည်။ နှဲမှုတ် ပညာတတ်မြောက်လာသော အခါ မန္တလေးမြို့ ဆိုင်းတန်းရပ်ရှင်ရုံ၌ အသံတိတ် ရုပ်ရှင်တီးဝိုင်းတွင် နှဲဆရာ ဖြစ်လာသည်။

ဆရာညွှာသည် တေးရေးဆရာ ရဝီစိန်ထံတွင် သီချင်းရေးစပ်နည်း သင်ကြား၍ မန္တလေးမြို့ သီပေါရုပ်ရှင်ရုံတွင် ပြသသည့် အသံတိတ်ကားများအတွက် ကြော်ငြာသီချင်း၊ နောက်ခံသီချင်းများ ရေးစပ်ပေးသည်။ ယင်းရုပ်ရှင်ရုံတွင် တီးဝိုင်းဆရာ ဦးကျော်အေး၏ တီးဝိုင်းတွင်လည်း နှဲဆရာကြီးဖြစ်လာသည်။ နောင်အခါတွင် ရုပ်ရှင်တီးဝိုင်းအဖွဲ့၌ သီချင်းရေးဆရာအဖြစ်လည်းကောင်း၊ တီးဝိုင်းအုပ်အဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ ဆရာညွှာသည် နှဲအတတ်ပညာသာမက တယော၊ ထရမ်းပက်နှင့် ကလဲရီနက်များကိုလည်း တီးမှုတ်တတ်ပြီး မန္တလေးမြို့မတီးဝိုင်း၌ နာယကအဖွဲ့ဝင် တစ်ဦးလည်းဖြစ်သည်။

ဆရာညွှာသည် စစ်ကြိုခေတ်၊ ဂျပန်ခေတ်၊ စစ်ပြီးလွတ်လပ်ရေးခေတ်မှ စ၍ မျက်မှောက်ခေတ်တိုင် အောင်မြန်မာရုပ်ရှင်၊ ဓာတ်ပြား၊ မြန်မာအငြိမ့် ဇာတ်သဘင်၊ ပြဇာတ် အရုပ်ဇာတ်နှင့် ရေသဘင်တီးဝိုင်းများအတွက် တေးသီချင်း အမြောက်အမြားရေးသားပေးခဲ့လေသည်။

ဆရာညွှာသည် အေဝမ်းကုမ္ပဏီတွင်လည်း ဂုဏ်တော်ဖွင့်၊ သုဝဏ္ဏသျှံ၊ မေတ္တာဂုဏ်၊ ချစ်ဗျူဟာ၊ မဟာမြတ်မုနိ၊ အနန္တငါးဖြာ၊ တေမိယ၊ ရွှေအင်းဝ၊ မဂ္ဂင်ရှစ်ပါး၊ မြတ်ဒါန၊ မဟာဇနက၊ တို့သာသနာနှင့် ချစ်ပန်းပွင့် စသော သီချင်းများ ဓာတ်ပြားသွင်းရာတွင် အေဝမ်းဆရာညွှာအဖြစ် အမည်ထင်ရှားခဲ့သည်။

ဂျပန်ခေတ် စစ်ကာလတွင် မန္တလေးမြို့၌ အမျိုးသားလှုံ့ဆော်ရေး တေးသီချင်းများ ရေးစပ်ခဲ့သည့်အပြင် ရွှေမန်းတင်မောင် ဇာတ်အဖွဲ့နှင့် တွဲဖက်ကာ ပြဇာတ်၊ ကဇာတ်တေးသီချင်းများ ရေးသားစပ်ဆိုပေးခဲ့ရာ မျက်မှောက်ခေတ်တိုင် အောင်ပင် ဖြစ်လေသည်။ ဆရာညွှာသည် စစ်အောင်နိုင်ရေး တေးသီချင်းများနှင့် အလုပ်သမား အငြိမ့်သီချင်းများကိုလည်း မလွတ်တမ်း ရေးသားစပ်ဆိုပေးခဲ့သည်။

ရွှေမန်းတင်မောင် ညဥ့်ဝက်စနစ်တီထွင် ကပြသည့်အခါ ဆရာညွှာသည် တီးဝိုင်းနှစ်ဝိုင်းတွင် ဝိုင်းအုပ်အဖြစ် တာဝန်ယူ၍ ကိုယ်တိုင်ပါဝင် နဲ့မှုတ်ခဲ့သည်၊ ထိုအတောအတွင်း ပြည်ထောင်စုမြန်မာနိုင်ငံတော် ယဉ်ကျေးမှုဌာနမှ ဆရာညွှာကို ဂီတအကြံပေးနည်းပြ ပုဂ္ဂိုလ်အဖြစ် ခန့်ထားခဲ့သည်။

ဆရာညွှာသည် ၁၉၇၈ ခု နိုဝင်ဘာလ (၄)ရက်နေ့ အသက်(၇၅)နှစ်အရွယ် တွင် မန္တလေးမြို့ အီကင်းရပ်ကွက် နေအိမ်၌ ကွယ်လွန်ခဲ့သည်။

**ရည်ညွှန်းချက်**

သမီးကြီးဖြစ်သူ ဒေါ်တင်အုန်းမှ ပေးပို့သည်။

## ဘင်ဂျိုဦးသာဒွန်း

ဘင်ဂျိုကိုသာဒွန်းသည် ဒုတိယကမ္ဘာစစ်မဖြစ်မီက ဗြိတိသျှဘားမားရုပ်ရှင်ကုမ္ပဏီ၏ အသံထွက်တီးဝိုင်းတွင် ဂီတာသောင်း၊ ဆရာတောက်၊ စန္ဒရားကိုသာနု၊ တယောကိုချစ်လှ စသည့် တူရိယာပညာရှင်များနှင့် တွဲဖက်၍ ဘင်ဂျိုတီးခဲ့သည်၊ "ကျိုက်ထီးရိုး"သီချင်းကို ခင်မောင်ရင်၊ ခင်ခင်ရီတို့ သီဆိုရန်အတွက်ရေးပေးခဲ့ပါသည်။

စစ်ပြီးခေတ်တွင် ဂီတလုလင်မောင်ကိုကိုအဖွဲ့တွင် ဆက်လက်လုပ်ကိုင်ရင်း (၁၉၅၈)ခုနှစ် အသက်(၄၅)နှစ်အရွယ်တွင် ကွယ်လွန်ခဲ့သည်။ စစ်ကြိုခေတ်အငြိမ့်လူရွှင်တော်ကြီး ဦးဒန်ပေါက်သည် ဘင်ဂျိုကိုသာဒွန်း၏ ဦးလေးအရင်းဖြစ်သည်။

ရည်ညွှန်းချက်

အကယ်ဒမီဂီတလုလင်ဦးကိုကို၏ ပြောပြချက်။

## ရတနာပုံမောင်စု



ရတနာပုံမောင်စု၏ ဘိုးစဉ်ဘောင်ဆက်မျိုးရိုးမှာ ကုန်သည်မျိုးရိုးဖြစ်ကြပြီး မွေးရပ်ဇာတိမြေမှာ မန္တလေးမြို့ (၂၆) ဘီလမ်း (ရွှေတိုက်ရုံဝင်း၊ အနောက်ဘက်) ဟေမာဇလအနောက်ခြမ်း ဖြစ်သည်။ ၁၉၀၁ ခုနှစ်တွင် အဖ ဦးသာဒွန်း၊ အမိ ဒေါ်ကြည် တို့မှ မွေးဖွားပါသည်။ ရတနာပုံမောင်စုမှာ စတုတ္ထသားအထွေးဆုံး ဖြစ်ပါသည်။ ပညာအရည်အချင်းမှာ မန္တလေးမြို့ ဝက်စလီ(အင်္ဂလိပ်မြန်မာ)ကျောင်းတွင် အထက်တန်းပညာထိ ဆည်းပူးခဲ့ပြီး မန္တလေးမြို့ အစိုးရကြေးနန်း ရုံးကြီးတွင် ကြေးနန်းစာရေးအဖြစ် အမှုထမ်းခဲ့သည်။

မောင်စုမှာငယ်စဉ်ကပင် အနုပညာဝါသနာပါသူဖြစ်ပါသည်။ အပေါင်းအသင်းများနှင့် သီချင်းဆိုခြင်း၊ ဂီတာတီးခတ်ခြင်း၊ စန္ဒရားတီးခြင်း၊ ရုပ်ဖန်ရုပ်ခါ ပန်းချီရေးဆွဲ ခြင်းစသည့် အနုပညာများကို ခုံမင်သူတစ်ဦးဖြစ်ပါသည်။

မောင်စုသည် ရန်ကုန်မြို့တွင် အခြေစိုက်ပြီးနောက် ရုပ်ရှင်မင်းသားကြီး ခင်မောင်ရင် (ဗိုလ်အောင်ဒင်-မင်းသား)နှင့်ဆုံမိကြကာ တေးဂီတနယ်ပယ်တွင် အတူတကွ ပါဝင်လှုပ်ရှားခဲ့ပါသည်။ ရတနာပုံမောင်စုသည် ကိုလံဘီယာကုမ္ပဏီတွင် ဓာတ်ပြား (၁၃)ချပ်မျှ သွင်းခဲ့ပါသည်။ ကိုယ်တိုင်ဂီတာတီး၊ ကိုယ်တိုင်သီချင်းစပ်ပြီး ကိုယ်တိုင်ဆိုခဲ့ပါသည်။ မောင်စု၏သီချင်းဓာတ်ပြားများမှာ (၁)ဇာတိချက်ကြွေ၊ (၂)တစ်ရွာသား၊ (၃)ခါနွေဦး၊ (၄)ဌတ်နိုက်ဒါလင်၊ (၅)နှစ်သွယ်စကြာ၊ (၆)လူပျိုစင်၊ (၇)မြတ်နိုးသူ၊ (၈)လောကဤလူ့ဘုံ၊ (၉)မောင်တို့ရွာ၊ (၁၀)ညိုညိုလေးစသည်များဖြစ်ပါသည်၊ မောင်စုမှာ မန္တလေး၌မွေးဖွားခဲ့ရာ မိမိဇာတိမြေကို မမေ့နိုင်သဖြင့် ဓာတ်ပြားသွင်းခြင်း၊ ပန်းချီဆွဲခြင်း

နေ့၌ ဆောင်နုအမည်ဖြင့် ရေးမှာ"ရတနာပုံ"တပ်၌ ဓါတွင် စေခဲ့ပါသည်။

ရတနာပုံဆောင်နုသည် အသက်အရွယ်ထောက်လာပြီး အသံများမကောင်းတော့သဖြင့် ငယ်စဉ်က ဝါသနာပါလာသော ပန်းချီရေးဆွဲခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုခဲ့ပါသည်။

ရတနာပုံဆောင်နုသည် ရန်ကုန်မြို့ တာမွေမြို့နယ်တွင် ဇနီးဖြစ်သူ ဒေါ်မြင့်မြင့်(အန်တီကြီး)နှင့် သားသမီးသုံးယောက် ထွန်းကားခဲ့သည်။ သားဖြစ်သူမှာ ဦးသောင်းနု(သုတေသန)ဖြစ်ပြီး သမီးများမှာ ဒေါ်ရင်ရင်စုနှင့် ဒေါ်မြဖြူစုတို့ဖြစ်ပါသည်။

အသက်(၆၄)နှစ်အရွယ် ၁၉၆၅ ခုနှစ်၊ အောက်တိုဘာလ (၁၇)ရက်နေ့ မင်္ဂလာဒုံ စစ်ဆေးရုံကြီးတွင် ကွယ်လွန်ခဲ့ပါသည်။

**ရည်ညွှန်းချက်**

သားဖြစ်သူ ဦးသောင်းနုနှင့် တူအရင်းဖြစ်သူ ဦးသိန်းရွှေတို့က ရေးသားပေးပို့ပါသည်။

## တက္ကသိုလ်ဖေစန်း(စန်းသော်တာ)



တက္ကသိုလ်ဖေစန်း(စန်းသော်တာ)၏ အမည်ရင်းမှာဦးဖေစန်းဖြစ်သည်။ဦးဖေစန်း အား ၁၉၁၄ ခုနှစ်၊ နိုဝင်ဘာလ(၉)ရက်နေ့၊ ပြည်မြို့တွင် စက်ရှင်တရားသူကြီးဦးဘရင် ဒေါ်ကျော့ရှင်တို့မှ ဖွားမြင်ခဲ့သည်။ တေးရေး အမည်မှာ စန်းသော်တာဖြစ်သည်။ မွေးချင်း ရှစ်ယောက်အနက် အကြီးဆုံးသားဖြစ်ပြီး၊ ဥပစာတန်း အောင်မြင်ခဲ့သည်။

အနုပညာနှင့် ပတ်သက်၍ စောင်း၊ မယ်ဒလင်၊ ဘင်ဂျို၊ တယော၊ ဂီတာ၊ စန္ဒရားတို့ကို ကောင်းစွာတီးတတ်ပြီး၊ အသက်(၁၈)နှစ်မှ (၂၇)နှစ်အတွင်း တေးရေး တေးဆို၊ သရုပ်ဆောင်လုပ်ခဲ့သည်၊ ပထမဆုံးအေဝမ်းသံစုံသွင်း ဓာတ်ကားဖြစ်သော "ဖူးစာရှင်"ဓာတ်ကားတွင် "အလောင်းတော်များတောင် ရှောင်နိုင်ခဲတယ်" သီချင်းကို ကိုယ်တိုင်သီဆိုခဲ့သည်၊ လပြာသို၊ တစ်လီမ်နှစ်လီမ်၊ ရည်းစားဓားပြ၊ ချစ်စနိုးဓာတ်ကားများအတွက် ဓာတ်ဝင်တေးများကို ရေးသားခဲ့သည်၊ သဘင်ဝန် ဓာတ်ပြားထုတ်ချိန်တွင် ရုပ်ရှင်သီချင်းများနှင့် ဓာတ်ပြားသီချင်း အများဆုံးသွင်းခဲ့သည်။

အသက်(၂၇)နှစ်တွင် အိမ်ထောင်ကျပြီးနောက် ဝါသနာအလျောက် ပြည်မြို့၊ ပေါင်းတည်မြို့ မြတ်စွယ်တော်လှည့်လည် ပူဇော်ပွဲတွင် ယိမ်းများအတွက်

နှစ်စဉ်တေးသီချင်းများ ရေးစပ်ပေးခဲ့သည်။

ဦးဖေစန်းရေးစပ်ခဲ့သော တေးသီချင်းများမှာ လွတ်တော်ရုံးတော်၊ မြတ်ပန်းအေး မို့ကျေးရွာ၊ မယ်ဒါလီ၊ မယ့်သဉ္ဇာ၊ ရွှေမိုးညို၊ ရွှေတံငါ၊ ရွှေဝါဖူး၊ မယ့်ရင်သွေး၊ ကျောင်းပိတ်ရက်၊ လှဲလှဲဝင်း၊ လေသာဆောင်၊ ဆုတူးရှယ်၊ ချစ်လို့ခေါ်မယ်၊ ချစ်၍ခေါ်ရာ၊ တို့မြေဆီ၊ ချစ်သည်းစွဲ၊ တစ်လိမ်နှစ်လိမ်နှင့် ပါးချိုင့်လေး စသည့် ထင်ရှားကျော်ကြား လူကြိုက်များသည့် သီချင်းများဖြစ်သည်။ ပါးချိုင့်လေးနှင့် တို့မြေဆီသီချင်းကို တက္ကသိုလ်ဖေစန်းအမည်ဖြင့် သီဆိုခဲ့သည်။ နောက်ဆုံး အလုပ်အကိုင်အဖြစ် အီးအမ်ဒီဇူဇာတွင် ဒါရိုက်တာအဖြစ် လုပ်ကိုင်ခဲ့ပြီး ဇနီး ဒေါ်ခင်မြင့်နှင့် သားသမီး (၃)ယောက်ထွန်းကားခဲ့သည်၊ အသက်(၈၂)နှစ်အရွယ် ၁၉၉၆ ခုနှစ်တွင် ကွယ်လွန်ခဲ့ပါသည်။

**ရည်ညွှန်းချက်**

စန်းသော်တာ၏ တတိယသမီး ဒေါ်ခင်ကြည်စန်းက ပေးပို့သည်။

# မြကလေးခင်

ရန်ကုန်မြို့၊ကန်တော်ကလေးဇာတိဖြစ်သည်၊ ဘင်ဂျိုဆရာဖြစ်ပြီး မင်းသား မောင်မောင်အေး၊ မင်းသမီး ခင်ခင်ကြည်တို့ ပါဝင်သော ရွှေဘုန်းတော်ရုပ်ရှင် ဇာတ်ကားအတွက် ပဏာမသီချင်းကို သီချင်းရေးဆရာ ၁၂လမ်းဆရာဖေဝင် မအားချို ဝင်ရေးစပ်ပေးခဲ့ရာ ထိုသီချင်းဖြင့်ပင် သီချင်းရေးဆရာ အဖြစ် ထင်ရှားသွားခဲ့သည်။

ထိုပဏာမသီချင်းမှာ အဆိုတော်ကြီး ဥသြဘသောင်သီဆိုသော ဗုဒ္ဓ သာသနာရောင် သီချင်းဖြစ်သည်၊ ယင်းသီချင်းကို ကိုလံဘီယာကုမ္ပဏီမှ ဥသြ ဘသောင်ဖြင့်ပင် ဓာတ်ပြားသွင်းရောင်းချခဲ့ရာ များစွာကျော်ကြားသွားသည်။

မြကလေးခင်သည် ခွေးတံဆိပ်ဓာတ်ပြားနှင့် ဗြိတိသျှဘားမား အဆိုတော် များအတွက် သီချင်းများ အများဆုံး ရေးပေးခဲ့ရသည်၊ အေဝမ်းဓာတ်ပြားအဖြစ် ပြည်လုဖေသီဆိုသော ခွဲသီချင်းမှာလည်း ကျော်ကြားသော သီချင်းဖြစ်ပြီး ယနေ့ ခေတ်အဆိုတော်များ သီဆိုနေကြဆဲသီချင်းဖြစ်သည်။

စစ်ပြီးခေတ်အထိ ဇာတ်သဘင်နှင့် ဓာတ်ပြားသီချင်းများ ရေးသားခဲ့ပြီး ၁၉၇၁ ခု၊ ဧပြီလ (၄)ရက် အသက်(၆၆)နှစ် အရွယ်တွင် မြောက်ဥက္ကလာပမြို့ နေအိမ်၌ ကွယ်လွန်သွားခဲ့သည်။



နာမည်ရင်း ဦးဝင်းမောင် ဖြစ်သည်။ စစ်ကြိုခေတ်က (၁၀)တန်း အောင်မြင်ခဲ့သော်လည်း အစိုးရဝန်ထမ်း မလုပ်ဘဲ အနုပညာနယ်ပယ်တွင် ကျင်လည်ခဲ့သည်။ ဂီတစာဆို သဟာယဆရာတင် ထံတွင် တေးသီချင်း ရေးစပ်မှုကို နည်းနာခံယူပြီး တေးသီချင်းများစပ်ဆိုခဲ့သည်။

အေဝမ်းခာတ်ပြားကုမ္ပဏီမှ ထုတ်လုပ်သည့် အဆိုတော်ပြည်လှဖေ၏ နဂါးနိုင်မင်း သီချင်း၊ မင်းမဟာဂီရိသီချင်းနှင့် ဏ္ဍနွာနွယ် သီချင်းများ [ အတွဲ(၁) စာအုပ်တွင်ပါရှိပြီး ] ဂျူဗလီစိန်၏ ကျော်ကြားသော လက်ရာများဖြစ်သည်။

ဂျူဗလီစိန်သည် စစ်ကြိုခေတ်မှာသာမက စစ်ပြီးခေတ်တွင်လည်း အရှေ့ပိုင်းတူရိယာအဖွဲ့တွင် အဆိုတော် တင်တင်မြ၊ ခင်စန်းကြည်၊ ရုပ်ရှင်မင်းသမီး ဘေဘီနွဲ့၊ နုနုဝေ၊ တင်တင်အောင်၊ ရုပ်ရှင်မင်းသားမြင့်စိုး၊ တင်မောင်လှ ကိုကျော်စိန်၊ မယ်ဒလင်တိုးဝင်း၊ ကိုလှဝင်း တို့အတွက် ရေဒီယိုသီချင်း ပုဒ်ရေ (၇၀)ကျော် ရေးသားပေးခဲ့သည်။

ရုပ်ရှင်ကားများတွင်လည်း အရန်သရုပ်ဆောင် အဖြစ်ပါဝင်ခဲ့ဘူးသည်ဟု သိရသည်။ ၁၉၆၁ ခုနှစ် ဇွန်လ(၂၂)ရက်နေ့တွင် ကွယ်လွန်သွားသည်။ မွေးသက္ကရာဇ် အတိအကျကို မသိရသော်လည်း အသက်(၅၄)နှစ် အရွယ်ခန့်တွင် ကွယ်လွန်သဖြင့် ၁၉၀၇ ခုနှစ်ခန့်တွင် မွေးဖွားသည်ဟု ခန့်မှန်းရသည်။

ဂျူဗလီစိန် ကွယ်လွန်စဉ်က ဇနီးနှင့် သား (၁)ယောက်၊ သမီး (၂)ယောက် ကျန်ရစ်ခဲ့သည်။

# မကြည်အောင်



အမည်ရင်းမှာ မခင်ကြည်ဖြစ်သည်။ ၁၂၆၁ ခုနှစ်တွင် ပုဇွန်တောင်၊ စက်ဆန်းရပ်ကွက်၌ မွေးဖွားခဲ့သည်။ ငယ်စဉ်ကတည်းက အနုပညာဝါသနာကြီးခဲ့ပြီး အဘိုး (အဖေ ၏ဖခင်) ဦးအောင်ရထံမှ သဘင်ဂီတဗဟုသုတများ ကြားနာမှတ်သားခဲ့ဘူးသည်။ ပုဇွန်တောင်ရပ်ကွက် အလှူပွဲဆွမ်းကြီးလောင်း ပွဲများတွင် အပျော်တမ်း အငြိမ့်သီချင်းများသီဆို ကပြခဲ့ရာမှ နာမည်ရလာကာ လူရွှင်တော်ကြီး ဦးကျော်ရွဲ့၏ အငြိမ့်အဖွဲ့တွင် စတင်ကပြခဲ့သည်။ ၎င်းနောက် အမည်ရင်း မခင်ကြည်အမည်ပျောက်၍ ချန်ပီယံ မကြည်အောင်ဟု အမည်သစ်ဖြင့် ထင်ရှားလာခဲ့သည်။ အငြိမ့်လောကတွင် (၇)နှစ်မျှကပြခဲ့ပြီး အသက်(၂၂)နှစ်တွင် ရောဝတီ သင်္ဘောစာရေး ကိုဘနှစ်ဆိုသူနှင့် အိမ်ထောင်ပြုခဲ့သည်။ ကိုဘနှစ်မှာလည်း စက်ဆန်းဇာတိဖြစ်သည်။ အရပ်မင်းသားဟု အနုပညာရပ်၌ ကျော်ကြားသူဖြစ်လေရာ လင်ရောမယားပါ ဝါသနာတူညီသည်။ သူတို့၏နေအိမ်တွင် အနုပညာသည်အများစုတို့ ဆုံဆည်းကြတော့သည်။

အရှေ့ပိုင်းဆရာချစ်၏ ဆက်သွယ်ပေးမှုကြောင့် ချန်ပီယံ မကြည်အောင်မှာ ခွေးတံဆိပ်ဓာတ်ပြားကုမ္ပဏီတွင် ဓာတ်ပြားအဆိုတော် ဖြစ်လာရသည်။ ခွေးတံဆိပ်ဓာတ်ပြားများတွင် "ကိုလေအိုး"သီချင်းမှာ တိုင်းပြည်တစ်ဝှမ်းလုံး၌ ကျော်ကြားသွားခဲ့သည်။ ဓာတ်ပြားအဆိုတော်ဖြစ်လာသောအခါ အငြိမ့်အမည်ဖြစ်သော

ချန်ပီယံမကြည်အောင်အဖြစ်မှ ချန်ပီယံဖြုတ်လိုက်ပြီး မကြည်အောင်ဟု မှည့်ခေါ်လိုက်သည်။

၁၉၃၂ ခုနှစ်တွင် ကိုလံဘီယာ ဓာတ်ပြားကုမ္ပဏီသို့ ပြောင်းရွှေ့သီဆိုသည်။ ခင်ပွန်းဖြစ်သူ ကိုဘနစ်ကိုလည်း ဓာတ်ပြားထုတ်လုပ်ရေးဆိုင်ရာ ကြီးကြပ်သူအဖြစ်ခန့်ထားလိုက်သည်။

သီချင်းရေးဆရာ ဒဂုန်ဆရာတင်၏ တရုပ်ပြည်မြကျောက်လွှာ သီချင်းမှာ ကိုလံဘီယာ ဓာတ်ပြားကုမ္ပဏီတွင် မကြည်အောင် ပထမဦးဆုံး သီဆိုဓာတ်ပြားသွင်းခဲ့သော သီချင်းဖြစ်သည်။ နာမည်ကျော် သီချင်းရေးဆရာကြီးများဖြစ်ကြသော လှည်းတန်းဦးလူကလေး၊ အရှေ့ပိုင်းဆရာချစ်၊ နန်းတော်ရှေ့ဆရာတင်၊ ဒဂုံဆရာတင်၊ ရွှေဂုံညွန့်၊ ရွှေတိုင်ညွန့်၊ သဟာယဆရာတင်တို့၏ သီချင်းများကို သီဆိုခဲ့ရသည်။

၎င်းတို့အနက် နန်းတော်ရှေ့ဆရာတင်နှင့် ရွှေတိုင်ညွန့်၏ သီချင်းများကို အများဆုံး သီဆိုခွင့်ရခဲ့သည်။ ဤသို့ဖြင့် ကိုလံဘီယာ ကုမ္ပဏီတွင် နာမည်အကျော်ဆုံး အဆိုတော်ကြီးဖြစ်လာခဲ့ရသည်။ ဓာတ်ပြားချပ်ရေ (၁၀၀)ကျော်သွင်းခဲ့ရသည်။ ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားလာသောအခါ ဓာတ်ပြားလုပ်ငန်းပျက်ပြားသွား၍ မကြည်အောင်၏ ခေတ်သစ်ရာဇဝင်ပြဇာတ် အမည်ဖြင့် နယ်စုံလှည့်၍ ပြဇာတ်အဖွဲ့တည်ထောင်ကာ ကပြခဲ့သည်၊ စစ်ပြီးခေတ် ရန်ကုန်ပန်တျာကျောင်း ဖွင့်လှစ်ရာတွင် မကြည်အောင်သည် အမျိုးသမီး အကနည်းပြအဖြစ် အမှုထမ်းခဲ့သည်။ အသက်(၅၆)နှစ်အရွယ် ၁၉၅၆ ခုနှစ် ဖေဖော်ဝါရီလ (၁၁)ရက်နေ့တွင် ပုဇွန်တောင် စက်ဆန်း (၅)လမ်း အိမ်အမှတ်(၁၇၈)တွင် ကွယ်လွန်သွားခဲ့သည်။

**ရည်ညွှန်းချက်**

ဗိုလ်ကလေးဦးတင့်အောင်၏ ရေးသားချက်

အမည်ရင်းမှာ မစံဖြစ်ပြီး ဟင်္သာတ မြို့တွင် အဖနဲ့ဆရာ ဦးဘိုးသန်း၊ အမိ ဒေါ်ရီ တို့မှ ၁၂၇၂ခုနှစ် ဝါဆိုလတွင် ဖွားမြင်သည်။ မောင်နှမ (၃)ယောက်ရှိရာ မစံနှင့် မောင်ဖြစ် သူ မောင်သောင်းတို့မှာ အဆိုအတီး၊ အက ပညာကို ဝါသနာကြီး ကြသည်။ ဟင်္သာတမြို့နယ်တစ်ဝိုက်တွင် သူတို့ မောင်နှမ၏ ဂီတ ပညာထူးချွန်မှု မှာ ကျော်ကြားနေခဲ့သည်။

ဆိုင်းဆရာများ၊ တီးဝိုင်းဆရာများမှာ ၎င်းတို့နေအိမ်တွင် သီချင်း၊နစေ၊ တီးမှုတ်ကြသည်။ သီချင်းတိုက်ကြသည်၊ မစံနှင့် မောင်သောင်းတို့က ဒိုင်ခံတီး၊ ဆိုကြသည်။ ဖခင်ဖြစ်သူ ကွယ်လွန်သွားသောအခါ ဟင်္သာတမြို့ရုပ်ရှင်ရုံတွင် မောင်နှမနှစ်ယောက် အဆိုအတီး အလုပ်လုပ်ကြသည်။ မောင်သောင်းကား စန္ဒရားမောင်သောင်းဟု အမည်ရသွားသည်။ ကိုလံဘီယာဓာတ်ပြားကုမ္ပဏီမှ ဓာတ်ပြားအဆိုတော်အသစ်များအလိုရှိရာ ဟင်္သာတမြို့ ရိုးကုမ္ပဏီ (ကိုလံဘီယာ ဓါတ်ပြားကိုယ်စားလှယ်)ထံမှ မစံ၏ အကြောင်းကို ကြားသိရ၍ ဟင်္သာတမြို့ ရိုးကုမ္ပဏီ မန်နေဂျာ ဦးရွှေဝင်းထံ ဆက်သွယ်ပြီးခေါ်နိုင်းရာမှ မစံတစ်ယောက် ရန်ကုန်မြို့ ကိုလံဘီယာကုမ္ပဏီသို့ ရောက်လာခဲ့သည်။

ဆရာရွှေတိုင်ညွန့်တို့က မေးမြန်းရာ အငြိမ့်ကခဲ့ဘူးကြောင်း ရုပ်ရှင်ရုံ တွင်လည်း သီချင်းဆိုကြောင်း အမည်ရင်းမှာ မယ်စံဖြစ်၍ အငြိမ့်အမည်မှာ အောင်သန်းစိန် ဖြစ်ကြောင်း ပြောသဖြင့် ဆရာရွှေတိုင်ညွန့်က စိန်ပါတီဟု အမည်ပေးလိုက်သည်။

ကိုလံဘီယာတွင် အခက်အခဲအမျိုးမျိုးနှင့် ကြုံတွေ့ပြီးမှ အောင်မြင်မှု ရလာခဲ့ရသည်။ စိန်ပါတီ၏ ပထမဆုံး ဓာတ်ပြားသီချင်းမှာ "ဖေါင်စကြာ"

အမည်ရှိပြီး နာမည်မရသေးဘဲ စာရေးဆရာ ဂီတာသောင်းရေးသားသော ကောက်စိုက်မသီချင်း ထွက်ပေါ်လာသောအခါကျမှ ထူးခြားစွာ အောင်မြင်မှု ရရှိခဲ့ပါသည်။

စိန်ပါဝင်မှာ လွတ်လပ်ရေးကြိုးပမ်းမှု ကာလအတွင်း၌လည်း မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများကို ဂီတာစိမ်းမောင်၊ ဒဂုန်ဆရာတင်၊ ဆရာဗွေတိုင်ညွန့် မင်းသားကြီးဦးခင်မောင်ရင်တို့နှင့် တွဲဖက်ကာ တရားဟော စင်မြင့်များပေါ်မှနေ၍ သီဆိုခဲ့သည်။ ၁၉၅၁-၅၂ခုနှစ်များတွင် ရုပ်ရှင်အသံတိတ်ခေတ်မှ အသံထွက်ခေတ်သို့ ပြောင်းလာသောအခါ ဓာတ်ပြားလောက၌ ဥသြဘသောင်၊ စိန်ပါဝင်၊ ပြည်ဘရှင် အစရှိသော ဓာတ်ပြားနှင့် အသံတိတ် ရုပ်ရှင်အဆိုတော်ကြီး များနေရာတွင် လူငယ်လူရွယ် အနုပညာရှင်များက ဝင်ရောက်နေရာယူလာကြသဖြင့် အခက်အခဲရှိလာကြသည်။

ရန်ကုန်မြို့ ကံဘဲ့ဆရာအတတ်သင် သိပ္ပံကျောင်းတွင် အနုပညာ လက်ထောက်ကထိကနေရာတွင် ခန့်ထားခြင်းခံရသောကြောင့် စားဝတ်နေရေး အဆင်ပြေသွားသည်။ ခင်ပွန်းဖြစ်သူ ဦးဘသက် အနိစ္စရောက်သွားပြီးနောက် မကြာမီ နဂိုရှိရင်းစွဲ ပန်းနာရောဂါပြန်ထလာကာ အိပ်ယာထဲလဲခဲ့သည်။ ရောဂါ မသက်သာသဖြင့် ၁၉၇၀ ပြည့်နှစ် ဒီဇင်ဘာလ (၂၇)ရက်နေ့တွင် ရန်ကုန်ဆေးရုံကြီးသို့ပို့ရပြီး ဒီဇင်ဘာလ(၃၁)ရက်နေ့တွင် ကွယ်လွန်ခဲ့သည်။

ရည်ညွှန်းချက်

မြန်မာ့စွယ်စုံကျမ်း အတွဲ (၄)

ခေတ်ဟောင်းဓာတ်ပြား အဆိုတော်ကြီး ဒေါ်မန္တလာမြင့်ကို မန္တလေးမြို့ ရေကြည်ရပ်၌ အဖဦးမှင်၊ အမိဒေါ်ဆင့်တို့က ၁၉၀၀ ပြည့်နှစ် မတ်လ(၁၆)ရက်နေ့ တွင် မွေးဖွားသည်၊ အမည်ရင်း ဒေါ်ငွေဖြစ်သည်၊ မွေးချင်း ငါးယောက် အနက် တတိယမြောက် သမီးဖြစ်ပြီး ခုနစ်လသမီး အရွယ်ကတည်းက မျက်စိကွယ်ခဲ့သည်။

ဒေါ်မန္တလာမြင့်သည် (၁၁)နှစ်သမီးအရွယ် ဈေးချိုရုံ၊ ပိုးတန်း၌ သီချင်း ဆိုပြခဲ့ဖူးသည်။ ထို့နောက် အသက်(၂၅)နှစ်အရွယ်တွင် မန္တလေးမြို့ ရိုးကုမ္ပဏီ တိုက်ခွဲမှတစ်ဆင့် ရန်ကုန်မြို့ရှိ ကိုလံဘီယာဓာတ်ပြားကုမ္ပဏီသို့ ရောက်ရှိခဲ့ပြီး အဆိုပါ ဓာတ်ပြားကုမ္ပဏီအတွက် သီချင်းဆိုခဲ့သည်။ ၁၉၃၅ ခုနှစ်ခန့်မှစ၍ ဓာတ်ပြားသွင်းခဲ့ရသည်။

ဒေါ်မန္တလာမြင့် ပထမဆုံးသီဆိုခဲ့သည့်သီချင်းမှာ ဆရာရွှေတိုင်ညွန့် ရေးစပ်သော ဘောလယ်သံဆန်းဖြစ်ပြီး ထိုသီချင်းဖြင့်ပင် မန္တလာမြင့်ဟူသော အမည် သည် ဂီတလောကတွင် ထင်ရှားကျော်ကြားလာခဲ့သည်။ ဒေါ်မန္တလာမြင့် သီချင်း ဆိုရာတွင် မသီဆိုမီ အဆိုတော် ဒေါ်ကြည်အောင်က အဆိုချပေးသည်။

နန်းတော်ရှေ့ဆရာတင် ရေးစပ်ပြီး ဒေါ်မန္တလာမြင့်၏ အကျော်ကြားဆုံး သီချင်းဖြစ်သည့် ရွှေဘိုသနပ်ခါးသီချင်းကို ၁၉၃၈ ခုနှစ်၊ ဇွန်လတွင် ဓာတ်ပြား သွင်းခဲ့သည်။ ဆက်လက်၍ နန်းတော်ရှေ့ဆရာတင်၏ သာသနာ့ဒါယကာ သီချင်း ကို ၁၉၃၈ ခုနှစ်၊ အောက်တိုဘာလတွင် ဓာတ်ပြားသွင်းခဲ့သည်။ ပုဗ္ဗမင်္ဂလာ ရတုကိုလည်း ဓာတ်ပြားသွင်းခဲ့သည်။

ဒေါ်မန္တလာမြင့်သည် အဆိုအတီး ပညာရှင်များဖြစ်သော ရွှေပြည်အေး၊ ဂီတာစိမ်းမောင်၊ ဦးသောင်းဖေ (ဂီတာသောင်း)၊ စောင်းဦးဘသန်း၊ ဦးဘထင်

ဦးအုန်းမောင်၊ ဦးအောင်ချင်၊ (ဂီတာဦးစိမ်းမောင်၏ ဖခင်) စသည့် ပုဂ္ဂိုလ်များနှင့်တွဲဖက်သီဆိုခဲ့ရသည်။

သီဆိုခဲ့သော သီချင်းများမှာ ဗောလယ်သံဆန်း၊ ဘာသာတရား၊ အပျော်ဆုံးနေ့၊ သောင်းသောင်းညို (ယိုးဒယား)၊ တင်လျှာတော်၊ အပျို့ဂုဏ်ရည်၊ မြိုင်တောရွယ်၊ နတ်ပန်းမဥ္ဇူ၊ လမနဲ့ပါဝင်၊ မေတ္တာရေ၊ ကိန္နရီမောင်နှံ၊ ငါးပွင့်ဆိုင်၊ ဝေဿန္တရာ၊ လွတ်လပ်ရေး၊ ပါတော်မူ၊ အညာသားစုံတွဲ ( ဥသြဘသောင်နှင့်စုံတွဲဆို )၊ ဓိန္နိသာရ၊ ရွှေဘိုသနပ်ခါး၊ ရွှေပြည်ကြီး၊ ရွှေနန်းတော်၊ လယ်သမား၊ ရက်ရာဇာ၊ အပျိုကြီးစိတ်ကူး၊ သာသနာ့ဒါယကာ နှင့် ပုဗ္ဗမင်္ဂလာ (ရတု) စသည်တို့ဖြစ်သည်။

ခေတ်ဟောင်းအဆိုတော်ကြီး ဒေါ်မန္တလာမြင့်သည် တူ၊ တူမများနှင့်နေထိုင်ရင်း မျက်မမြင်ဘဝမှာပင် လှည့်လည်သီချင်းဆို အသက်မွေးရင်း အသက်(၈၁)နှစ်အရွယ် ၁၉၉၀ပြည့်နှစ် မေလ (၃)ရက်နေ့ မန္တလေးမြို့ ပြည်ကြီးကျက်သရေအနောက်၊ မြင်းစာရေးကြီးဝင်းနေအိမ်တွင် ကွယ်လွန်သည်။

ရည်ညွှန်းချက်

မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၁၉၉၁)

## စိန်ဗေဒါ



"အရှေ့ကိုလျှောက်ပါလို့၊ အနောက်ကိုတဲ့မျှော်လိုက်ရင်၊ တံခွန်တိုင် ရွှေကုက္ကားနဲ့ ဘုရားလေး လေ ဘုရားကိုမြင်" အစရှိသော သီချင်းကို သီဆိုသူမှာ မြန်မာ့သဘင် နယ်တွင် အထူးထင်ရှား ကျော်ဇောခဲ့သော ရှာစားကြီး စိန်ဗေဒါပင်ဖြစ်သည်။ စိန်ဗေဒါကို မြန်မာသက္ကရာဇ် ၁၂၄၄ ခုနှစ် တန်ဆောင် မုန်း လကွယ် နေ့တွင် မန္တလေးမြို့ ဆိုင်းဝင်းရပ်၌ ဖွားမြင် ခဲ့သည်။

ဖခင်မှာ ဘုရင့် အသုံးတော်ခံ ဆိုင်းဆရာကြီးတစ်ဦးဖြစ်သည့် ရှာစားကြီး ဆရာဖေဖြစ်သည်။ မိခင်မှာ သီချင်းကြီး သီချင်ခံ၊ ယိုးဒယားပတ်ပျိုး စသည်တို့ကို သီဆိုနိုင်သည့် အပြင် "မိကျောင်း" တူရိယာကို ပိုင်နိုင်စွာ တီးနိုင်သည့် နန်းတွင်းသူ ဒေါ်မမလေး ဖြစ်သည်။

ငယ်မည်မောင်ကလေးဖြစ်ပြီး မင်းသားကိုဖိုးကွန်း၊ မင်းသမီးမထွေးလေးတို့ ဇာတ်အဖွဲ့နှင့် ရန်ကုန်တွင် မင်းသမီး မင်းသား (၂)ပါးမသွားမီ ဆိုင်းဝိုင်းချည်းသက်သက် ဗလာတီးပေးရသော "ပတ်ခံ"တီးစဉ် မိမိ၏ ပညာစွမ်းရည်ကို ထုတ်ဖော်ခွင့် ရရှိလေသည်။ သူသည် "ဗေဒါ၊ ဗေဒါ နင်ဘူးကို ဘယ်သူ ချဲ့တယ်။ ပြောဟဲ့ဗေဒါ၊ မိဗေဒါ၊ အသေအချာ ဗေဒါမရယ်က နေရာချပါလို့ မပြောနိုင်၊ မြတ်ဆရာ အော်ကာငေါက်တယ်၊ ခေါင်းဖောက်ပါလို့ ဗေဒါမှိုင်-ဗေဒါမှိုင်" ဟူသော သီချင်းကို ဒုန်းကဲကြီး၊ နှစ်ဆစ်၊ တစ်ဆစ်၊ ဗယ်ကျော၊ ဗယ်တော၊ ဒုံးလုံးခေါ်သည့် ပတ်ဝိုင်းကြီးခြောက်လုံးနှင့် နားဝင်ချိုအောင် ပီသစွာ တီးပြနိုင်လေသည်။ သူ၏လက်သံကို ရန်ကုန်လူထုက အထူးနှစ်ခြိုက်ကာ "ဗေဒါ မောင်ကလေး"ဟု ခေါ်စမှတ်ပြုကြသည်။ မန္တလေးမြို့သို့ ပြန်လည်ရောက်ရှိလာသောအခါ "စိန်ဗေဒါ" ဟု "စိန်"တစ်လုံးတိုးလျက် ချီးကျူး

မှုသုံ့ခေါ်ကြပြန် သည်။

စိန်ဗေဒါသည် အဆိုအကတွင် အလွန်ဝါသနာပါသော မစိန်မေနှင့် အကြောင်းပါခဲ့သည်။ ၁၂၄၇ ခုနှစ်တွင် သီပေါဘုရင်သည် အိန္ဒိယနိုင်ငံ ဘုံဘိုင်ပြည်နယ် ရတနာဂီရိ၌ စံနေစဉ် ၁၂၇၂ ခုနှစ် တိုက်သစ်တက် မင်္ဂလာကျင်းပရာတွင် စိန်ဗေဒါက သပြေခံနှင့် ဖောင်လား၊ ဖောင်ငင်၊ ဖောင်ဆိုက် အစရှိသော ကြိုးသီချင်းများဖြင့် ဖြေဖျော်ရာ သီပေါမင်းက စိန်ဗေဒါအား "နေမျိုးဗလကျော်သူ" ဟူသော ရွှေစားဘွဲ့တံဆိပ်တော်နှင့်တကွ ရွှေသိုင်းအလံ(၄) ချက်၊ ဖန်အိုး (ဖန်ပန်းတိုင်း)တို့ကို ချီးမြှင့်ပေးသနားလေသည်။

စိန်ဗေဒါမှာ ဆိုင်းဝိုင်းကြီး တစ်ခုတည်းကိုသာ နိုင်းနင်းသည်မဟုတ်ဘဲ၊ ပလွေ၊ စောင်း၊ နှဲ၊ မိကျောင်း၊ ပတ္တလားများကိုလည်း အထူးပင် ကျွမ်းကျင်လိမ္မာစွာ တီးမှုတ်နိုင်ပေသည်။ ပတ်ဝိုင်းကြီးကိုမူ သူတကာမယှဉ်သာအောင် တီးနိုင်ပေသည်။ အနောက်တိုင်း တူရိယာများဖြစ်သော တယော၊ ဘင်ဂျို၊ မယ်ဒလင်၊ လက်ဆွဲဘာဂျာနှင့် ကောနက် (ခရာ)များကိုလည်း ထူးခြားစွာ တီးမှုတ်နိုင်သည်။ ဆိုင်းဝိုင်း တီးနည်းတွင် "ပတ်စာပိုး" တီးနည်းကို မိမိ၏ ပင်ကိုယ်ဉာဏ်ဖြင့် စိန်ဗေဒါသည် စတင်တီထွင်ခဲ့သည်။ အဆိုဘက်တွင် လည်း မိခင်၏အမွေကို ရသူဖြစ်၍ သရုပ်ပေါ်အောင် ပိုင်နိုင်စွာ ဆိုတတ်သူဖြစ်သည်။ ရွှေစားကြီးသည် မကွယ်လွန်မီ ခတ်ပြား(၆၄)ပြားမျှ အသံသွင်းခဲ့သည်။

ရတနာဂီရိ၌ စံနေတော်မူသော သီပေါမင်းထံဝင်ရောက်ကြရသည့်အခါ စောင်းဆရာ ဒေဝဣန္ဒာ ဦးမောင်မောင်ကြီးနှင့် လက်ပွန်းတတီးနေခွင့်ရသဖြင့် ထိုဆရာကြီးထံမှ စောင်းပညာကိုတပည့်ခံ၍ သင်ယူခဲ့လေသည်။

ဒုတိယကမ္ဘာစစ်အတွင်းက ရွှေစားကြီးစိန်ဗေဒါမှာ လည်ချောင်းကင်ဆာဖြစ်သဖြင့် ၁၃၀၄ ခုနှစ် တော်သလင်းလဆုပ်(၁၄)ရက်နေ့တွင် ရန်ကုန်မြို့ ရွှေတောင်တန်း၌ ကွယ်လွန်ခဲ့ပေသည်။

**ရည်ညွှန်းချက်**

မြန်မာစွယ်စုံကျမ်း အတွဲ (၄)

# ခင်ခင်ရီ



မြန်မာနိုင်ငံ ရုပ်ရှင်အနုပညာ လောက တွင် အသံတိတ်ခေတ် မှစတင်ပြီး အောင်မြင် ကျော်ကြားလာခဲ့သော ခင်ခင်ရီကို ၁၉၁၇ ခုနှစ် ဖေဖော်ဝါရီလ(၁၁)ရက်နေ့တွင် ပဲခူး မြို့၌ အဖ ဦးဘဟန်၊ အမိ ဒေါ်အုန်းမေ တို့က မွေးဖွားခဲ့သည်။ အမည်ရင်းမှာ မအေးကြည် ဖြစ်သည်။ ၁၉၂၉ခုနှစ် တွင် ရုပ်ရှင်လောက သို့ဝင်ရောက်ခဲ့ပြီး အမည်ရင်း မအေးကြည် မှ ခင်ခင်ရီသို့ ပြောင်းလဲခဲ့သည်။

ပထမဆုံးရိုက်ကူးခဲ့သော ရုပ်ရှင်ဇာတ်ကားမှာ "ရွှေအိမ်စည်နှင့် ပဒိုကမ္မာရား" ဖြစ်ပြီး ဗြိတိသျှဘားမားရုပ်ရှင်ကုမ္ပဏီက ရိုက်ကူးခဲ့ခြင်းဖြစ်သည်။ ခင်ခင်ရီ ပါဝင်ရိုက်ကူးခဲ့သည့် ရုပ်ရှင်ဇာတ်ကားပေါင်း (၁၀၀)ကျော်တွင် အောင်မြင် ကျော်ကြားခဲ့သည့် ဇာတ်ကားများမှာ "ဣတ္ထိယ"၊ "သူဇာ"၊ "ရွှေနှင့်မြ"၊ "အပျိုစင်" နှင့် "ကလေးမ" ရုပ်ရှင်ဇာတ်ကားများဖြစ်သည်။ နောက်ဆုံးပါဝင် ရိုက်ကူးခဲ့သည့် ရုပ်ရှင်ကားမှာ ဒါရိုက်တာ ဂန္ဓဝင်မောင်ဝိုင်း ရိုက်ကူးခဲ့သော "အချစ်ရွာ" ဇာတ်ကားဖြစ်သည်။ ခင်ခင်ရီသည် ပြည့်စုံရုပ်ရှင်မှ ညတိုက်ပွဲတွင် ရေးခေတ်မြန်မာ့ ရုပ်ရှင်သမိုင်းအခန်းတစ်ခန်း၌ မင်းသားတင်ငွေ နှင့်အတူ ပါဝင်သရုပ်ဆောင်ခဲ့သည်။ ခင်ခင်ရီသည် နိုင်ငံရေးနှင့်လူမှုရေး လုပ်ငန်းများတွင် လည်း တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့သူဖြစ်သည်။ မြန်မာနိုင်ငံ အထိမ်းအမှတ် နေ့ရက်ကြီးများနှင့် ပတ်သက်သော အခမ်းအနား များအတွက် ဇာတိသွေး၊

စာတိမာန် တက်ကြွစေမည့် တေးသီချင်းများဖြင့် သီဆိုလှူဒါန်း ပေးခဲ့သည်။ အပျော်တမ်း သူနာပြုအဖွဲ့တွင်လည်း ပါဝင်ဆောင်ရွက်ခဲ့သည်။ ခင်ခင်ရီသည် ၁၉၄၄ ခုနှစ်တွင် စာရေးဆရာ၊ ဒါရိုက်တာ ဝဏ္ဏကျော်ထင် ဦးရန်နိုင်စိန် (အငြိမ်းစား ညွှန်ကြားရေးမှူး၊ ယဉ်ကျေးမှုဝန်ကြီးဌာန)နှင့် အိမ်ထောင်ပြုခဲ့သည်။ သားသုံးဦးနှင့် သမီးတစ်ဦး ထွန်းကားခဲ့သည်။ ရုပ်ရှင် မင်းသမီးကြီး ခင်ခင်ရီသည် ၁၉၉၁ ခုနှစ် မတ်လ ၂ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်ခဲ့သည်။

ရည်ညွှန်းချက်

မြန်မာ့စွယ်စုံကျမ်း နှစ်ချုပ်(၁၉၉၂)၊

သားဖြစ်သူမောင်နန္ဒဝင်းနိုင်၏ ကိုယ်တိုင်ပြောပြချက်

## ခင်မောင်ရင်



ထင်ရှားသောအဆိုကျော်နှင့် ရုပ်ရှင်ဓာတ်လိုက် မင်းသား တစ်ဦးဖြစ်သော ခင်မောင်ရင်သည် မြန်မာသက္ကရာဇ် ၁၂၆၄ ခုနှစ်တွင် မအူပင်မြို့၌ဖွားမြင်သည်။ မိဘများမှာ ဦးကျော်လှနှင့် ဒေါ်သောင်းမေတို့ဖြစ်ကြ၍ မွေးချင်း ငါးဦးရှိရာ ခင်မောင်ရင်သည် သားဦးဖြစ်သည်။ မအူပင်မြို့ အစိုးရအထက်တန်းကျောင်း၌ ပညာသင်ကြားခဲ့ပြီး မန္တလေးမြို့ အမျိုးသားအထက်တန်းကျောင်းနှင့် ဝက်စလီယန်သာသနာပြုကျောင်းများ၌ ပညာဆက်လက်သင်ကြားခဲ့သည်။ ကျောင်းမှထွက်သောအခါ ရေစကြိုမြို့ အမျိုးသားကျောင်းတွင် ဆရာအဖြစ် ခေတ္တထမ်းဆောင်ပြီးနောက် ရန်ကုန်မြို့ အစိုးရပုံနှိပ်တိုက် လစ်သိုဂရတ်ဖစ်ဌာန (ကျောက်ပုံနှိပ်ဌာနခွဲ)တွင် (၁၀)နှစ်ကြာမျှ အလုပ်လုပ်ခဲ့သည်။

အစိုးရပုံနှိပ်တိုက်တွင် အမှုထမ်းလျက်ရှိစဉ် ဘားမားဖိုတိုပလေးဖလင်ရုပ်ရှင် ကုမ္ပဏီပိုင်ရှင် ဦးဘငြိမ်း၏ တိုက်တွန်းချက်အရ "ကေပါဒုက" ဓာတ်ကားတွင် မင်းသားအဖြစ် ပထမဆုံး ပါဝင်အသုံးတော်ခံသည်။ ထို့နောက် မကြာမီပင် မသန်းသန်းနှင့် အကြောင်းပါခဲ့သည်။

ခင်မောင်ရင်မှာ ဟန်အမူအရာကောင်းလှသဖြင့် ပွဲဦးထွက်ဓာတ်လမ်းပင် ဖြစ်လင့်ကစား လူအများသဘောကျကြသည်။ ထို့ကြောင့်အလုပ်မှထွက်၍ ရုပ်ရှင်နယ်သို့ ကူးပြောင်းသွားခဲ့လေသည်။ ခင်မောင်ရင်သည် ဗြိတိသျှဘားမား ရုပ်ရှင်

ကုမ္ပဏီ၌ နေနှင့်လ ရွှေနှင့်မြ၊ ဝတ္တရား၊ အချစ်ဆုံး၊ ဗိုလ်အောင်ဒင်၊ မိုးခေါင်ကျော်စွာ စသော အသံတိတ် အသံထွက်ဓာတ်ကားပေါင်းများစွာတွင် ဓာတ်လိုက်အဖြစ် ပါဝင်ခဲ့သည်။ မိုးခေါင်ကျော်စွာမှာ ခင်မောင်ရင် နောက်ဆုံးပါဝင်သော ဓာတ်ကား ဖြစ်လေသည်။

ခင်မောင်ရင်သည် ရုပ်ရှင်ထဲ၌ အမူအရာသာကောင်းသည်မဟုတ် အသံကောင်း၍သီချင်းကို ငြိမ့်အေးပြတ်သားစွာ သီဆိုနိုင်သည်။ သူဆိုခဲ့သောဓာတ်ကားထဲမှ သီချင်းများသည်လည်းကောင်း၊ စကြာသိုက်၊ ဘိုးဘိုးအောင်၊ နဂါးနီ၊ ကုသဝတီ၊ ဆိပ်ကမ်းသာ အစရှိသော ဓာတ်ပြားသီချင်းများသည်လည်းကောင်း၊ လူကြိုက်များ၍ ယခုထက်တိုင် ခေတ်စားလျက်ရှိသည်။

ခင်မောင်ရင်သည် ကာလပေါ်သီချင်းများကိုသာမက ရှေးသီချင်းကြီးများကိုလည်း နိုင်နင်းစွာဆိုနိုင်သည်။ ပပငယ်ဝင်းဝင်းအစချီသော ပတ်ပျိုးမှာ ခင်မောင်ရင် နှစ်သက်သော သီချင်းကြီးတစ်ပုဒ်ဖြစ်၍ ကိုယ်တိုင်သီဆိုကာ ဓာတ်ပြားသွင်းခဲ့သည်။

၁၉၃၉ ခုနှစ်တွင် ခင်မောင်ရင်သည် ဗြိတိသျှဘားမားကုမ္ပဏီမှထွက်လိုက်သည်။ ထိုအချိန်တွင် သူ၏ကျန်းမာရေးအခြေအနေမှာလည်း ယုတ်လျော့နေလေပြီ။ ခင်မောင်ရင်သည် ၁၉၄၆ ခုနှစ်ဦးပိုင်းတွင် အူရောင်ရောဂါဖြင့် ကွယ်လွန်ခဲ့သည်။ ခင်မောင်ရင်သည် မျိုးချစ်စိတ်ထက်သန်သော ပုဂ္ဂိုလ်တစ်ဦး ဖြစ်သည်။ ခင်မောင်ရင် ရိုက်ကူးခဲ့သော ရုပ်ရှင်ဓာတ်ကားများနှင့် သူဆိုခဲ့သော သီချင်းများမှာ ယနေ့တိုင် ကျော်ကြားလျက်ရှိသည်။

**ရည်ညွှန်းချက်**

မြန်မာ့စွယ်စုံကျမ်း အတွဲ(၂)


မြန်မာသက္ကရာဇ် ၁၂၇၁ ခုနှစ်တွင် ရန်ကုန်မြို့ အနောက်ပိုင်း(၁၄)လမ်း၌ အဖဦးဘိုးစော၊ အမိဒေါ်တင့်တို့မှ ဖွားမြင်သည်။ ငယ်စဉ်ကပင် အနုပညာဝါသနာကြီးခဲ့ပြီး ဖခင်ဖြစ်သူမှာလည်း ရာမဇာတ်တော်တွင် ဒသဂီရိနေရာမှ ကပြခဲ့သူ ဝါသနာရှင် တစ်ဦးဖြစ်လေရာ အနုပညာအသိုင်းအဝိုင်းနှင့် ထိတွေ့နီးစပ်ခဲ့ရသည်။ အသက်(၁၄)နှစ်ခန့်တွင် ရုပ်ရှင်တီးဝိုင်းဆရာ ကိုဘူဒါထံသို့ ဖခင်ဖြစ်သူဦးဘိုးစောကအပ်နှံပေးခဲ့သည်။ ရုပ်ရှင်တီးဝိုင်းများမှာ မူလက အမျိုးသားအဆိုတော်များသာရှိခဲ့ရာမှ အသံကောင်းလှသော မအေးမိကလေးကို ဆရာဖြစ်သူကိုဘူဒါက မြှောက်စား၍ သီဆိုခွင့်ပြုခဲ့သောကြောင့် ရုပ်ရှင်အမျိုးသမီး အဆိုတော်များထဲတွင် မအေးမိမှာ ပထမဆုံးအဆိုတော်ဟု အသိအမှတ်ပြုကြပါသည်။ ရုပ်ရှင်အဆိုတော်အဖြစ် (၇)နှစ်ခန့် သီဆိုခဲ့ပြီး အသက်(၂၀)ခန့်တွင် ဓာတ်ပြားအဆိုတော် ဖြစ်လာခဲ့ရာ ၁၉၃၃ ခုနှစ်တွင် မင်းကတော်အမည်ရှိသော ရုပ်ရှင်ဓာတ်ကားမှ ဓာတ်ဝင်တေးကို ဂုလ်ဘီယာမှ ထုတ်ဝေဖြန့်ချိခဲ့၏။ ပထမအစ၌ ဓာတ်ပြားအဆိုတော်အဖြစ် နာမည် မရသေးသော်လည်း တတိယမြောက် ရွှေနှင်းဆီသီချင်း ပေါ်ထွက်လာသောအခါတွင်မူကား မအေးမိ၏အမည်မှာ တိုင်းပြည်နှင့်အဝှမ်း ကျော်ကြားထင်ရှားသွား လေတော့သည်။ ထို့နောက်တွင်ကား ကိုလံဘီယာမှ မအေးမိ၏ ဓာတ်ပြားများကို လစဉ်ထုတ်ဝေ ဖြန့်ချိခဲ့လေသည်။

ကာလပေါ်သီချင်းများ သီဆိုဓာတ်ပြားသွင်းခဲ့ရာမှ ဆရာရွှေပြည်အေးနှင့် တွဲဖက်၍ ပန်းပေဝန်ယိုးဒယား ဖိန်းခြားကလေး ဓာတ်ပြားထွက်ပေါ်လာသောအခါ

ထူးထူးခြားခြား အောင်မြင်မှုရရှိသွားတော့သည်၊ မဟာဂီတသီချင်းကြီးအရသာကို သိရှိခံစားသွားကြရသော ပြည်သူတို့၏ တောင်းဆိုချက်အရ ဆရာရွှေပြည်အေးနှင့် တွဲဖက်၍ သီချင်းကြီးဓာတ်ပြားများ သီဆိုဖြန့်ချိခဲ့ရသည်။ ဒုတိယကမ္ဘာစစ်ဖြစ်ပွား လာသောအခါတွင်မူကား ဓာတ်ပြားလုပ်ငန်းရော ရုပ်ရှင်လုပ်ငန်းအစရှိသော အနုပညာလုပ်ငန်းများ ရပ်တန့်သွားကာ ဒုက္ခရောက်ရတော့၏။ ဆင်းရဲကြပ်တည်းမှုဒုက္ခအပြင် ရောဂါဝေဒနာပါ ကပ်ငြိလာခဲ့ပြီး ၁၉၄၅ ခုနှစ် ဩဂုတ်လ (၁၁)ရက်နေ့တွင် ပုဇွန်တောင် လိပ်ကန်လမ်း၌ ကွယ်လွန်ခဲ့ပါသည်။ အဆိုတော် မအေးမိ သီဆိုသွားခဲ့သော ဓာတ်ပြားသီချင်းများမှာ ရှာဖွေတွေ့ရှိသမျှ (၉၆) ပုဒ်မျှရှိပါသည်။

ရည်ညွှန်းချက်
ဗိုလ်ကလေးဦးတင့်အောင်၏ ရေးသားပေးပို့ချက်

# ဂီတာစိမ်းမောင်



ဂီတာစိမ်းမောင်သည် အနောက်တိုင်း တူရိယာပစ္စည်းဖြစ်သော ဂီတာကို မြန်မာ တီးကွက် တီးလက်ဖြင့် ပထမဆုံး တီထွင်၍ တီးခတ်ခဲ့သူ ဖြစ်သည်။ ဂီတာစိမ်းမောင် အား ရန်ကုန်မြို့ မလွှကုန်းရပ်၊ ပန်းပု ကန်ထ ရိုက်တာ ဆရာကြီး ဦးအောင်ချင်းနှင့် အမိ ဒေါ်ချစ်မေ တို့မှ မြန်မာသက္ကရာဇ် ၁၂၇၇ ခုနှစ်တွင် ဖွားမြင်သည်။ မွေးချင်းနှစ်ဦးရှိ၍ အမ ဖြစ်သူမှာ ဒေါ်ရင်မေဖြစ်ပါသည်။

ဂီတာစိမ်းမောင်သည် ငယ်ရွယ်စဉ်အခါကတည်းက တူရိယာပညာကို ဆည်းပူးတတ်မြောက်ခဲ့သည်။ သူ၏ပထမဦးဆုံးသော တူရိယာဆရာကား ဖခင် ဖြစ်သူ ဦးအောင်ချင်း ပင်ဖြစ်လေသည်။

အဆိုနှင့် တယောပညာကို အသက်ခုနစ်နှစ်အရွယ်တွင် ကျင်လည်စွာ တတ်မြောက်ခဲ့၍ တူရိယာဂီတပြိုင်ပွဲများတွင် ပထမ၊ ဒုတိယဆု အမျိုးမျိုးကို ဆွတ်ခူးနိုင်ခဲ့သည်။

ဗြိတိသျှဘားမား ရုပ်ရှင်ကုမ္ပဏီမှ ဂီတာသောင်းခေါ် ဦးသောင်းပေမှာ တယောထိုးသင်ပေးသည့် လက်ဦးဆရာဖြစ်ပြီး မောင်စိမ်းမောင် ခုနစ်နှစ်သား လောက်တွင် တယောကို ကောင်းစွာထိုးတတ် သောအခါ ခွေးတံဆိပ်ဓာတ်ပြား ကုမ္ပဏီတွင် ဓာတ်ပြားသီချင်းများကို အသံ သွင်းရသည်။

အသက် (၁၃)နှစ်သားအရွယ်တွင် ဂီတပညာရှင် ဒေါ်စောမြစကြည်

ထံမှရေးသီချင်းကြီးများကို ဆည်းပူးလေ့လာ ခဲ့လေသည်။ ဦးစိမ်းမောင်သည် ဂီတာကို ကြိုးညှိနည်းအမျိုးမျိုးနှင့် လက်စနေလက်ဟန်များကိုပါ ဆန်းသစ်စေကာ မြန်မာတီးကွက်တီးလက်များကို ပထမဆုံး စမ်းသပ်တီးမှုတ် အောင်မြင်ခဲ့လေသည်။

တို့ဗမာအစည်းအရုံးကြီး၏ ခေါင်းဆောင်မှုအောက်တွင် သခင်စိမ်းမောင်ဟူသော အမည်ကိုယူကာ နိုင်ငံရေးတရားပွဲများ၌ တရားပွဲမစမီ ဂီတာကြီးတစ်လက်ဖြင့် ဇာတိသွေး ဇာတိမာန်တက်ကြွဖွယ် တေးသီချင်းများကို တီးခတ်၍ ပရိသတ်၏ မျိုးချစ်စိတ်ဓာတ်ကို ပိုမိုထက်သန် မြင့်မားအောင် စွမ်းဆောင်ခဲ့သည်။ သာယာဝတီနှင့် မော်လမြိုင်မြို့တို့တွင် ကျင်းပခဲ့သော တို့ဗမာအစည်းအရုံး ညီလာခံများ၌ မအေးမိ၊ ခင်မောင်ရင်၊ ဆရာရွှေတိုင်ညွန့် တို့နှင့် တွဲဖက်ကာ ဇာတိမာန်သီချင်းများကို ရင့်ကျူးတီးမှုတ်ခဲ့သည်။

ဂီတာအတီးပညာများ၌ ထူးချွန်သူအဖြစ် ၁၉၃၈ ခုနှစ်တွင် ဦးစိမ်းမောင်အား ရန်ကုန်တက္ကသိုလ် ကျောင်းသားများသမဂ္ဂက ဂီတာဝိဇ္ဇာဘွဲ့ကို ချီးမြှင့်သည်။ ဦးစိမ်းမောင်သည် ဒီးဒုတ်ဦးဘချိုထံတွင်လည်း ဂီတပညာများကို ဆည်းပူးခဲ့သည်။

၁၉၄၈ ခုနှစ်တွင် မြန်မာနိုင်ငံတူရိယာဂီတအဖွဲ့ချုပ်၌ အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ ၁၉၄၉ ခုနှစ်တွင် ရုပ်ရှင်နှင့်ပြဇာတ် တူရိယာဂီတအဖွဲ့ခွဲ၌ အတွင်း ရေးမှူးအဖြစ်လည်းကောင်း၊ ၁၉၅၂ ခုနှစ်တွင် ဂီတအသင်းချုပ်၌ တွဲဖက်အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ မြန်မာနိုင်ငံ ကာလပေါ်တူရိယာ ဂီတအသင်းချုပ်ကြီးတွင် ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည်။

မြန်မာ့အသံမှနေ၍ ဂီတသင်ခန်းစာများကို ဒေါ်စောမြဖကြည်အား ကူညီပြီး မကြာခဏ ဝင်ရောက် အသံလွှင့်ခဲ့သည်။ နိုင်ငံတော် အနုပညာပန်တျာနှင့်

ပြဇာတ်သင်ကျောင်းကြီးတွင် ဘင်ဂျို၊ မယ်ဒလင်၊ တယော စသောကြိုးတပ် တူရိယာဆရာ အဖြစ်လည်းကောင်း၊ မြန်မာ့အသံတွင် ဂီတမှူးအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။

ဂီတာစိမ်းမောင်သည် ဇနီးဖြစ်သူ အဆိုတော်ကြီး ဒေါ်မေစီ တည်ထောင် ဖွင့်လှစ်သည့် ဂီတပညာသင်ကျောင်းတွင်လည်း ဦးဆောင်ဆရာ အဖြစ်ဆောင် ရွက်ခဲ့သည်။ ၁၃၃၃ ခုနှစ် ဝါခေါင်လပြည့်ကျော် ၁၁ ရက် (၁၉၇၁ခုနှစ် ဩဂုတ်လ ၁၇ ရက်) အင်္ဂါနေ့တွင် ဂီတာစိမ်းမောင်သည် ဦးနှောက်သွေး ကြောပြတ်ရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သည်။ ဇနီးဒေါ်မေစီ နှင့် မောင်အောင် မြိုင်၊ မောင်သန်းငွေ အမည်ရှိ သားနှစ်ဦးကျန်ခဲ့သည်။

ရည်ညွှန်းချက်

မြန်မာ့စွယ်စုံကျမ်း အတွဲ (၄)

## ပြည်လှဖေ



အရေးပိုင် ဦးရုံးနှင့် ဒေါ်ကြင်စီတို့မှ ဖွားမြင်သည့် သား(၄)ယောက် သမီး(၂)ယောက်တွင် ပြည်လှဖေသည် တတိယသား ဖြစ်သည်၊ သက္ကရာဇ် ၁၂၇၄ ခုနှစ်တွင် ပြည်မြို့ ကြို့းတန်းရပ်တွင် မွေးဖွားသည်။ ငယ်စဉ်ကတည်းက အနုပညာဝါသနာကြီး ခဲ့ပြီး ပြည်မြို့မှ နာမည်ကျော် ပညာရှင်ကြီး များ၏ ပညာရည်နို့ကို သောက်စို့ခဲ့ရသည်။ ပြည်လှဖေတို့ ညီအကိုလေးယောက်လုံး ဂီတဝါသနာကြီးကြသည်။ အကိုအကြီးဆုံး ကိုလှငွေမှာ ဘင်ဂျိုအတီးကောင်းပြီး အကိုလတ် ကိုလှရွှေမှာ တယောနှင့်ဆိုင်းဝိုင်းကို အတော်အသင့်နိုင်နင်းသည်။ ပြည်လှဖေကိုယ်တိုင်ကလည်း ပြည်မြို့မှာ နေစဉ်ကတည်းက တယောထိုးတတ် ခဲ့သည်၊ ပြည်မြို့တွင် (၁၀)တန်းအောင်သည်အထိ ကျောင်းနေခဲ့သည်၊ တက္ကသိုလ် တက်ရန် ရန်ကုန်သို့လာရင်း တက္ကသိုလ် မရောက်ပဲ၊ အေဝမ်းကုမ္ပဏီသို့ ရောက် သွားပြီး၊ သူငယ်ချင်းကိုတင်မောင်နှင့် တွေ့ဆုံရာမှ အေဝမ်းကုမ္ပဏီ၏ လခစား ဖြစ်ခဲ့သည်။ ၁၉၃၆ ခုနှစ်တွင် စတင်၍ အေဝမ်းတူရိယာအဖွဲ့ကို အုပ်ချုပ်သူအဖြစ် လုပ်ကိုင်ကာ အသံတိတ်ဓာတ်ကားများ၌ တီးမှုတ်ကြရသည်။ ၁၉၃၈ ခုနှစ် သဘင်ဝန်ဓာတ်ပြား ထုတ်လုပ်သောအခါ ဓာတ်ပြားအဆိုတော် ဖြစ်လာခဲ့သည်။ ၁၉၃၉ မှစ၍ ပြည်လှဖေ၏ နာမည်မှာ ကျော်ကြားခဲ့သည်။ လစဉ်ထုတ် အေဝမ်းသဘင်ဝန် ဓာတ်ပြားများ၌ တစ်ဦးချင်းအဆို စုံတွဲအဆိုတို့ အဆက်မပြတ် လစဉ်ထုတ်ဝေ ဖြန့်ချိကာ ပြည်သူတို့ အသည်းစွဲ အဆိုကျော် ဖြစ်လာသည်။ ရုပ်ရှင်မင်းသမီး အဆိုကျော် မေရှင်မှာ

ပြည်လှဖေနှင့် တွဲဖက်အဆို စုံတွဲဖြစ်ခဲ့သည်။

၁၉၄၇ ခုနှစ်တွင် အိန္ဒိယနိုင်ငံသို့ ထွက်ခွာသွားပြီး အင်ဂျင်နီယာ ဒီပလိုမာ ကျောင်းတက်ခဲ့သည်။ ပြန်လာသောအခါ ရုပ်ရှင်၊ ဂီတ၊ အနုပညာအလုပ်ကို လုံးဝမလုပ်တော့ပဲ တပ်မတော်ထဲသို့ ဝင်သွားသည်။ တပ်မတော်တွင် နှစ်ပေါင်း (၂၀)ကျော်မျှ အမှုထမ်းပြီး ဒုတိယဗိုလ်မှူးကြီးအဆင့်အထိ ရောက်ရှိခဲ့သည်။ ထို့နောက် မြေယာကျေးလက် ကော်ပိုရေးရှင်းတွင် အထူးအရာရှိ(စက်မှုလယ်ယာ) အဖြစ် ပြောင်းရွှေ့အမှုထမ်းရပြန်သည်။ ထို့နောက် အမှတ်(၂)စက်မှုဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့တွင် ဒုတိယဝန်ကြီးအဖြစ် အမှုထမ်းခဲ့ပြီး၊ ကျန်းမာရေး ချို့ယွင်းလာသဖြင့် အင်္ဂလန်နိုင်ငံတွင် ဆေးကုသွားရသည် အင်္ဂလန်မှာပင် ကွယ်လွန်အနိစ္စရောက်ခဲ့ရလေသည်။

ရည်ညွှန်းချက်

ဗိုလ်ကလေးဦးတင့်အောင် ရေးသားပေးပို့သည်။

# မေရှင်



မြို့ပိုင်ရှင်ပွဲစားကြီး ဦးခင်လေးနှင့် ဒေါ်ဖွားရုံတို့၏ သမီးငါးဦးအနက် သမီးထွေးဖြစ်ပြီး ၁၂၇၈ ခုနှစ်တွင် ဖွားမြင်သည်။ အဆိုပညာကို ငယ်စဉ်ကတည်းက လေ့လာခဲ့သည်။ အနုပညာ၌ ပျော်မွေ့သော်လည်း အဆက်အသွယ်က မရှိသဖြင့် ၁၉၃၆ခုနှစ်တွင်မှ သူ၏ ဝါသနာကို အထောက်အကူပြုမည့် အကြောင်းတစ်ရပ်ပေါ်လာ ခဲ့သည်။ အေဝမ်းဖလင်မှ ရုပ်ရှင်မင်းသမီးသစ်များ အလိုရှိကြောင်း လျှောက်ထားနိုင်ကြောင်း ကြော်ငြာအရ အမဖြစ်သူနှင့် တိုင်ပင်ကာ မန္တလေးအေဝမ်း တိုက်ခွဲသို့ သွားရောက်စုံစမ်းခဲ့သည်။ မန္တလေးတိုက်ခွဲမှာပင် လျှောက်လွှာတင်ခဲ့သည်၊ မကြာမီ ရန်ကုန်အေဝမ်းကုမ္ပဏီမှ ရုပ်ရှင်မင်းသမီးအဖြစ် ရွေးချယ်ကြောင်း အကြောင်းပြန်ကြားခဲ့ရာ ရန်ကုန်သို့ ဆင်းလာခဲ့ပြီး ကုမ္ပဏီသို့သွားရာမှ မူလနန်းရှင် အမည်ကို မေရှင်ဟု ပြောင်းလဲမှည့်ခေါ်ခဲ့သည်။

အေဝမ်းမှ မေသန်းဟူသော မင်းသမီးကို မွေးထုတ်ပြီးဖြစ်ရာ နောက်ထပ်ရောက်လာကြသော မင်းသမီးများကို မေရှင်၊ မေချစ်၊ မေမြင့်၊ မေနု၊ မေသစ်၊ မေဆန်း၊ မေလွင် စသဖြင့် "မေ"နာမည်များ မှည့်ခေါ်ခဲ့ပါသည်။

အသံတိတ်ဓာတ်ကားများ ရိုက်ကူးရာမှ အေဝမ်းသဘင်ဝန်ဓာတ်ပြား ထုတ်လာရာတွင် ဓာတ်ပြားသွင်းခွင့်ရရှိခဲ့သည်။ ရုပ်ရှင်ထဲတွင် သီဆိုခဲ့သော တေးများအပါအဝင် သီချင်းအပုဒ်ပေါင်း (၈၀)ခန့် သီဆိုခဲ့သည်။ နိုင်ငံကျော်အဆိုတော် ရုပ်ရှင်မင်းသမီးဘဝသို့ ရောက်ရှိသွားသောအခါ ဦးတင်မောင်နှင့်တွဲကာ ကားကြီးကားကောင်းများ ရိုက်ကူးခဲ့ရသည်။ ဒုတိယကမ္ဘာစစ်အပြီး

တွင်လည်း ဆက်လက်ရိုက်ကူးခဲ့သည်။ ပထမဆုံးရိုက်ကူးခဲ့သော ကားမှာ "မြားနတ်မောင်" ဇာတ်ကားဖြစ်ပြီး နောက်ဆုံးရိုက်ကူးခဲ့သော ကားမှာ "သားတို့ရုပ်ရည်" ဇာတ်ကားဖြစ်ပါသည်။ ထို့နောက် မြန်မာ့အသံတွင် ဝင်ရောက်အမှုထမ်းခဲ့သည်။ အသက်(၄၁)နှစ်အရွယ်တွင် မန္တလေးသို့ ပြန်သွားပြီး ယနေ့ထက်တိုင် မန္တလေးမြို့တွင် နေထိုင်လျက်ရှိပါသည်။

ရည်ညွှန်းချက်

ဒေါ်မေရှင်၏ကိုယ်တိုင်ပြောပြချက်နှင့်
ဗိုလ်ကလေးဦးတင့်အောင်၏ရေးသားချက်

# မောင်တင်မောင်



မောင်တင်မောင်ကို အဖ မြန်မာအဆွေ ကုမ္ပဏီတိုက်ကြီးကို တည်ထောင်ဖွင့်လှစ်ခဲ့သူ ဦးဘညွန့်၊ အမိဒေါ်ငြိမ်းရှင်တို့က ၁၂၇၀ ပြည့်နှစ်ဝါခေါင်လဆန်းတွင် ပြည်မြို့၌ မွေးဖွားခဲ့သည်။ သားသမီး(၉)ယောက်အနက် သတ္တမမြောက်သားဖြစ်သည်၊ မြန်မာအဆွေ အေဝမ်းရုပ်ရှင်မှ ဒါရိုက်တာ၊ မင်းသား၊ ဇာတ်ညွှန်းရေးသူ အဆိုတော် အေဝမ်းဦးတင်မောင်သည် မြန်မာ့ရုပ်ရှင်ပညာရှင် ကြီးများဖြစ်ကြသည့် ဦးတင်နွယ်၊ ဦးညီပု၊ ဦးမောင်မောင်စိုးတို့၏ ညီငယ် ဖြစ်သည်၊ ရန်ကုန်မြို့အစိုးရဟိုက်စကူးကျောင်းမှ (၁၀)တန်းအောင်၍ တက္ကသိုလ် ဥပစာအထက်တန်းရောက် ချိန်တွင် ရုပ်ရှင်ပညာကို လေ့လာခဲ့ပြီး (၁၉၃၄)ခုနှစ်တွင် ပထမဆုံး မြဂနိုင်ဇာတ်ကားကို ရိုက်ကူးအောင်မြင်ခဲ့သည်၊ ဆက်လက်၍ ပျိုတို့မောင်၊ နီလာရောင်၊ ဖူးစာရှင်၊ အောင်သပြေ၊ ချစ်စနိုး၊ လပြာသို၊ မြားနတ်မောင်၊ တစ်လိမ်နှစ်လိမ်၊ ချစ်အမျှချစ်ရေစင်၊ ချိန်တန်ပြီ အပါအဝင် ဇာတ်ကားပေါင်း(၄၀)ကျော် ရိုက်ကူးခဲ့သည်။ ရုပ်ရှင်တေးများကိုလည်း ကိုယ်တိုင်ဆို ဓာတ်ပြားသွင်းခဲ့၍ အဆိုတော်တစ်ဦးအဖြစ် ပရိသတ်ကအသိအမှတ်ပြုကာ ကျော်ကြားခဲ့သည်၊ ရုပ်ရှင်ရိုက်ကူးခဲ့ရာတွင် ၁၉၅၂ ခုနှစ်တွင် ကိုယ်တိုင်ဒါရိုက်တာ မင်းသားအဖြစ်ရိုက်ကူးသော ချစ်သက်ဝေ ဇာတ်ကားဖြင့် နိုင်ငံတော်က ပထမဆုံး ချီးမြှင့်သည့် အကယ်ဒမီဆုကိုလည်းကောင်း၊ ၁၉၅၃ ခုနှစ် ရတနာပုံဇာတ်ကားတွင် သရုပ်ဆောင်မင်းသားဆုနှင့် ဒုတိယအကြိမ်

ဇာတ်ကားဆုကိုလည်းကောင်း၊ ၁၉၆၇ ခုနှစ်တွင် ကိုယ်ရယ်တိုးရယ်စိုးစိုးရယ် ဇာတ်ကားဖြင့် ဒါရိုက်တာဆုနှင့် မင်းသမီးဆုကိုလည်းကောင်း၊ ၄င်းနှစ်မှာပင် နှစ်မွှာအသဲဇာတ်ကားရိုက်ကူးခဲ့ရာ မင်းသမီးအကယ်ဒမီဆု များရရှိခဲ့ပါသည်။

မောင်တင်မောင်ရိုက်ကူးသည့် ကားများအနက် ၁၉၆၃ ခုနှစ်တွင် မိဘမေတ္တာကြီးမားပုံသရုပ်ဖော် ရာဇဝင်ဇာတ်ကား (ဗိမ္ဗိသာရ)မှာ အလွန်လူကြိုက်များခဲ့သည်။ အောဝမ်းသံစုံတီးဝိုင်းအဖွဲ့ကြီးကို ဒုတိယကမ္ဘာစစ်မတိုင်မီက ဖခင်ကြီးဦးဘညွန့် ဦးစီး၍ တေးသီချင်းများစွာ ဓာတ်ပြားထုတ်လုပ်ခဲ့သည်။ ဒုတိယ ကမ္ဘာစစ်အတွင်းက ဗိုလ်ရန်နိုင်တပ်တွင် အမှုထမ်း ခဲ့သည်။ မောင်တင်မောင်သည် ၁၉၅၈ ခုနှစ် တွင် အလင်္ကာကျော်စွာဘွဲ့ကို လည်းကောင်း၊ ၁၉၅၉ ခုနှစ်တွင် မော်ကွန်းဝင် တတိယဆင့်ကိုလည်းကောင်း ဂုဏ်ပြုချီးမြှင့်ခံခဲ့ရသည်။ ရုပ်ရှင်ကောင်စီဥက္ကဋ္ဌကြီးအဖြစ် ၁၉၆၂ ခုနှစ်မှစ၍ ဆောင်ရွက်ကာ ရုပ်ရှင်ပညာလေ့လာရေးအပါအဝင် နိုင်ငံခြားခရီးစဉ်များအဖြစ် အင်ဒိုနီးရှား၊ အိန္ဒိယ၊ ဂျပန်၊ အမေရိကန်၊ အနောက် ဂျာမဏီ၊ ဆွီဇာလန်၊ ပြင်သစ်၊ အီတလီ၊ ကမ္ဘောဒီးယား၊ အရှေ့ဂျာမဏီ၊ ဆိုဗီယက်ရုရှား၊ မြောက်ကိုးရီးယားနိုင်ငံများသို့ သွားရောက်ခဲ့သည်။

၁၉၄၃ ခုနှစ်တွင် ဇနီးသည် ဒေါ်တင်တင်နှင့်အိမ်ထောင်ပြု၍ သားသမီး (၆)ယောက်ထွန်းကားပြီး၊ ရန်ကုန်မြို့မေခလမ်းတွင် ဇနီး၊သားသမီးမြေးများဖြင့် ကျန်းမာပျော်ရွှင်စွာဖြင့် နေထိုင်လျက်ရှိပါသည်။

**ရည်ညွှန်းချက်**

အောဝမ်းဦးတင်မောင်၏ မိသားစုကပြုစုသည်။



ရုပ်ရှင်သရုပ်ဆောင် မေမေဝင်းကို အဖ ဦးဖိုးစိန်၊ အမိ ဒေါ်အေးခင်တို့မှ မြန်မာသက္ကရာဇ် ၁၂၇၀ ပြည့်နှစ်တွင် မွေးဖွားသည်။ မြစ်ဝကျွန်းပေါ်ဒေသ မလက်တိုရွာ ဇာတိဖြစ်သည်။ အမည်ရင်းမှာ ဒေါ်ခင်မြမြ ဖြစ်သည်။

ငယ်ရွယ်စဉ်အခါကပင် ရုပ်ရှင်လုပ်ငန်းတွင်ဝါသနာထုံသည်။ ဒါရိုက်တာ ဆရာခန့်၏ ယူနိုက်တက် အတ်တစ်ကုမ္ပဏီမှ ထုတ်လုပ်သော ထိပ်ထိပ်ကြဲ ဇာတ်ကားတွင် စတင်ပါဝင် သရုပ်ဆောင်ခဲ့သည်။

မြမြအမည်နှင့် အေဝမ်းရုပ်ရှင်၌ ညဥ့်ဦးယံ (၁၉၃၃)၊ စိမ်းရွှေရွှေ (၁၉၃၄)၊ ဒွေးညီနောင် (၁၉၃၄)၊ အောင်ပင်လယ် (၁၉၃၄)၊ သံခမောက် (၁၉၃၅) စသည့် ရုပ်ရှင်ဇာတ်ကားများတွင် သရုပ်ဆောင်ပါဝင်ခဲ့သည်။

တဖန် ဗြိတိသျှဘားမား ရုပ်ရှင်ကုမ္ပဏီသို့ ဝင်ရောက်ပြီး ခေတ်ဆန်သူ အသံထွက်ဇာတ်ကားကို ၁၉၃၆ ခုနှစ်တွင် ရိုက်ကူးခဲ့သည်။ ထိုအချိန်မှစ၍ မေမေဝင်းဟူသော အမည်သို့ ပြောင်းလဲခေါ်သည်။

အချစ်ဆုံးနှင့် ဗိုလ်အောင်ဒင် အသံထွက် ရုပ်ရှင်ဇာတ်ကားများသည် မေမေဝင်း၏ သရုပ်ဆောင်အကောင်းဆုံးသော ဇာတ်ကားများအဖြစ် အသိအမှတ်ပြုကြသည်။

အချစ်ဆုံးဇာတ်ကားနှင့် ဗိုလ်အောင်ဒင် ရုပ်ရှင်ဇာတ်ကား နှစ်ကားစလုံး

ပင် ညွှန့်မြန်မာရုပ်ရှင် (ဗြိတိသျှဘားမားရုပ်ရှင်ကုမ္ပဏီ) ကပင် ၁၉၃၉ ခုနှစ်နှင့် ၁၉၄၀ ပြည့်နှစ်တွင် ရိုက်ကူးခဲ့သည်။

မေမေဝင်းသည် ရဲအရာရှိဦးမောင်ဝင်းနှင့် ငယ်ရွယ်စဉ်ကပင် အိမ်ထောင်ကျခဲ့ပြီး တစ်ဦးတည်းသောသမီး ဘေဘီဝင်း ကျန်ရှိခဲ့သည်။ ဒုတိယကမ္ဘာစစ်ကြီးအတွင်းက မအူပင်မြို့ မလက်တိုရွာသို့ ပြန်လည်ရောက်ရှိ ခိုလှုံနေပြီးနောက် စစ်ပြီးခေတ်တွင် ဦးစိန်အောင်မင်းဇာတ်နှင့်လိုက်၍ ရှေ့ပိုင်းပြဇာတ်များတွင် ပါဝင်ကပြခဲ့သည်။ ရုပ်ရှင်များတွင်လည်း လူကြီးခန်းမှ ပါဝင်သရုပ်ဆောင်ခဲ့သည်။

မေမေဝင်းသည် အသက် ၇၃နှစ် (၁၃၄၃ ခုနှစ် နှစ်ဆန်းတစ်ရက်နေ့) တွင် ရန်ကုန်မြို့၌ ကွယ်လွန်ခဲ့သည်။

**ရည်ညွှန်းချက်**

မြန်မာ့စွယ်စုံကျမ်း နှစ်ချုပ် (၁၉၈၂)


ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပြန်ကြားရေးဝန်ကြီးဌာန

တေးရေးပညာရှင်ကြီးများ ၏

# ခေတ်ဟောင်းတေးသီချင်းများ

အတွဲ (၂)





# ဦးရာပြတ်

ဖခင်ဦးသာဒင်(ဇာတ်မင်းသား)နှင့် မိခင်ဒေါ်နက်တို့မှ (၁၂၄၆)ခုနှစ်တွင် တောင်သာမြို့(မြင်းခြံခရိုင်)၌ မွေးဖွားခဲ့သည်။ ဦးရာပြတ်၏ အမည်ရင်းမှာ ဦးမောင်ကလေးဖြစ်ပါသည်။ ငယ်စဉ်အခါကပင် နိုင်ငံကျော်ဆိုင်းဆရာကြီး စိန်ဗေဒါ၏ ဆိုင်းနောက်ထအဖြစ် တွဲဖက်၍ အဆိုတော်လုပ်ငန်းကို လုပ်ကိုင်ခဲ့သည်။ ဖခင်၏ ဇာတ်သဘင်အဖွဲ့နှင့် မြန်မာပြည်အနှံ့လိုက်ပါခဲ့ရ၍ ဇာတ်သဘင်ပညာကိုလည်း ရရှိခဲ့ပါသည်။ မင်းသားဖြစ်စတွင် မြင်းခြံမြို့၌ ပွဲပြိုင်မင်းသားအဖြစ် ပြိုင်၍ကကြရာမှ ထူးချွန်သောအနုပညာသည် ဘဝသို့ ရောက်ရှိခဲ့ပါသည်။

နိုင်ငံကျော်ဆိုင်းဆရာကြီးစိန်ဗေဒါ၏ အမည်ရင်းမှာ ဦးမောင်ကလေးဖြစ်၍ ဗေဒါမောင်ကလေးဟု အမည်တွင်ပြီး ဦးရာပြတ်ကိုလည်း ရာပြတ်မောင်ကလေးဟု အနုပညာလောကတွင် ခွဲခြားထားပါသည်။ ထိုအချိန်က နာမည်ကြီးမင်းသားများတွင် "စိန်"ဟူသော အမည်ပါရှိလျက် ထင်ပေါ်နေကြလေသည်။ အဆိုပါစိန်တို့ကို တန်ဖိုးသတ်မှတ်ပေးမည့်သူဟု အဓိပ္ပါယ်သက်ရောက်သည့် "ရာပြတ်"ဟူသောအမည် ကင်းပွန်းတပ်ခဲ့ရာမှ ဦးရာပြတ်အဖြစ်ရောက်ရှိလာခြင်းဖြစ်ပါသည်။

နိုင်ငံကျော်ဆိုင်းဆရာကြီး ဦးစိန်ဗေဒါနှင့်တွဲခဲ့စဉ်က မဟာမြိုင်သီချင်း၊ သင်္ကြံဟ်စုံတွဲ ပွေးဖိုပွေးမစုံတွဲတို့ကို ရေးစပ်ခဲ့ပါသည်။ ဦးရာပြတ် တီထွင်ကပြခဲ့သော သေတ္တာအက၊ မြင်းအကနှင့် လက်ဖဝါးပေါ် ခါးလှည့်အကတို့မှာ အထူးထင်ရှားခဲ့သဖြင့် ယနေ့ခေတ်အကပညာရှင်များ တန်ဖိုးထားသင့်ယူ ကပြနေဆဲဖြစ်ပါသည်။

၁၂၈၀ ပြည့်နှစ်တွင် မင်းသမီးဒေါ်ငွေစိန်နှင့် အိမ်ထောင်ပြုခဲ့ပါသည်။ ဦးရာပြတ်သည် ရှမ်းပြည်နယ် ပင်းတယမြို့၌ ၁၂၉၅ ခုနှစ်တွင် အဆုတ်ရောဂါဖြင့် ကွယ်လွန်ခဲ့ပါသည်။

**ရည်ညွှန်းချက်**

ဦးလူမော်

၂၅၂/၃၅ လမ်း

ကျောက်တံတားမြို့နယ်

ရန်ကုန်။

တက္ကသိုလ်လှ (မောင်မောင်လှ)



အဘ MR.A.C Bhatacharji- အမိဒေါ်ခင်တို့မှ မွေးဖွားပါသည်။ (၁၉၁၇) ဇူလိုင်လ၊(၂၉)ရက်နေ့ မွေးဖွားပါသည်။ မောင်နှမ (၈)ယောက်အနက် အငယ်ဆုံးဖြစ်ပါသည်။ B.A (ပါဠိ) Honsနှင့် ဘွဲ့ရပြီး Burrma Railways တွင် C.R.A(Contorller of Railways Accounts)ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။

အသက်(၂၄)နှစ်အရွယ်တွင် လူပျိုဘဝဖြင့် ကွယ်လွန်ခဲ့ပါ သည်။ မြို့မသီးသည် သူ၏တပည့်ရင်းဖြစ်သည့်အတွက် သီချင်း Notes အများစုသည် မြို့မသီးထံ၌သာ ကျန်ရှိခဲ့ပါသည်။

တက္ကသိုလ်လှရေးသားသော သီချင်းများအနက် ချိန်တန်ပြီ၊ ရွှင်ပြုံးသူ၊ စိတ်ကူးနေမယ်၊ ကိုကိုမျက်နှာ၊ သုံးပန်လှ၊ မမုန်းနိုင်၊ ချစ်အမျှ၊ သူဇာလှ၊ ထူးတဲ့လူ့ရွာ၊ ခြောက်ပြစ်ကင်း၊ ချစ်ဝိဇ္ဇာ၊ ရွှေနွယ်ရီး၊ မက်မပြယ်၊ ရွှေချိုးကူသံ၊ ချစ်စရာ၊ ရွှေစံပယ်ရုံ၊ ချူမယ့်သူများမှာ အကျော်ကြားဆုံးသော သီချင်းများဖြစ်ပါသည်။

**ရည်ညွှန်းချက်**

ဒေါ်သန်းသန်းအောင်(တက္ကသိုလ်လှ၏မြေး)၏ ရေးသားပေးပို့ချက်
တိုက် ၂၁၇၊ အခန်း-၂
အရှေ့ရန်ကင်း
Phone ၇၀၅၁၄၅

# ခေတ္တရာအေး



ခေတ္တရာအေး၏ အမည်အရင်းမှာ ဦးအေးမောင်ဖြစ်ပြီး၊ ငယ်နာမည်မှာ အပါဖြစ်သည်။ ၁၂၇၅ ခုနှစ်၊ ကဆုန်လဆန်း (၁၄)ရက်၊ ၁၉၁၃ ခုနှစ် မေလ(၁၈)ရက် တနင်္ဂနွေနေ့တွင် မြို့ပိုင် ဦးဘကလေး၊ ဒေါ်သောင်းသောင်းတို့မှ ဖွားမြင်ခဲ့သည်။ ပြည်မြို့ ဆင်စုရပ် ဇာတိဖြစ်ပြီး၊ ပြည်မြို့ ဦးဘသိန်းမူလတန်းကျောင်းနှင့် ABM ကျောင်းတို့တွင် (၉)တန်းအထိ ပညာသင်ကြားခဲ့သည်။

၁၉၃၀ ပြည့်နှစ်တွင် ပြည်မြို့မှ ရန်ကုန်မြို့သို့ပြောင်းရွှေ့လာပြီး တေးသီချင်းများရေးဖွဲ့ခဲ့သည်။ ၁၉၃၆ ခုနှစ် ဩဂုတ်လ(၁၀)ရက်နေ့တွင် မြမျက်ခြယ် တေးသီချင်းကို အသံသွင်းခဲ့သည်။ ဝင်းဝင်းပြဇာတ်ရုံတွင်လည်း ဆိုက်ဆိုဖုန်း မှုတ်ခဲ့သည့်အပြင် အေဝမ်းရုပ်ရှင်ကုမ္ပဏီတွင် အလုပ်ဝင်ရောက်လုပ်ကိုင်ခဲ့သည်။

၁၉၄၀ ပြည့်နှစ်တွင် ဒေါ်သန်းကြည်နှင့် အိမ်ထောင်ပြုပြီး သားသမီး(၄)ဦး ထွန်းကားခဲ့သည်။ ရန်ကုန်မြို့ (၄၆)လမ်း၊ အိမ်အမှတ်(၁၂၈)တွင်နေထိုင်ခဲ့ပြီး၊ ၁၃၁၂ ခုနှစ် ကဆုန်လပြည့်နေ့၊ ၁၉၅၀ ပြည့်နှစ် ဧပြီလ(၃၀)ရက် တနင်္ဂနွေနေ့ မွန်းလွဲ(၃)နာရီ၊ မိနစ်(၂၀)တွင် အင်းယားကန်၌ ရေနစ်ပြီး ကွယ်လွန်ခဲ့သည်။

**ရည်ညွှန်းချက်**

ခေတ္တရာအေး၏မှတ်စုစာအုပ်ပါအချက်အလက်များနှင့်သမီးကြီးဖြစ်သူ ဒေါ်ကြည်ရွှေ၏ကိုယ်တိုင်ပြောပြချက်။

## ကြယ်တံခွန်(ခ) စွဲကြီး



ကြယ်တံခွန်(ခ)စွဲ.ကြီးသည် စစ်ကိုင် ခေတ် ဟိုက်စကူးကျောင်းတွင် ပညာသင်ကြားပြီး အေဝမ်းဦးတင်မောင်၊ ဦးလှဘူး၊ ဦးမောင်မောင်စိုး၊ ဒဂုန်မြတ်လေးနှယ်တို့နှင့် ကျောင်းနေဖက်သူငယ်ချင်းများဖြစ်ကြသည်။ ကျောင်းမှထွက်ပြီး စတီးဘရားသားတွင် အလုပ်ဝင်ရောက်လုပ်ပြီး အလုပ်လုပ်နေစဉ် လေဖြတ်၍ ပါးတစ်ခြမ်းစွဲ.သွားခဲ့သည်။ ကျန်းမာရေး ချို့ယွင်းမှုကြောင့် အလုပ်မှထွက်လိုက်ရပြီး နောက်သူငယ်ချင်းဖြစ်သူ အေဝမ်းဦးတင်မောင်က သူရိုက်ကူးသော ဇာတ်ကားများတွင် ဦးစွဲ.ကြီးဟူသော အမည်ပေးကာ ဇာတ်ကားပေါင်းများစွာတွင် ပါဝင်သရုပ်ဆောင်စေခဲ့၍ နာမည်ကျော်ကြားခဲ့ပါသည်။ အေဝမ်းတွင် သဘင်ဝန် ဇာတ်ပြား၌ တယောထိုးပြီး တေးသီချင်းများ ရေးသားခဲ့ပါသည်။ တီးဝိုင်းတွင် အေဝမ်းဦးခင်မောင်၊ ပြည်လှဖေတို့နှင့်အတူ တယောထိုးပြီး တေးသီချင်းများ သွင်းခဲ့သည်။

ဦးကြယ်တံခွန်(ခေါ်)ဦးစွဲ.ကြီး အေဝမ်းသဘင်ဇာတ်ပြားတွက် ရေးစပ်ခဲ့သော သီချင်းများမှာ မေတ္တာလက်ဆောင်(မေမြင့်)၊ ချစ်ဝဲလည်(ဦးတင်မောင်)၊ ပျိုအိပ်ချိန်(ခင်နှင်းရီ)နှင့် လေညင်းခံ(ခင်နှင်းရီ)တို့ဖြစ်ပါသည်။

ချိန်တန်ပြီ ရုပ်ရှင်ဇာတ်ကားတွင် နောက်ဆုံးပါဝင်သရုပ်ဆောင်ခဲ့ပြီး အသက်(၅၁)နှစ်အရွယ်တွင် ကွယ်လွန်ခဲ့သည်။

**ရည်ညွှန်းချက်**

ကြယ်တံခွန်(ခေါ်)စွဲ.ကြီး၏သား ဦးထွန်းအေး(ခေါ်)ဦးဝေလီ ရေးသား ပေးပို့သည်။

## မေသန်း



ဒေါ်မေသန်း၏ အမည်ရင်းမှာ ဂရေစီ ခေါ် မသန်းတင်ဖြစ်၏။ မြင်းခြံမြို့ မီးပေါင် (မီးအာမခံ) ကိုယ်စားလှယ် မစ္စတာတီအမ် တာတီယပ်စ်နှင့် ဒေါ်စောနန်းညွန့်(ရှမ်း အမျိုးသမီး)တို့မှ ၁၉၁၆ ခုနှစ်တွင် မွေးဖွား သည်။ သားသမီးခြောက်ယောက်အနက် စတုတ္ထမြောက်သမီးဖြစ်သည်။ မြင်းခြံမြို့ အေဘီအမ်ကျောင်းမှ အင်္ဂလိပ်မြန်မာ ခုနစ် တန်းအောင်မြင်ခဲ့သည်။

မြန်မာအဆွေ အေဝမ်းရုပ်ရှင်ကုမ္ပဏီ တွင် ရုပ်ရှင်မင်းသမီးလျှောက်ရာတွင် ရွေးချယ်ခြင်းခံရပြီး ဒါရိုက်တာဆရာရွှေ ရိုက်ကူးသည့် စိုးပါနှင့်မေ အသံတိတ် ရုပ်ရှင်ရုပ်ရှင်ကားတွင် မင်းသား ကျော်အေးနှင့်တွဲ၍ ခေါင်းဆောင်မင်းသမီးအဖြစ် မေသန်းအမည်ခံယူကာ စတင်သရုပ်ဆောင်ခဲ့သည်။ ထိုစဉ်ကအသက်(၁၃)နှစ် ကျော်ကျော်သာရှိသေးသည်။ ရုပ်ရှင်ကားတစ်ကားလျှင် (၃၅၀)ကျပ်ရရှိသည်။

စိုးပါနှင့်မေ ရုပ်ရှင်ဖြင့် နာမည်တစ်ဟုန်ထိုး ကျော်ကြားသွားခဲ့သည်။ အေဝမ်းရုပ်ရှင်တွင် မင်းသားမောင်မောင်လေးနှင့်တွဲဖက်၍ ခိုင်သစ္စာ၊ တောင်ညိုညို မင်းသားကျော်အေးနှင့်တွဲဖက်လျက် ရွှေတံငါ၊ မင်းသားဘမြင့်နှင့်တွဲဖက်ပြီး စမ်းရေယဉ်၊ ချစ်မယ်ဆို၊ ဝေဘာဂီ၊ မင်းသားဘချစ်နှင့်အတူမော်စက်ရောင် စသည့် အသံတိတ်ဓာတ်ကားများရိုက်ကူးခဲ့သည်။

ထို့နောက် အိစတင်းရုပ်ရှင်ကုမ္ပဏီတွင် ဒါရိုက်တာဆရာရွှေ၏ တို့အောင်လံ ဓာတ်ကား၌ မင်းသားဘချစ်နှင့်လည်းကောင်း၊ ဒါရိုက်တာဦးချစ်ဖေ၏ ဓာတိမျိုးဓာတ်ကား၌ မင်းသားကျော်အေးနှင့်လည်းကောင်း တွဲဖက်သရုပ်ဆောင် ခဲ့သည်။ ဓာတိမျိုးဓာတ်ကားရိုက်ကူးနေစဉ်အတွင်း ရန်ကုန်တက္ကသိုလ်မှ သချာ

ပါမောက္ခ ဦးအောင်လှနှင့် အိမ်ထောင်ကျသည်။

မေသန်းသည် စစ်ကြိုခေတ်ရုပ်ရှင်လောကတွင် နာမည်ထင်ရှားလှကြိုက် များသလို ဂီတလောက၌လည်း ဓာတ်ပြားများသွင်းပြီး အဆိုတော်အဖြစ် အောင်မြင် ကျော်ကြားခဲ့သည်။ ၁၉၃၈ ခုနှစ်မှစ၍ ကိုလံဘီယာဓာတ်ပြားကုမ္ပဏီတွင် အကျီပါး၊ ရွှေချိုးဖြူ၊ I Love You၊ ညီအစ်မခုနစ်ဖော်၊ နှယ်သီဂီ၊ မြသီတာ၊ ဇာတ်လိုက်၊ ပို့ချစ်ဆွေ၊ ဖိုးရွှေလှ၊ ချစ်ပန်းပင်၊ ဆီမီးပွဲတော် သီချင်းများဓာတ်ပြားသွင်းခဲ့သည်။ အကျီပါးသီချင်းမှာ စာရေးဆရာ ရွှေတိုင်ညွန့်၏ လက်ရာဖြစ်ပြီး ကျန်သီချင်း အားလုံးကို အလင်္ကာကျော်စွာရွှေပြည်အေး ရေးစပ်ပေးသည်။

ဂျပန်ခေတ် ရုပ်ရှင်လုပ်ငန်းများ ရပ်ဆိုင်းသွားချိန် ပြဇာတ်များတွင် ပါဝင် သရုပ်ဆောင်ကပြခဲ့ပြီး စစ်ပြီးခေတ်တွင် အောင်ဇေယျရုပ်ရှင်မှ သူပုန်မ၊ ရွှေမြင်းမိုရ် ရုပ်ရှင်မှ ဂျမဒါကိုကိုကြီး၊ ကန်တော်မိတ်ရုပ်ရှင်မှ ရွှေဘိုသား အသံတိတ်ရုပ်ရှင် များတွင်လည်း သရုပ်ဆောင်ခဲ့သေးသည်။

ဒေါ်မေသန်းသည် (၁၉၃၈)ခုနှစ်ကတည်းကပင် ဆရာမကြီး ဒေါ်ဒေလီညွန့် ထံ၌ မဟာဂီတသီချင်းကြီးများကို သင်ယူခဲ့သည့်အလျောက် စစ်ပြီးခေတ်နောက် ပိုင်းတွင် ခင်ပွန်းဖြစ်သူဦးအောင်လှ(စောင်း) ဒေါ်မေသန်းသီချင်းကြီးတူရိယာအဖွဲ့ အမည်ဖြင့် မြန်မာ့အသံမှနေ၍ မဟာဂီတသီချင်းအများအပြား သီဆိုအသံလွှင့် ခဲ့သည်။

(၁၉၈၃)ခုနှစ် ခင်ပွန်းဖြစ်သူဦးအောင်လှ ကွယ်လွန်ပြီးနောက် သားသမီး မြေးများနှင့်အတူ အမှတ်(၁၆) ရွှေတောင်ကြားနေအိမ်တွင် ယခုထက်တိုင်နေထိုင် လျက်ရှိသည်။

**ရည်ညွှန်းချက်**

သပြေမဂ္ဂဇင်း၊တက္ကသိုလ်ခင်မောင်ဇော်၏နှောင်းအတိတ်က မဟောင်းသော ပုံရိပ်လွှာများ ဆောင်းပါးမှ ထုတ်နုတ်ဖော်ပြသည်။

## မေနု



မေနု၏ အမည်ရင်းမှာ မကျင်နု ဖြစ်သည်။ ၁၉၂၀ ခုနှစ်တွင် ပဲခူးမြို့ အဘဦးရွှေလှ အမိဒေါ်သိန်းတို့မှ မွေးဖွားသည်။ သားသမီး ငါးယောက်အနက် စတုတ္ထမြောက်သမီးဖြစ်သည်။ ခုနစ်တန်းအထိ ကျောင်းပညာသင်ကြားခဲ့သည်။ ၁၆ နှစ်အရွယ်တွင် ဒါရိုက်တာ ဦးပါကြီး ဇနီးဒေါ်ရင်ရင်တို့နှင့် ပတ်သက်ပြီး အေဝမ်းရုပ်ရှင်ကုမ္ပဏီတွင် တစ်လ(၃၀) ကျပ်ဖြင့် သုံးနှစ်စာချုပ်ချုပ်၍ ရုပ်ရှင်မင်းသမီးအဖြစ် ခန့်ထားခြင်းခံရသည်။

မေနုသည် ဒါရိုက်တာဦးလွန်းဖေ ရိုက်ကူးသော အိမ်တွင်းမင်းမဟာဂီရိ အသံတိတ် ဇာတ်ကားတွင် မင်းသားညွန့်မောင်၊ မင်းသမီးမေမြင့်၊ မေညွန့်တို့နှင့် တွဲဖက်၍ စတင်ကာ ဇာတ်ရံသရုပ်ဆောင်အဖြစ်သာ ပါဝင်ရ၏။ ဆက်လက်ပြီး မိုးကြိုးဇာတ်ကားအပါအဝင် အသံတိတ်ရုပ်ရှင်ကား (၅)ကားတွင် ဇာတ်ရံအဖြစ် ပါဝင်ရိုက်ကူးပြီးမှ ဒါရိုက်တာဦးချင်းစိန် (ရွှေညာမောင်) ရိုက်ကူးသော ကေလာသ အသံတိတ်ဇာတ်ကား၌ မင်းသားအေးကြူနှင့် တွဲဖက်၍ ခေါင်းဆောင်မင်းသမီး အဖြစ် ပထမဆုံးသရုပ်ဆောင်ခွင့်ရသည်။ ဆက်လက်၍ ဒါရိုက်တာဦးဘရင်၏ ကေလာသဇာတ်ကားတွင် သဘင်ဝန်ခင်မောင်နှင့်လည်းကောင်း၊ ဒါရိုက်တာ ဦးလွန်းဖေ၏ မြတ်ဂုဏ်တော်ဇာတ်ကားတွင် ဖာတစ်လုံးခင်မောင်နှင့်လည်းကောင်း တွဲဖက်သရုပ်ဆောင်ခဲ့သည်။ သည့်နောက်ပိုင်း မနှင်းစိန်၊ မြစိမ်းတောင် စသည့် အသံတိတ်ဇာတ်ကားပေါင်း(၁၀)ကားကျော် အေဝမ်းရုပ်ရှင်ကုမ္ပဏီတွင် စာချုပ် ဖြင့်ရိုက်ကူးခဲ့သည်။

စစ်ပြီးခေတ်တွင် တွေးရခက်ကြီး၊ မြဟေဝန်၊ ယျလေးလုံး၊ ချစ်ခွင့်မကြုံ၊ ချစ်စေတနာ၊ ဝေဘူဝေဘာ၊ စလေမင်းခွေး၊ သားရွှေဒေါင်းတောင်၊ ဖိုးကော်စသည့် အသံတိတ်၊ အသံထွက်ကားများ ဆက်လက်ရိုက်ကူးပြီး ၁၉၆၀ ပြည့်နှစ်ခန့်တွင် စုဠာသမ္ဘဝ မဟာသမ္ဘဝ ဇာတ်ကားကို နောက်ဆုံးရိုက်ကူးပြီးခဲ့သည်။

အသက်(၅၀)ကျော်အရွယ်တွင်လည်း ဒါရိုက်တာရုပ်ရှင်မင်းသားဝင်းဦး ရိုက်ကူးသော မုန်းပါတယ်မောင့်ကို၊ တစ်ကျော့နစ်ကျော့တေးကိုသီ၊ အတွယ်အတာ၊ နွေမှာဝေသောနှင်း၊ လယ်လယ်၊ ဇေ့စပ်ကြောင်းလမ်းလက်ထပ်ခြင်း ဇာတ်ကားများတွင် ဇာတ်ရံသရုပ်ဆောင်အဖြစ် ပါဝင်ခဲ့သေးသည်။

စစ်ကြိုခေတ်ရိုက်ကူးနေစဉ်အတွင်း ၁၉၄၀-၄၁ ခုနှစ် အသက်(၂၀)အရွယ်တွင် အေဝမ်းရုပ်ရှင်ကုမ္ပဏီမှ စာရေးဆရာကြယ်တံခွန်(လူရွှင်တော်ရွှဲ့ကြီး)ရေးသည့် လိပ်ပြာမောင်နံ့၊ တက္ကသိုလ်စိုးရေးသည့် အုံးစက်ရာ၊ စန်းသော်တာရေးသည့် သစ္စာနွယ် သီချင်းများ သီဆိုအသံသွင်းခဲ့ရာ ဂီတလောက၌လည်း ထင်ရှားကျော်ကြားခဲ့သည်။

၁၉၄၁ ခုနှစ် ဒုတိယကမ္ဘာစစ်ဖြစ်ခါနီး စန္ဒရားအေဝမ်းခင်မောင်၊ ပြည်လှဖေတို့နှင့်အတူ မြဗိမာန် သီချင်းကို ဇာတ်ပြားသွင်းခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ထွက်မလာခဲ့ပေ။

၁၉၅၀ ပြည့်နှစ်တွင် မြန်မာ့အသံဦးဖော်ဝင်း(ကွယ်လွန်)နှင့် အိမ်ထောင်ကျပြီး သမီးတစ်ယောက်ထွန်းကားခဲ့သည်။ ဒေါ်မေနုသည် ၁၉၉၉ ခုနှစ် ဇွန်လတွင် ကွယ်လွန်ခဲ့သည်။

## မေမြင့်



ဒေါ်မေမြင့်၏ အမည်ရင်းမှာ မခင်မြင့် ဖြစ်သည်။ ပျဉ်းမနားမြို့ အဖ ဆရာဝန် ဦးဖေ၊အမိ ဒေါ်သက်တို့၏ သားသမီးငါး ယောက်အနက် ဒုတိယမြောက်သမီးဖြစ်သည်။ ပျဉ်းမနားဇာတိဖြစ်သော်လည်း မိဘတို့၏ အလုပ်တာဝန်အရ ထိုင်းနိုင်ငံတွင် ရှစ်နှစ်သမီး အထိ နေထိုင်ခဲ့ရပြီးမှ မြန်မာနိုင်ငံသို့ ပြန် လည်ရောက်ရှိလာသည်။ ဖခင်ဖြစ်သူ ကွယ် လွန်ပြီးနောက် စီးပွားရေးအခြေအနေကြောင့် အေဝမ်းရုပ်ရှင်မင်းသမီးမေသန်းက အေဝမ်းရုပ်ရှင်ကုမ္ပဏီနှင့် ဆက်သွယ်ပေးခဲ့ရာ တစ်လလျှင် လစာ (၃၀)ကျပ် မင်းသမီးခန့်ထားခြင်းခံရသည်။

ဒါရိုက်တာဦးတင်နွယ်ရိုက်ကူးသော ကြယ်တာရာအသံတိတ်ဇာတ်ကားမှ စတင်သရုပ်ဆောင်ရသည်။ အေဝမ်းကုမ္ပဏီမှ မခင်မြင့်အား မေမြင့်ဟုနာမည်တပ် ပေးလိုက်သည်။ ဆက်လက်၍ အေဝမ်းရုပ်ရှင်မှပင် ရိုက်ကူးသော မဝိဇ္ဇာ၊မြခွာညို အသံတိတ်ဇာတ်ကားများတွင် ဇာတ်ရံမင်းသမီးအဖြစ် ပါဝင်ခဲ့ရသည်။ ထို့နောက် ဒါရိုက်တာဦးချင်းစိန်ရိုက်ကူးသော ကြင်သက်ဝေဇာတ်ကားမှစ၍ မင်းသားချစ်ရွှေ နှင့်တွဲဖက်ပြီး ခေါင်းဆောင်မင်းသမီးအဖြစ် သရုပ်ဆောင်ရသည်။

မေမြင့်သည် အေဝမ်းရုပ်ရှင်မှာပင် ဒါရိုက်တာဦးချင်းစိန်၏ မြမျက်ခြယ် အသံတိတ်ကားတွင် ချစ်ရွှေ၊ ညွန့်မောင်တို့နှင့်လည်းကောင်း၊ ခေါင်းစကြာအသံ တိတ်ဇာတ်ကားတွင် တင်ဆွေ၊ ညွန့်မောင်တို့နှင့်လည်းကောင်း၊ ဒါရိုက်တာ ဦးတင်မောင်၏ အောင်သပြေအသံတိတ်ဇာတ်ကားတွင် ချစ်ရွှေ၊ ညွန့်မောင်တို့နှင့်

လည်းကောင်း၊ ဒါရိုက်တာဦးလွန်းဖေ၏ မြတ်ဂုဏ်တော်ဇာတ်ကားတွင် မင်းသား ခင်မောင်နှင့်လည်းကောင်း၊ တွဲဖက်သရုပ်ဆောင်ခဲ့သည်။

အေဝမ်းရုပ်ရှင်မှ ရိုက်ကူးသော မြိုင်ယံဘွားဇာတ်ကားတွင် မင်းသား ညွန့်မောင်နှင့် တွဲဖက်သရုပ်ဆောင်ခဲ့ရာ ယင်းဇာတ်ကားမှာ ထိုခေတ်က အလွန် လူကြိုက်များခဲ့သည်။ မြိုင်ယံဘွားရိုက်ကူးပြီးနောက် မေမြင့်သည် မင်းသား ညွန့်မောင်နှင့်လက်ထပ်ခဲ့သည်။

မေမြင့်ပါဝင်သရုပ်ဆောင်ပြီး လူကြိုက်အလွန်များခဲ့သော အခြားဇာတ်ကား နှစ်ကားမှာ ရန်ကုန်မြို့တွင် လပေါင်းများစွာ ရုံတင်ပြသခဲ့ရသော ခါဖ်ချီ အသံ ထွက်အိန္ဒိယရုပ်ရှင်ကားကို ဒါရိုက်တာဦးချင်းစိန် မြန်မာမှုပြုရိုက်ကူးသည့် ချစ်သွေး ဟုန် (မောင်မောင်ခင်၊မေမြင့်)ဇာတ်ကားနှင့် ဇာတ်ညွှန်းစာရေးဆရာသုခ၊ ဒါရိုက်တာ မောင်တင်မောင် ရိုက်ကူးသော ချစ်အမွှ (မင်းသားမောင်တင်မောင်၊ မေရှင်၊မေမြင့်) ဇာတ်ကားများဖြစ်သည်။

မေမြင့်သည် အေဝမ်းရုပ်ရှင်တွင် ရုပ်ရှင်ရိုက်ကူးနေစဉ်မှာပင် အေဝမ်း ဓာတ်ပြားကုမ္ပဏီမှ သီချင်းလေးပုဒ် သီဆိုဓာတ်ပြားသွင်းခဲ့ရာ သဟာယ ဆရာတင် ရေးသားသော မေတ္တာလက်ဆောင်နှင့် ခလေးစိတ်သီချင်းများမှာ ထိုစဉ်ကအလွန် ကျော်ကြားခဲ့သည်။ မေတ္တာလက်ဆောင်သီချင်းမှာ ယနေ့ခေတ်ပြန်ဆိုတေးအဖြစ် ကျော်ကြားနေဆဲဖြစ်သည်။

မေမြင့်သည် မင်းသားချစ်ရွှေနှင့် စုံတွဲတေးသီချင်း နှစ်ပုဒ်ဓာတ်ပြားသွင်း ခဲ့သည်။ သဟာယဆရာတင်ရေးသားသော မုန်းပါလားနှင့် ချစ်ညွှတ်ကွင်းသီချင်း တို့ဖြစ်သည်။

ဂျပန်ခေတ်တစ်ခေတ်လုံး ဒဂုန်ဆရာတင်ဦးစီးသော ပြဇာတ်အဖွဲ့နှင့် နယ် လှည့်ကပြ ဖျော်ဖြေခဲ့ပြီး၊ စစ်ပြီးခေတ်တွင် နယူးဘားမားဖလင် ဒါရိုက်တာ

ဦးလွန်းဖေ၏ ဗမာသစ်(မင်းသားညွန့်မောင်၊ညွန့်ရွှေ)၊ အေဝမ်းရုပ်ရှင်ကုမ္ပဏီ ဒါရိုက်တာဦးချင်းစိန်၏ အထောက်တော်(မင်းသားကျော်ရွှေ)၊ ဧာတိကရုပ်ရှင် ဒါရိုက်တာဦးဖိုးဟန်၏ သေကံမရောက်သက်မပျောက်(မင်းသားတင်ဆွေ)၊ တင်ဝင်းရုပ်ရှင်ဒါရိုက်တာ မင်းသားတင်ဖေ၏ မိုက်သွေး(မင်းသားတင်ဖေ၊ တင်ဆွေ)၊ ရန်ပုံခွင်းဖလင် ဒါရိုက်တာဦးမျိုးအောင်၏ သားနဲ့သွေး(မင်းသား ဇေယျာ၊ကျော်ဖေ)၊ ဘီးသုံးလုံးဖလင် ဒါရိုက်တာမောင်လှတင်၏ လှလေခက်လေ (မင်းသားဇေယျာ၊ရွှေကို၊မြင့်မြင့်ဌေး)နှင့် အခြားဇာတ်ကားများစွာ ရိုက်ကူးခဲ့သည်။

၁၉၅၃ ခုနှစ်တွင် ဗြိတိသျှဘားမား (ညွန့်မြန်မာ)ရုပ်ရှင် ဒါရိုက်တာရွှေဒုံး ဘီအောင် ရိုက်ကူးသည့် ပွဲခါညောင်ရေ အသံထွက်ဇာတ်ကား၌ ကျော်ဆွေ၊ ကျော်လီဆွေ၊ မေမြတို့နှင့် တွဲဖက်သရုပ်ဆောင်ခဲ့သည်။ အကောင်းဆုံးအမျိုးသမီး သရုပ်ဆောင်အကယ်ဒမီဆုရရှိခဲ့သည်။ ဗြိတိသျှဘားမားရုပ်ရှင်မှပင် ဒါရိုက်တာ လှဦး ရိုက်ကူးပြီး လူကြိုက်အလွန်များခဲ့သည့် မေ့ဘူးကွယ့်သက်လှယ် အသံထွက် ဇာတ်ကားတွင်လည်း မင်းသားကျော်ဖေနှင့်အတူ သရုပ်ဆောင်ခဲ့သေးသည်။

မေမြင့်သည် လူမော်ဇာတ်ကားနှင့် အင်္ဂလိမာလဇာတ်ကားနှစ်ကားကို နောက်ဆုံးရိုက်ကူးပြီး ရုပ်ရှင်မင်းသမီးအဖြစ်မှ အနားယူလိုက်ကာ ခင်ပွန်းဖြစ်သူနှင့် အတူ မင်္ဂလာညွန့်ဖလင်ကုမ္ပဏီတည်ထောင်၍ ရာဇဝင်ဇာတ်ကားများ ရိုက်ကူး ထုတ်လုပ်ခဲ့သည်။ သားသမီး(၅)ယောက်ရှိပြီး အသက်(၇၀)ကျော်တွင် ကွယ်လွန် သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပြန်ကြားရေးဝန်ကြီးဌာန

တေးရေးပညာရှင်ကြီးများ ၏

# ခေတ်ဟောင်းတေးသီချင်းများ

အတွဲ ( ၄ )



# မြန်မာညွှန့် ဆရာတင်(၁၈၉၆–၁၉၇၂)

မြန်မာညွှန့်ဆရာတင် အမည်ခံ မောင်တင်ကို အဘဦးမှတ်ကြီး၊ အမိဒေါ်တုတို့မှ မြန်မာသက္ကရာဇ် ၁၂၅၈(၁၈၉၆)တွင် ဖွားမြင်သည်။ မွေးချင်း ၃ ယောက်အနက် သားကြီးဖြစ်သည်။ မန္တလေးမြို့ လမ်း ၃၀ နှင့် ၃၁ လမ်း၊ ၈၀ နှင့် ၈၁ လမ်းအကြားရှိ အမျိုးသားကျောင်း (ယခင်အခေါ်နေရှင်နယ် ကျောင်း၊ ယခု အမှတ် ၂ အထက)၏ အရှေ့ဘက်ကပ်လျက်ရှိ အထက်ဆင့်ဝင်း (ယခင် နီပါးဝင်း)တွင် ဖွားမြင်သည်။

မိဘတို့မှာ ကျောက်စိမ်းသွေးလုပ်ငန်း၊ ကျောက်စိမ်းအရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်ကြသည်။ မြန်မာမင်းလက်ထက်တော်က စစ်မှုထမ်းမျိုးရိုးဖြစ်ကြ၍ မုံရွာခရိုင်၊ ပုလဲမြို့နယ်၊ မင်းတိုင်ပင်ကျေးရွာ တစ်ဝိုက်ရှိ ကင်းဝန်မင်းကြီး၏ အနွယ်အဆက်များ ဖြစ်ကြသည်။

မောင်တင်၏ ပညာရေးမှာဘုန်းတော်ကြီးကျောင်းပညာရေးဖြစ်သည်။ ဂီတပညာတွင်မူ လက်ထပ်သင်ဆရာမရှိဘဲ အမြင်အကြားဖြင့်သာ ဆည်းပူးတတ်ကျွမ်းခဲ့ရသည်။ အထက်ဆင့်ဝင်းအနီးတွင် မြန်မာညွှန့်ဦးချစ်မောင်၊ ဦးချစ်ဖွယ်+ဒေါ်စိန်သုံး၊ ဆိုင်း–စိန်ဗေဒါကြီး၊ ဆိုင်းဆရာစိမ့်+ဒေါ်တိုးတို့ နေထိုင် ကြသည်။ ဝက်မစွတ်ဝန်ထောက်မင်းဝင်းတွင် ဝက်မစွတ်ဝန်ထောက်မင်း၏ အိမ်လည်းရှိသည်။ ယင်းအရပ်ဝန်းကျင် တစ်ဝိုက်တွင် အဆို၊ အတီးတတ်သူ၊ ဝါသနာပါသူများဝိုင်းဖွဲ့ဆိုတီးလေ့ ရှိကြသည်။ ဝက်မစွတ်ဝန်ထောက်မင်း၏တူဖြစ်သူနှင့်နှမ မသိန်းမေတို့ လက်ဆက်သည်ဖြစ်၍လည်းကောင်း၊ ဝက်မစွတ်ဝန်ထောက် မင်း၏မြေး မောင်မောင် (ဒေါ်ဒဂုန်ခင်ခင်လေး၏မောင်)မှာလည်း အတီးအမှုတ် ဝါသနာပါသူဖြစ်၍လည်းကောင်း ပိုမိုဝိုင်းဖွဲ့ကာဆိုတီးဖြစ်ကြသည်။ ဆရာတင်၏ ညီငယ်ဖြစ်သူ မောင်မောင်(ကိုရွှေမောင် နောင်တွင်လေပါတီမဖြုရင်၏ "တစ်နာရီထဲချစ်ပါရစေ" သီချင်းရေးသူ)မှာလည်း အကိုနှင့်အလားတူ ဂီတဝါသနာပါသည်။

ငယ်စဉ်ကလေးဘဝကပင် ညီအစ်ကို၂ဦး ဇာတ်ထုပ်ကခြင်း၊ တေးဆိုခြင်းဖြင့် ကစားလေ့ရှိကြသည်ဟုဆိုသည်။ အရွယ်ရောက်လျှင် မငြိမ်း(မန္တလေးခြင်းဦးဘသိန်း၏ ဇနီးဒေါ်သိန်း၏ညီမ)နှင့် လက်ဆက်သည်။ သားတစ်ဦးသာ ထွန်းကား၍ ငယ်စဉ်ကပင် ကွယ်လွန်သည်။ ဆရာတင်က မူလကအကျီချုပ်၍ ဇနီးကအိမ်ဆိုင်ဖွင့်သည်။ ဝါသနာအခံကြောင့် အပျော်တမ်းတေးရေးရာမှ နောင်တွင် မြန်မာညွန့်အငြိမ့် မာဃအဖွဲ့ (မြို့မနှင့်အပြိုင်ပေါ်သည်) အခြားအငြိမ့်များတွင် တေးရေးဆရာဖြစ်ပါသည်။ ရွှေမန်းတင်မောင်၊ စိန်အောင်မင်း၊ တို့ဇာတ်များတွင် နှစ်ပါးသွားတေးများ၊ ဇာတ်ထုပ်များကိုရေးပေးခဲ့သည်။ စိန်အောင်မင်းဇာတ်တွင် မူ စိန်အောင်မင်းနှင့် စတွဲချိန်မှစ၍ ဇာတ်နှင့်အတူ လိုက်ပါခဲ့သည်။ ကွယ်လွန်ချိန် မတိုင်မီအထိ ဇာတ်နှင့်အတူ မလိုက်ပါနိုင်တော့လင့်ကစား လိုအပ်သည်များကို သမ်းညွှန်ပေးခဲ့၊ တေးရေးပေးခဲ့သေးကြောင်း သိရသည်။

ရတနာ၃ပါးကို ကိုင်းရှိုင်း၍ ရတနာ၃ပါးနှင့် ပတ်သက်သောတေးများကိုလည်း ရေးခဲ့သည်။ မန္တလေးမြို့တွင် မြန်မာလူမျိုးပိုင် မြန်မာညွန့်ရုပ်ရှင်ရုံ တည်ထောင်သောအခါ တီးဝိုင်းတွင် ဆရာတင်ကိုယ်တိုင် နှစ်အတန်ကြာ တေးဆိုခဲ့သည်။ မြန်မာညွန့်အငြိမ့် ထောင်သည့်အခါ မြန်မာညွန့်အငြိမ့်မှ မင်းသမီးများအတွက် အငြိမ့်တေးများ ရေးပေးခဲ့သည်။ မင်းသမီး ဥက္ကလာအေးကြည်၊ ဩဘာသောင်း၊ လေဘာတီမမြရင်၊ မြခြေချင်း မငွေမြိုင်၊ ဘာမေးနီးယားမြသီ၊ နေပြည်တော်မြရီ၊ ဥဩမယ်ရတနာတင်(ဥဩမယ်တင်)တို့နှင့် မင်းသား စံပယ်တင်၊ ဒိုးကွက်ဖေသက်၊ ဘာဂျာဘအေးတို့အတွက် တေးများရေးပေးခဲ့သည်။

ဆရာတင်၏ နာမည်ကျော်ကြားသော တေးများမှာ ဥဩမယ်တင်၏ "အာယားမ"သီချင်း (မြန်မာညွန့်အငြိမ့်တွင် သီဆိုရန်ရေးစပ်ပေးခဲ့သည်။ နောင်တွင် မန္တလေး ပန်တျာခိုနီဝင်းအား ပြန်လည်သီဆိုစေသည်မှ ယခုတိုင်ခေတ်စားခဲ့သည်။ နန်းတော်ရှေ့ဆရာတင်ဟု အမှတ်မှားကြကြောင်း ဆရာတင် ကိုယ်တိုင်

ပြောပြခဲ့သည်) ဘာမေးနီးယားမြသိ၏ "တိန်းချိုချို"သီချင်း၊ မာဃအဖွဲ့မှ ဦးဘဦး (အဆိုတော်ကိုအုံကြီး၏အစ်ကို) သီဆိုခဲ့သော "ချစ်သွေးညို" သီချင်းတို့ဖြစ်သည်။ အခြားတေးများရှိသေးသော်လည်း ၁၉၈၄ခု မန္တလေးမြို့ မီးကြီးလောင်စဉ်က မှတ်တမ်းများပျောက်ပျက်ခဲ့သည်။

ဓိန်အောင်မင်း၏ဓာတ်တွင် ၁၉၄၆ခုမှစ၍ လိုက်ပါကာ အော်ပရာ၊ ဓာတ်ထုပ်များရေးခဲ့သည်။ ကျော်ကြားသည့် နောက်ပိုင်းဓာတ်ထုပ်များမှာ (၁)အောင်သပြေတိုင်းကမောင်ရွှေမှိုင်း၊ (၂)မြန်မာ့ဘုန်းရောင်၊ (၃)နန်းညွန့်ရင်၊ (၄)သာသနာ့ထိပ်တင်တို့ဖြစ်သည်။ (၃ နှင့် ၄မှာ ဓာတ်ပြားသွင်းပြီးဖြစ်သည်)။ လွတ်လပ်ရေးကြိုးပမ်းစဉ် ကာလများကလည်း အမျိုးသားရေးလှုံ့ဆော်တေးများ ရေးခဲ့သေးသည်။

မြန်မာညွန့်ဆရာတင်၏ ထူးခြားချက်မှာ တေးသီချင်းများစွာ ရေးခဲ့သော်လည်း မည်သည့်တူရိယာကိုမျှ မတီးတတ်။ စည်းကိုသာသိ၍ လေချွန်၍ အသံရှာခြင်းပင်ဖြစ်သည်။ သို့သော်သူ၏တေးများတွင် ခက်ခက်ခဲခဲဆိုရသော အသံများကိုတွေ့ရသည်။ အငြိမ့်တေးများကို မင်းသမီးများအား ကိုယ်တိုင်သီချင်းချပေးလေ့ရှိသည်။ စိတ်ကြိုက်အသံ မရမချင်းကိုယ်တိုင် ဆိုပြလေ့ရှိသည်။

ဆရာတင်သည် ၁၉၇၂ခုနှစ် ဖေဖော်ဝါရီလ၊ အသက်၇၆နှစ် အရွယ်တွင် လူကြီးရောဂါဖြင့် မန္တလေးမြို့၊ ဇောတိကုန်းရပ်တွင် ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင်ဇနီးဒေါ်ငြိမ်းနှင့် ကိတ္တိမသားဖြစ်သူ မောင်ကိုကိုကြီးတို့ ကျန်ရစ်ခဲ့သည်။

**ရည်ညွှန်းချက်**

ဒေါ်ခင်ကြွယ်ဦး (ကိုရွှေမောင်၏မြေး)၊ ပါမောက္ခ ၊ ဌာနမှူး မြန်မာစာပေဌာန၊ ယဉ်ကျေးမှုတက္ကသိုလ် ရေးသားပေးပို့ချက် ။

## ကိုရွှေမောင်(မောင်မောင်)

ကိုရွှေမောင်အမည်ခံ မောင်မောင်ကို အဘဦးမှတ်ကြီး၊ အမိဒေါ်တုတို့မှ မြန်မာ သက္ကရာဇ် ၁၂၆၆(၁၉၀၄)တွင် ဖွားမြင်သည်။ မွေးချင်း ၃ ယောက်အနက် အထွေးဆုံးသား ဖြစ်၍ ချစ်စနိုးဖြင့် မောင်မောင်ဟု လည်း ကောင်း၊ ကိုရွှေမောင်ဟု လည်းကောင်း ခေါ်ကြသည်။ မန္တလေးမြို့ လမ်း ၃၀ နှင့် ၃၁ လမ်း၊ ၈၀ နှင့် ၈၁ လမ်း အကြားရှိ အမျိုးသားကျောင်း (ယခင်အခေါ်နေရှင်နယ် ကျောင်း၊ ယခုအမှတ် ၂ အထက)၏ အရှေ့ဘက်ကပ်လျက်ရှိ အထက်ဆင့်ဝင်း (ယခင် နိပါးဝင်း)တွင် ဖွားမြင်သည်။

မိဘတို့မှာ ကျောက်စိမ်းသွေးလုပ်ငန်း၊ ကျောက်စိမ်းအရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်ကြသည်။ မြန်မာမင်းလက်ထက်တော်က စစ်မှုထမ်းမျိုးရိုးဖြစ်ကြ၍ မုံရွာခရိုင်၊ ပုလဲမြို့နယ်၊ မင်းတိုင်ပင်ကျေးရွာ တစ်ဝိုက်ရှိ ကင်းဝန်မင်းကြီး၏ အနွယ်အဆက်များ ဖြစ်ကြသည်။

မောင်မောင်၏ ပညာရေးမှာဘုန်းတော်ကြီးကျောင်း ပညာရေးမှတစ်ဆင့် အမျိုးသားကျောင်း (နေရှင်နယ်ကျောင်း)တွင် ၉ဝမတန်းထိ ပညာဆည်းပူးခဲ့သည်။ ဂီတပညာတွင်မူ အမြင်အကြားဖြင့်သာ တတ်ကျွမ်းခဲ့ရသည်။

အစ်ကိုဖြစ်သူ မြန်မာညွန့်ဆရာတင်နှင့် အလားတူဂီတတွင် ဝါသနာထုံသည်။ အပျော်တမ်းတေးသီချင်းများကို ရေးရာမှ လေဘာတီမမြရင်၏ "တစ်နာရီထဲချစ်ပါရစေ" သီချင်းမှာ ယခုတိုင်နာမည်ကြီးသည်။

နေထိုင်ရာအထက်ဆင့်ဝင်းအနီးတွင် မြန်မာညွန့်ဦးချစ်မောင်၊ ဦးချစ်ဖွယ်+ဒေါ်စိန်သုံ၊ ဆိုင်း-စိန်ဗေဒါကြီး၊ ဆိုင်းဆရာစိမ့်+ဒေါ်တိုးတို့ နေထိုင်ကြသည်။ ဝက်မစွတ်ဝန်ထောက်မင်းဝင်းတွင် ဝက်မစွတ်ဝန်ထောက်မင်း၏ အိမ်လည်းရှိသည်။ ယင်းအရပ်ဝန်းကျင် တစ်ဝိုက်တွင် အဆို၊ အတီးတတ်သူ၊ ဝါသနာပါသူများ ဝိုင်းဖွဲ့ဆိုတီးလေ့ရှိကြသည်။ ဝက်မစွတ်ဝန်ထောက်မင်း၏တူဖြစ်သူ နှင့်နှမ မသိန်းမေတို့ လက်ဆက်သည်ဖြစ်၍လည်းကောင်း၊ ဝက်မစွတ်ဝန်ထောက် မင်း၏မြေး မောင်မောင်(ဒေါ်ဒဂုန်ခင်ခင်လေး၏မောင်)မှာလည်း အတီးအမှုတ် ဝါသနာပါသူ ဖြစ်၍လည်းကောင်း ပိုမိုဝိုင်းဖွဲ့ကာဆိုတီးဖြစ်ကြသည်။

အခြားအပျော်တမ်းတေးများကိုလည်း ရေးမည်ဖြစ်သော်လည်း အမှတ်အသားမရှိခဲ့။ ကိုရွှေမောင်မှာ အစ်ကိုဖြစ်သူ မြန်မာညွန့်ဆရာတင်နှင့်အတူ မာဃအဖွဲ့တွင်တေးသီချင်းများ ရေးစပ်ပေးသည်ဟု သိရသည်။ ကိုရွှေမောင်မှာ ယစ်မျိုးအရာရှိအဖြစ် အမှုထမ်းရ၍ မြန်မာညွန့်ဆရာတင်ကဲ့သို့ ဂီတဘက်တွင် ဇောက်ချမလုပ်ခဲ့နိုင်။ အားလပ်ချိန်များတွင်သာ တေးရေးခဲ့သည်ဟု ဆိုသည်။

အရွယ်ရောက်လျှင် အမရပူရဇာတိ ဒေါ်ကြည်ဆိုသူနှင့် လက်ဆက်သည်။ သားသမီးများမွေးဖွားသော်လည်း သမီးတစ်ဦးသာ အဖတ်တင်သည်။ ယစ်မျိုးအရာရှိအဖြစ်လားရှိုးသို့ ရွှေ့ပြောင်းပြီး မကြာမီ ငှက်ဖျားရောဂါခံစားရ၍ ဇာတိမန္တလေးသို့ ပြန်လည်ခေါ်ဆောင်လာခဲ့ရသည်။ ယင်းရောဂါဖြင့်ပင် မန္တလေးမြို့၌ မြန်မာသက္ကရာဇ် ၁၂၉၈ ခုနှစ် (၁၉၃၇)တွင် ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ဇနီးဒေါ်ကြည်မှာ ကိုယ်ဝန် ၄ လနှင့်ကျန်ရစ်ခဲ့သည်။ ယခုအခါ ထိုကလေးငယ်သည် ၆၄ နှစ် အရွယ်ရှိ ဒေါ်ညွန့်ရီဖြစ်၍ တိုက်(၂၉)၊ အခန်း(၄)၊ ရန်နိုင်လမ်းသွယ် ၁၀ လမ်း၊ အမှတ်(၄)ရပ်ကွက်၊ အရှေ့ရန်ကင်း၊ ရန်ကုန်မြို့တွင် သားသမီးမြေးများနှင့်အတူ ကျန်းမာစွာနေထိုင်လျက်ရှိသည်။

**ရည်ညွှန်းချက်**

ဒေါ်ခင်ကြွယ်ဦး (ကိုရွှေမောင်၏မြေး)၊ ပါမောက္ခ ၊ ဌာနမှူး မြန်မာစာပေဌာန၊ ယဉ်ကျေးမှုတက္ကသိုလ် ရေးသားပေးပို့ချက် ။

## ဆရာပု

ရုပ်သေးမင်းသမီး ဆရာပု (ခေါ်) အမေပုကို အဖ ဦးထိုက်၊ အမိ ဒေါ်အေးတင် တို့မှ သက္ကရာဇ် ၁၂၂၂ ခုနှစ်တွင် တဘက်ဆွဲရွာ၌ မွေးဖွားခဲ့ပါသည်။ (တဘက်ဆွဲရွာမှာ ကျောက်ဆည် လယ်တွင်း ကိုးခရိုင်နယ် အတွင်းကဖြစ်၍ ပန်းလောင်မြစ်၏ အရှေ့ဘက်ကမ်းတွင် ရှိလေသည်။) မောင်ပု ၅ နှစ်သားအရွယ် တွင် မိခင်ဖြစ်သူဒေါ်အေးတင် အနိစ္စရောက်ပြီး ၂ နှစ်အကြာ ဖခင်ဖြစ်သူက နောက်အိမ်ထောင်ပြုသဖြင့် ၇ နှစ်သား အရွယ် ကတည်းက မိထွေးနှင့် နေခဲ့ရပြီး နောက်အိမ်ထောင်မှ ပေါက်ဖွားလာသော ကလေးများကိုထိန်းရသည်။

တစ်နေ့သောအခါ မိထွေးဖြစ်သူက မန်ကျည်းရွက်ခူးခိုင်းသဖြင့် ပန်းလောင် မြစ်ကမ်းပါးရှိ မန်ကျည်းပင်ကြီးပေါ်တက်၍ မန်ကျည်းရွက်ခူးရင်း စိတ်ညစ်ညစ်နှင့် ရရာ အလွမ်းသီချင်းကို ဟစ်၍ ဟစ်၍ ငိုသံပါကလေးနှင့် ဆိုမိ၏။ သူ၏အသံကို မြစ်ကမ်းပါးရှိ ရုပ်သေးလှေကြီးမှ ဦးသာပြောနှင့် ဦးသာဖံတို့က ကြားကြသော ကြောင့် သဘောကျပြီး ၎င်းတို့၏ ရုပ်သေးအဖွဲ့နှင့် လိုက်ပါလိုသည်လားဟု လိုလို လားလား မေးမြန်းကြရာ နဂိုက မိထွေးနှင့်နေရပြီး စိတ်အားငယ် စိတ်ညစ်နေ သော မောင်ပုမှာ လိုက်ခဲ့မည်ဟုဆိုကာ လိုက်ပါသွားတော့၏။ ဦးသာပြော ဦးသာဖံတို့ မင်္ဂလာစင်တော်ကြီးမှာ ဘုရင့်အသုံးတော်ခံ စင်တော်စဟာဖြစ်၍ ဘုရင်နှင့် မိဘုရား ရှုစားလိုသည့်အခါတွင် တောင်စမုတ် အနောက်ဘက် ပွဲကြည့် ဆောင်၏ တောင်ဘက်တွင် စင်ဆောက်၍ ကပြရမြဲဖြစ်သည်။ ဆရာပုဖြစ်လာမည့် မောင်ပုမှာ ပညာဆည်းပူးရင်း နောက်ပါးမှ ပါခဲ့ရပေသည်။ အသက် ၁၄ နှစ် အရွယ်သို့ရောက်သောအခါ ဆီးသီးကောက်မင်းသမီးအဖြစ်စ၍ နေရာပေးကြ၏။ (ဆရာပု၏အသံမှာ မိန်းကလေး၏အသံနှင့်တူလွန်းလှ၍ ယောကျ်ားစင်စစ်က ရုပ် သေးမင်းသမီးဘဝ ရောက်ရခြင်းဖြစ်ပါသည်။ ထိုခေတ် ထိုအခါက ရုပ်သေးစင်မြင့် ပေါ်သို့ မိန်းမများတက်ရောက် အသုံးတော်ခံရခြင်းမရှိဟု မှတ်သားရပါသည်။) ဦးသာပြောနှင့် ဦးသာဖံတို့၏ စင်ပေါ်သို့ရောက်လာချိန်တွင် မောင်ပုကို မြေတောင် မြှောက်ကာ အနုပညာရပ်များ သင်ကြားပေးကြ၏။ နဂိုက အနုပညာဗီဇပါလာ သော မောင်ပုမှာ တစ်နေ့တခြား ရုပ်သေးမင်းသမီး အဆိုအငို အပြောပညာများ ပြည့်ဝလာတော့၏။ မောင်ပု၏ ဆရာ့ဆရာကြီးများမှာ မင်းသမီးဦးပါတူ၊ ကျောက်ကာမှ မင်းသားဆရာမိုး၊ အာလကပ္ပမှ မင်းသမီးဆရာမှူ၊ မင်းသား ဆရာရိုက်တို့ဖြစ်ကြ၏။

အရွယ်ရောက်၍ ပညာစုံလာပြီဖြစ်သော ဆရာပုသည် ၄င်း၏ဆရာကြီးများ မရှိကြတော့သည့်အခါ ကိုယ်တိုင် မဟာစင်တော်ကြီး တည်ထောင်ကပြလေတော့သည်။ မင်းတုန်းမင်းလက်ထက်တော်တွင် ဆရာပုမှာ စင်တော်ကလေးအဖြစ်ကပြ၍ ၄င်းနောက် စုဘုရားလတ်၏ စင်တော်၊ ထို့နောက် သီပေါဘုရင်၏ စင်တော်ကြီးအဖြစ် ကပြလေသည်။ ဆရာပုကို "နေမျိုးသီရိ မဇ္ဈသဒ္ဒရွှေတောင်" ဟူသော ဘွဲ့နှင့် ချိုးမြောက်ကာ မြင်းခြံအနီး သမုန်းကိုင်း၁၂ ရွာကို စားစေပါသည်။

ဆရာပုသည် ခေတ်အဆက်ဆက်ကို မီ၍ မင်းသားအမျိုးမျိုးနှင့် တွဲခဲ့ပါသည်။ ပြည်မြို့သို့ ရုပ်သေးသွားကရင်း ဦးဘညွန့်(နောင်အခါ မြန်မာအဆွေသူဌေးကြီး ဦးဘညွန့်)နှင့် တွေ့ဆုံ၍ ခေတ်ပေါ်အသံသွင်း ဓာတ်လုံးဖြင့် သီချင်းများ ဓာတ်ထုပ်များသွင်းခဲ့ရပါ၏။ မကြာမီပင် ဓာတ်ပြားခေတ် ပေါ်ပေါက်လာပြီး အမေပု(ခေါ်) ဆရာပု မင်းသားဦးဘကျော့နှင့် တွဲစဉ်အခါ ခွေးတံဆိပ်ဓာတ်ပြား ကုမ္ပဏီက ဓာတ်ပြားသွင်းရန် ရန်ကုန်သို့ခေါ်၏။ ဆရာပုတို့အဖွဲ့က ပွဲလက်ခံများရှိနေသဖြင့် ရန်ကုန်မလာနိုင်ကြသောအခါ မန္တလေးသို့ လိုက်လာကြပြီး ဓာတ်တစ်ထုပ်ကို ငွေ၃၀၀၀ိ/-ပေး၍ ဓာတ်ပြားသွင်းယူကြ၏။ ဓာတ်ထုပ်တစ်ထုပ်လျှင် ဓာတ်ပြားချပ်ရေ ၃၅ပြား၊ ၃၆ပြားခန့်ရှိသည်။ သွင်းယူသည့် ဓာတ်ထုပ်များမှာ ဖိုးထောင်ဝါနုဓာတ်၊ အောင်ဖြူဓာတ်၊ မင်းထင် ရွှေမှန် ဓာတ်ထုပ်များဖြစ်ပါသည်။

ဆရာပုမှာ အသက်၅၄နှစ် သဘင်သက်၄၀အရ ၁၉၁၄ ခုနှစ်တွင် အနိစ္စရောက်ရှိပါသည်။ ဇနီး ဒေါ်လေးကြီးနှင့် သားသမီးများမှာ ဦးကြင်၊ ဦးတင်၊ ဦးရှင်၊ ဒေါ်အုန်းတင်၊ ဒေါ်အမ၊ ဦးသွင်၊ ဦးအောင်ဘတို့ ကျန်ရစ်ခဲ့ပါသည်။ အထူးသဖြင့် ဆရာပု (ခေါ်) အမေပုမှာ မြန်မာနိုင်ငံသို့ ပထမဆုံးရောက်ရှိလာသော အသံသွင်းဓာတ်လုံးကို သွင်းဖူးသည့် ရုပ်သေးပညာရှင်ကြီးဖြစ်ကြောင်း မှတ်တမ်းတင်ရမည် ဖြစ်ပါသည်။

### ရည်ညွှန်းချက်

လူထုဒေါ်အမာ ရေးသားသော ပြည်သူချစ်သောအနုပညာသည်များ စာအုပ်ပါချက်အလက်များဖြစ်ပါသည်။

# ဦးသက်တင်(မန္တလေး)

ဦးသက်တင်(မန္တလေး)မှာ ဝိုင်အမ်ဘီဆရာတင်၏ တပည့်ဖြစ်၍ နေမျိုးဗလကျော်သူအဖွဲ့ရှိ ရွာစားကြီး ဦးစိန်ဗေဒါ၏ဓာတ်ပြားသီချင်းများ ရေးသားပေးရပါသည်။ ဦးစိန်ဗေဒါအတွက် ပထမဆုံးရေးပေးသောသီချင်းမှာ "မြန်မာ့တူရိယာ" သီချင်းဖြစ်ပါသည်။ ဦးသက်တင် ရေးသားသောသီချင်းများမှာ ၂၅ ပုဒ်လောက်ရှိခဲ့သည်ဟုသိရပါသည်။ တိမ်မြုပ်နေသည့် ပန်တော်ချင်း (ခေါ်) ထန်းဖိုထန်းလျက် သီချင်းကို ဦးစိန်ဗေဒါကိုယ်တိုင် သီဆိုဓာတ်ပြားသွင်းခဲ့ကြောင်းနှင့် ဘို့နှစ်ဘို့၊ အလှူတော်၊ လှူပျိုစင်၊ ပဥ္စသိခ်၊ မင်္ဂလာရကင်း၊ ကျေးဇူးလည်ပြန်၊ မင်္ဂလာယင် မည့်သတို့သား၊ အလှပြိုင်ပွဲ စသောသီချင်းများမှာ ဓာတ်ပြားလောက၌ ကျော်ကြားပါသည်။

ဦးသက်တင်သည် အငြိမ့်မင်းသမီးများဖြစ်ကြသော ဒဂုန်ခင်လှကြည်၊ လေဘာတီမြရင်၊ ပျော်တော်ဆက် မတင်အောင်၊ နေပြည်တော်မြရီ၊ ဥသြမယ်တင်၊ ဒီးဒုတ်သန်းရီ၊ အာဇာနည်ညွန့်ရီ၊ မြန်မာအဆွေ မအေးခင်၊ ပဟိုရ်စည်မြလေး၊ ဗန္ဓုလ မြသန်းရီ၊ ဒေါ်ဩဘာသောင်းတို့အတွက် သီချင်းများကို ရေးသားခဲ့သူဖြစ်ပါသည်။ ဦးသက်တင်၏ မိဘများမှာ မန္တလေးမြို့ ချမ်းမြသာစည် မြောက်ရွာသစ်ပိုင်းနေ ဦးပေါက်၊ ဒေါ်ထူးတို့ဖြစ်ပြီး ၁၂၆၁ ခုနှစ် ဝါဆိုလပြည့်ကျော် ၁၃ ရက်တွင် မွေးဖွားပါသည်။ မွေးချင်းလေးဦးရှိသည်အနက် တစ်ဦးတည်းသော သားယောက်ျားလေးဖြစ်သည်။ အသက် ၈၀ ကျော်အထိ မန္တလေးမြို့မ တူရိယာအဖွဲ့နှင့် မခွဲတမ်းလိုက်ပါ၍ ဂီတဝါသနာကြီးသူပီပီ ပျော်ရွှင်စွာ နေထိုင်လျက်ရှိကြောင်း သိရပါသည်။

**ရည်ညွှန်းချက်**

ဗိုလ်ကလေးဦးတင့်အောင်ပြုစုပါသည်။

## ဆရာမြိုင်ကလေး(စန္ဒရား)

ဆရာမြိုင်ကလေး၏ မိဘများမှာ ပဲခူးမြို့ ရွှေပန်းထိမ်ဆရာ ဦးဖိုးဆင်၊ ဒေါ်သော့ တို့ဖြစ်ကြပါသည်။ ၁၉၀၃ ခုနှစ်တွင် ပဲခူးမြို့အနီး မင်းရွာတွင်မွေးဖွားသည်။

ရွှေနန်းထွက်မဟာဂီတကျမ်းပြုစုသူ၊ ဥက္ကလာပမြို့ဘွဲ့ ပတ်ပျိုးရေးသူ စန္ဒရား ဆရာ မြိုင်ကြီးနှင့်အမည်တူသဖြင့် ဆရာမြိုင်ကလေး ဟုလည်းကောင်း၊ ပဲခူးမြို့ သားဖြစ်သောကြောင့် ပဲခူးဆရာမြိုင်ဟုလည်းကောင်း ခေါ်ကြသည်။ ၁၉၅၂ ခုနှစ်တွင် ရန်ကုန်မြို့ပန်တျာကျောင်း၌ စန္ဒရားနှင့်ပတ္တလား နည်းပြအဖြစ် ဆောင်ရွက် ခဲ့သည့်အတွက် ပန်တျာဆရာမြိုင်ဟုလည်းခေါ်သည်။

ဆရာမြိုင်၏ ပထမဆရာအရင်းမှာ အပျော်တမ်း ပတ္တလားဆရာကြီး ပဲခူး ဦးမောင်တင်ဖြစ်သည်။ ရန်ကုန်သို့ရောက်လာသောအခါ စောင်းနှင့်ပတ္တလားပညာ ရှင် ဦးထွန်းဖေထံတွင် ဆက်လက်ပညာဆည်းပူးသည်။ ထို့ပြင် စောင်းဆရာကြီး ဦးမောင်မောင်လတ်၊ ဆိုင်းဆရာကြီး ပတ္တလားဆရာနွဲ့နှင့် စောင်းဆရာမကြီး အုပ်ဆက် ဒေါ်ခင်ခင်လေးတို့ထံမှ မဟာဂီတသီချင်းများ သင်ယူခဲ့ပါသည်။

၁၉၃၆ ခုနှစ်တွင် ခွေးတံဆိပ်ဓာတ်ပြားကုမ္ပဏီ၌ စန္ဒရားနှင့်ပတ္တလား ဆရာ အဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့သည်။ ၁၉၃၇ ခုနှစ်တွင် ဗြိတိသျှဘားမားရုပ်ရှင် ကုမ္ပဏီက ဓာတ်ပြားကုမ္ပဏီထူထောင်သည့်အခါ ခွေးတံဆိပ်ကုမ္ပဏီမှ နုတ်ထွက် ပြီး ဗြိတိသျှဘားမားသို့ ကူးပြောင်းလာသည်။ ၁၉၃၇ ခုနှစ် ဗြိတိသျှဘားမား၏ ပွဲဦးထွက် ဓာတ်ပြားများဖြစ်သော ခင်ခင်ရီ၏ အောင်စေတီ၊ ဣန္ဒာရုံ၊ မေမေဝင်း၏ မာလာမြိုင်၊ မြတ်သာ၏ မုန့်ပေါင်းစုံ၊ လှတင်ကြီး၏ အပွေးမြင်အပင်သိတို့တွင် ဆရာမြိုင်၏ စန္ဒရားလက်သံများကို စတင်ကြားရသည်။

စန္ဒရားဆရာမြိုင်ဟု ကျော်ကြားသော်လည်း ဆရာရင်းမှာ ပတ္တလားဆရာ ဖြစ်သည့်အလျောက် ပတ္တလားလည်း အလွန်ကောင်းသည်ဟု သိရသည်။ ခင်မောင်ရင်၏ တောသားကြီးနှင့် မေမေဝင်း၏ ဆယ့်နှစ်လရာသီ သီချင်းများတွင် ကြားရသည့် ပတ္တလားလက်သံမှာ ဆရာမြိုင်၏လက်သံဖြစ်သည်။

၁၉၅၁ ခုနှစ်တွင် ဗြိတိသျှဘားမားမှ ဒါရိုက်တာဆရာခန့်၏ တောပန်းလေးမို့ ရုပ်ရှင်ဓာတ်ကားတွင် ဂီတမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။ ပန်တျာကျောင်းတွင် နည်းပြဆရာ လုပ်ကိုင်နေစဉ် အသက် ၆၀ မပြည့်မီကွယ်လွန်သွားခဲ့သည်။

**ရည်ညွှန်းချက်**

ဦးမောင်မောင်လတ်(နောင်)ပြုစုသည်။

## မြခြေချင်း မငွေမြိုင်

အငြိမ့်သဘင်တွင် ၂နှစ်မျှသာ နေပြီး ဇာတ်မင်းသမီးအဖြစ်နှင့် ဇာတ်ပြား လောက၌ပါ ထင်ရှားခဲ့သည့် မြခြေချင်း မငွေမြိုင်ကို လူကြမ်းမင်းသား ဦးအောင်ဘ နှင့် ဒေါ်ငြိမ်းဖဲတို့က ရန်ကုန်မြို့ ကြည့်မြင်တိုင်ရပ်၌ ၁၂၅၇ ခုနှစ် ဝါဆိုလဆန်း ၁၃ ရက် ဗုဒ္ဓဟူးနေ့တွင် မွေးဖွားခဲ့ပါသည်။ အသက် ၁၁ နှစ် ၁၂ နှစ် သမီးအရွယ်၌ ကြည့်မြင်တိုင် သိမ်ကြီးလမ်းမှ ဇာတ်သဘင်ပညာရှင်ကြီး ဆရာစံက အကပညာ မျက်နှာပေးအမူအရာ မင်းသမီးအတတ်ပညာများကို သင်ကြားပေးရာမှ ပင်ကိုယ် အနုပညာဗီဇ ပိုမိုထက်မြက်လာကာ ထူးချွန်ပြောင်မြောက်သော အငြိမ့် ဇာတ်သဘင် မင်းသမီးဘဝသို့ ရောက်ခဲ့ရပါသည်။ ရန်ကုန် ကြည့်မြင်တိုင်သူပင် ဖြစ်လင့်ကစား မန္တလေးရွှေမြို့တော်ကို ခိုမှီ၍ အသက်မွေးဝမ်းကျောင်းပြုခဲ့ပါသည်။

မြခြေချင်း မငွေမြိုင်မှာ ကိုယ်စွမ်းကိုယ်စကို အားကိုး၍ ကပြသော မင်းသမီးဖြစ်ရာ တွဲ၍ကပြရသူ ဇာတ်မင်းသားများမှာ ဒုတိယခေါင်းဆောင်ဘဝသို့ ရောက်ရှိနေကြရသောကြောင့် ကြာရှည်မခြံဘဲ သင့်တော်ရာဇာတ်အဖွဲ့များသို့ ပြောင်း တတ်ကြသဖြင့် မကြာခဏ မင်းသားအသစ်ရှာပြီးတွဲခဲ့ရသည်။ နာမည်ကျော် မင်းသား ဂရိတ်ဦးဖိုးစိန် မန္တလေးမြို့သို့ လာရောက်ကပြလျှင် မငွေမြိုင်ကို သူ၏ ဇာတ်၌လာရောက်ကပြပါရန် ဖိတ်ခေါ်ကပြလေ့ရှိသည်။ မြခြေချင်းမငွေမြိုင်၏ ဇာတ်သဘင်ပညာထူးချွန်ထက်မြက်မှု၊ မနားမနေ ကြိုးစားကပြမှုတို့ကို ကြည့်၍ ဦးဖိုးစိန်က သူ၏ မင်းသမီးများအား "မငွေမြိုင် အကကို မြင်ကြရဲ့လား၊ ကသွား လိုက်တာ သူ့ဇာတ်ကျနေတာပဲ အံ့ဝင်ခွင်ကျ၊ နင်တို့နဲ့ ဘယ်လောက်ကွာသလဲ"ဟု ပြောယူရသည်။

ပညာသင်တပည့်တပန်းကလည်း များလှသောကြောင့် အမေမြိုင်ဟုတွင် လာသည်။ နိုင်ငံကျော်အလင်္ကာကျော်စွာ ရွှေမန်းဦးတင်မောင်မှာ အမေမြိုင်၏ တပည့်ရင်းဖြစ်သည်။ မြခြေချင်းမငွေမြိုင်သီဆိုသည့် သီချင်းများကို ရန်ကုန်မှ

အရှေ့ပိုင်းဆရာချစ်၊ ရုပ်သေးမင်းသား ဆရာကြည်၊ ဝိုင်အမ်ဘီဆရာတင်နှင့် နန်းတော်ရှေ့ဆရာတင်တို့က ရေးစပ်ပေးကြ၍ နန်းတော်ရှေ့ဆရာတင်၏ သီချင်းများက အများစုဖြစ်ဟန်ရှိသည်။ အမေမြိုင် ၂၁ နှစ်တွင် ရာဇဝတ်အုပ်ကိုကိုကြီးနှင့် အိမ်ထောင်ကျသည်။ သားသမီးမထွန်းကားဘဲ မွေးစားသားနှင့်သမီး မောင်မောင်နှင့် စိန်စိန်ဟူ၍ရှိသည်ဟု လူထုဒေါ်အမာ၏ ပြည်သူချစ်သော အနုပညာစာအုပ်တွင် ခတ်ပုံတွေ့ရပါသည်။

နန်းတော်ရှေ့ဆရာတင်ရေးသားသည့် ရွှေကျီးညိုသီချင်းမှာ အလွန်နာမည်ကျော်၍ ခတ်ပြားသွင်းကာ ရောင်းမလောက်အောင်စွဲပြီး တစ်နိုင်ငံလုံးပျံ့နှံ့ သီဆိုခဲ့ကြပါသည်။ အောင်ပင်လယ်သီချင်း၊ ဝိုင်အမ်ဘီရေးသည့် အာကာသဖိုးသီချင်း၊ နန်းတော်ရှေ့၏ စန္ဒကူးမြိုင်သီချင်းတို့မှာလည်း အလွန်ကျော်ကြားခဲ့ပါသည်။ မြခြေချင်း မငွေမြိုင်မှာ အသက် ၁၅ နှစ် ၁၆ နှစ်မှစ၍ မန္တလေးမြို့ ရှမ်းပွဲရပ်တွင် နေထိုင်ခဲ့သည်မှာ ၁၃၂၁ ခု၊ အသက် ၆၄ နှစ်အရွယ် ကွယ်လွန်သည်အထိဖြစ်ပါသည်။

**ရည်ညွှန်းချက်**

လူထုဒေါ်အမာ ရေးသားသော ပြည်သူချစ်သော အနုပညာသည်များ စာအုပ်ပါ အချက်အလက်များဖြစ်ပါသည်။

# လေဘာတီမြရင်

နာမည်ကျော် အငြိမ့်မင်းသမီး ဓာတ်ပြားအဆိုတော် လေဘာတီမြရင်ကို မင်းသား ဦးဖိုးသစ်နှင့် မင်းသမီးဒေါ်ဉာဏ်ယုံတို့က ၁၂၆၆ ခုနှစ်တွင် သာစည်နယ် ရွှေဖလားကန်ရွာ၌ မွေးဖွားခဲ့ပါသည်။ သဘင်မျိုးရိုးဖြစ်သောကြောင့် ငယ်စဉ်ကပင် သဘင်ပညာ အရပ်ရပ်နှင့် နီးစပ်သိမိခဲ့ပြီး ဝါသနာနှင့် ပင်ကိုယ်ပါရမီတို့ကြောင့် မန္တလေးမြို့သို့ ကပြရန် ရောက်ရှိသွားသောအခါ မြို့ အငြိမ့်မင်းသမီးများနှင့် အပြိုင်ဆိုနိုင် ကနိုင်ခဲ့သည်။

မမြရင်သည် အသက် ၂၀ အရွယ်၌ အိမ်ထောင်ကျသည်။ သို့သော်လည်း အငြိမ့်သဘင်သည်ဖြစ်သောကြောင့် ဤသူကား မမြရင်၏ ခင်ပွန်းပါဟု အထင်ကရ ပြသပြောဆိုခြင်းမရှိ။ ခင်ပွန်းဖြစ်သူကလည်း ငွေကြေးချမ်းသာသော မျက်နှာကြီး ဖြစ်သဖြင့် မမြရင်မှာ သူ၏ဇနီးဟူ၍ ကြော်ငြာပြောဆိုခြင်းမရှိဘဲ တစ်သက်လုံး သမီး ရည်းစားလင်မယားဘဝနှင့် နေသွားကြရသည်။ မမြရင်ဆိုသော ဦးသဝန်ကြောင် သီချင်းမှာ လူပြက်များနှင့်ရောနှောနေထိုင်သည်ကို မကြိုက်နိုင်ကြောင်း ထိုပုဂ္ဂိုလ် က ပြောသဖြင့် နန်းတော်ရှေ့ဆရာတင်က သိရှိပြီး အချက်ကျကျ ရေးလိုက်သော သီချင်းဖြစ်ကြောင်း သိရှိရပါ၏။

၉၁ ဌာန၊ ရှင်တစ်ခုပဲ၊ သော့တွဲဆိုသော သီချင်းများမှာလည်း သူတို့နှစ်ဦး ၏ ဘဝကိုထင်ဟပ်ပြသည့် သီချင်းများဖြစ်၍ နှစ်ပိသဿာခွဲ၊ ထင်သလိုနေ၊ ဖနောင့်ဖွေ သီချင်းများမှာလည်း သူ့ချစ်သူအပေါ် မကျေမနပ်ဖြစ်ရသည့် အကြောင်း များကို သီချင်းရေးဆရာအား ရင်ဖွင့်ရေးသားခိုင်းပြီး သီဆိုခဲ့သည်ဟု ဖတ်မှတ်ရ ပါသည်။ လေဘာတီမမြရင်မှာ အသက် ၁၅ နှစ်အရွယ်မှ အသက် ၄၂ နှစ် ကွယ်လွန်ချိန်အထိ ၂၇ နှစ်လုံးလုံး အငြိမ့်ကပြသွားပါသည်။

မမြရင်အတွက် သီချင်းရေးပေးကြသော ဆရာများမှာ ဦးသာဒင်၊ နန်းတော်ရှေ့ ဆရာတင်၊ မြို့မငြိမ်း၊ ဆရာထာ၊ ရွှေတိုင်ညွန့်တို့ဖြစ်ပြီး နန်းတော်ရှေ့ဆရာတင်နှင့်

မြို့မငြိမ်းတို့က အများဆုံးရေးသားကြောင်းနှင့် ဓာတ်ပြားသွင်းရာတွင် ခွေလိပ်ပြာကုမ္ပဏီနှင့် ဓာတ်ပြား ၂၄ ချပ်၊ အောင်မင်္ဂလာတွင် ၂၄ ချပ်၊ ခွေးတံဆိပ်ကုမ္ပဏီ ၌ အချပ် ၆၀၊ ကိုလံဘီယာကုမ္ပဏီအတွက် ၁၂ ချပ်သွင်းကြောင်း လူထုဒေါ်အမာ၏ "ပြည်သူချစ်သော အနုပညာသည်များ" စာအုပ်တွင် အတိအကျဖော်ပြပါရှိပါသည်။ သို့သော်လည်း ယခုအချိန်အထိ မမြရင် သီဆိုအသံသွင်းသွားသော သီချင်းဓာတ်ပြားများ ပြည့်စုံအောင် ရှာဖွေမရရှိသေးဘဲ သီချင်းပေါင်း များစွာပျောက်ဆုံးနေပါသေးသဖြင့် မမြရင်၏ ဓာတ်ပြားများ လက်ဝယ်ရှိသူများက နှောင်းခေတ်ဂီတဝါသနာရှင်တို့ မှတ်သားသိဆိုနိုင်ရန်နှင့် မှတ်တမ်းအဖြစ်ထားရှိနိုင်ရန် ပေးပို့လှူဒါန်းစေလိုပါကြောင်း မေတ္တာရပ်ခံအပ်ပါသည်။

ရည်ညွှန်းချက်

ဗိုလ်ကလေး ဦးတင့်အောင်ပြုစုသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

ပြန်ကြားရေးဝန်ကြီးဌာန

တေးရေးပညာရှင်ကြီးများ ၏

# ခေတ်ဟောင်းတေးသီချင်းများ

အတွဲ ( ၅ )



# ဒေါ်စိန်ဆင်

မစိန်ဆင်ကို ၁၈၉၂ ခုနှစ်တွင် မန္တလေးမြို့၊ ဘီးတန်းရပ်၊ အဘဦးမှတ်ကြီး အမိ ဒေါ်ရင်းဖော်တို့မှ ဖွားမြင်သည်။ ငယ်စဉ်ကပင် အဆိုအက အလွန်ဝါသနာပါသည်။ ထို့ကြောင့် မိဘနှစ်ပါးက မစိန်ဆင်(၁၂)နှစ်အရွယ်ကတည်းက အငြိမ့်မင်းသမီးကြီး ဒေါ်စိန်ဘုံထံအပ်နှံခဲ့သည်။ ဒေါ်စိန်ဘုံသည် မင်းသမီးကြီး ဒေါ်ထွေးလေး၏ တပည့်အရင်းဖြစ်ပြီး အဆိုအကအလွန်ထင်ရှားသော အငြိမ့်မင်းသမီးကြီးဖြစ်သည်။ ဒေါ်စိန်ဘုံထံတွင် အဆိုအကပညာကို (၃)နှစ်ခန့်ဆည်းပူးသင်ကြားပြီး (၁၅)နှစ်အရွယ်မှာပင် ဘခင်ဖြစ်သူကကိုယ်ပိုင်အငြိမ့် ထောင်ပေးခဲ့သည်။ မစိန်ဆင်သည် အဆိုလည်းကောင်း၊ အကလည်းကောင်းသည့်သာမက ရုပ်ရည်လည်းလှပသူဖြစ်သဖြင့် ထိုအချိန်က ကာလသားတို့အသည်းစွဲ ဖြစ်ခဲ့ရသည်။

မစိန်ဆင်သည် အသက်(၂၃)နှစ်တွင် အငြိမ့်ဆရာဦးဖိုးကြီး၊ ဒေါ်ရွှေရှက်တို့၏ ဇာတ်အဖွဲ့တွင် ဇာတ်မင်းသမီးအဖြစ် လိုက်ပါကခဲ့သည်။ ရန်ကုန်တွင် (၂)နှစ်ကြာမျှ ဆင်းပြီးကခဲ့သည်။

ရန်ကုန်တွင် မယ်မဖြေကိုစိန်လှိုင်ဆိုသူနှင့် အိမ်ထောင်ကျပြီး မကြာလှပါ၊ အိမ်ထောင်ရေး အဆင်မပြေ၍ ကွာရှင်းခဲ့ရသည်။ ဒုတိယအိမ်ထောင်မှာ ပုဇွန်တောင်မှ ကိုဘသန်းဆိုသူဖြစ်သည်။ ကိုဘသန်းနှင့် လက်ထပ်ပြီးနောက်ပိုင်း အငြိမ့်အဖွဲ့ထောင်၍ နေရာအနှံ့အပြားသို့ လှည့်လည်ကပြခဲ့သည်။

မစိန်ဆင်သည် ယောကျ်ားလိုဝတ်၍ အိုးစည်အကအလွန်ကောင်းသည်ဟု သိရသည်။

မစိန်ဆင်သည် ခွေးတံဆိပ်ဓာတ်ပြားကုမ္ပဏီနှင့် ကိုလံဘီယာဓာတ်ပြားကုမ္ပဏီတို့တွင် သီချင်းပုဒ်ရေအများအပြား သီဆိုအသံသွင်းခဲ့သည်။ လောလောဆယ်ကောက်ယူရရှိသည့် စာရင်းအရ သီချင်းပုဒ်ရေ(၃၀)ခန့် ရှိပါသည်။

ပထမမူလက ခွေးတံဆိပ်ဓာတ်ပြားအဆိုတော်ဖြစ်သည်။ ခွေးတံဆိပ်ဓာတ်ပြားကုမ္ပဏီတွင် အောင်တော်မူ၊ အလှူတော်၊ ရွှေပြည်စိုး၊ အရွယ်အနှောင်း၊ ရွှေမေတ္တာ၊ ဗဟိုလရောင်၊ စိန်ရတနာဆင်၊ အောင်ကောင်းသံ၊ ဂုဏ်ထူးဆောင်နှင့်

စိတ်ကူးသီချင်း စသည်တို့သီဆို အသံသွင်းခဲ့သည်။ မစိန်ဆင်အတွက် သီချင်းရေးပေးသော သီချင်းရေးဆရာကြီးများမှာ ဆရာလယ်၊ ဆရာထာ၊ နန်းတော်ရှေ့ဆရာတင်၊ ဆရာမြိုင်နှင့် ဦးစိန်ပါတို့ဖြစ်သည်။

၁၉၃၁ ခုနှစ်တွင် မြန်မာနိုင်ငံ၌ ကိုလံဘီယာဓာတ်ပြားကုမ္ပဏီ ဖွင့်လှစ်သည့်အခါ မစိန်ဆင်သည် ကိုလံဘီယာကုမ္ပဏီသို့ ကူးပြောင်းသီဆိုသည်။ ကိုလံဘီယာဓာတ်ပြားကုမ္ပဏီတွင် အစောဆုံးဓာတ်ပြားသွင်းသည့် အငြိမ့်မင်းသမီးများမှာ ကျိုက်လတ်မယ်သင်၊ ဒဂုန်ခင်လှကြည်၊ မြန်မာညွန့်လှရင်၊ မစိန်ဆင်၊ ကုမ္မာရီစိန်မြိုင်၊ ဂီတမယ်လှလေးစိန်၊ ပျော်တော်ဆက်မတင်အောင်နှင့် ယုဝတီမြသောင်းခင်တို့ ဖြစ်ကြသည်။

ကိုလံဘီယာတွင် မစိန်ဆင် ပထမဆုံးသွင်းသည့် သီချင်းများမှာ မဟာဂီတသီချင်းများဖြစ်သည်။ လမင်းသော်တာပတ်ပျိုး၊ စိန်ကြောင်နီလာပတ်ပျိုး၊ ဘုန်ဖောင်ဟေမန်ဘွဲ့၊ မြရည်နန္ဒာဘွဲ့၊ သာတင့်ဆုံးယိုးဒယား၊ သောကရွှေနှုန်းယိုးဒယား၊ ကရင်သြ၊ ချပ်မြန်လွမ်းချင်း၊ ပုလဲခွန်းတောက်၊ ရွှေဘိုဘုံကြီးသံ စသည်တို့ဖြစ်သည်။

ခေတ်ပေါ်သံဆန်းသီချင်းများမှာ လမင်းသော်တာ(သံဆန်း)၊ ရွှေတုဂုံအနောက်မုဒ်ဖွင့်၊ အထစုံတွဲ၊ မေတ္တာတော်၊ အောင်ပါစေ၊ အပျိုကြီးကလူပျိုကြီးကိုမျှော်၊ ကုသိုလ်ရှင် ရွှေဝါတောင်၊ ရွှေကြိုးကြာ စသည့်သီချင်းတို့ဖြစ်သည်။ ကိုလံဘီယာတွင် မစိန်ဆင်ဆိုသော သီချင်းအများအပြားကို နန်းတော်ရှေ့ဆရာတင်ရေးသည်။

မစိန်ဆင်သီချင်းများကို ကိုလံဘီယာမှ ကြော်ငြာသည့်အခါတွင် မစိန်ဆင်ကြီးဟု "ကြီး"တပ်၍ ကြော်ငြာလေ့ရှိသည်။ အဆိုတော်အငြိမ့်မင်းသမီး မစိန်ဆင်သည် ၁၉၄၁ခုနှစ် အသက်(၅၁)နှစ်အရွယ်တွင် ကွယ်လွန်ပါသည်။

**ရည်ညွှန်းချက်**

ဦးမောင်မောင်လတ်(ကဗျာဆရာ နောင်) ပြုစုသည်။

ခေတ်ဟောင်းတေး အတွဲ (၁) တွင်
စစ်ကြို - စစ်ပြီးခေတ် မှ...တေးရေးသူ.. တေးသံရှင်...တူရိယာ ပညာရှင်
ဦးဖူးညို - ဆရာဉာဏ် - ဦးစိန်ကတုံး - လှည်းတန်း ဦးလူကလေး
ဒေါ်စောမြအေးကြည် - ဦးပြုံးချို - ဦးကြင်ခဲ - နန်းတော်ရှေ့ ဆရာတင်
ပိုင်အမ်ဘီ ဆရာတင် - ဒဂုန် ဆရာတင် - ရွှေတိုင်ညွန့် - မြို့မငြိမ်း - ဆရာတောက်
ရွှေပြည်အေး - စောင်း ဦးဘသန်း - သဟာယ ဆရာတင် - ဦးချင်းစိန်(ရွှေညာမောင်)
တက္ကသိုလ်စိုး - ဆရာမြိုင် - အလင်္ကာကျော်စွာ စိန်ဗေလျှံ -
ဂန္တကျော်ထင် ရန်နိုင်စိန် - ပြည်သန်းနွယ် - ဦးဉာဏ - တို့၏
အတ္ထုပ္ပတ္တိ အကျဉ်း များ ..ပါဝင်...ပါသည်။

ခေတ်ဟောင်းတေး အတွဲ (၂) တွင်
စစ်ကြို - စစ်ပြီးခေတ် မှ...တေးရေးသူ.. တေးသံရှင်...တူရိယာ ပညာရှင်
ရောဂဏ် ဦးအောင်ဒွန်း - အရှေ့ပိုင်း ဆရာချစ် - ရွှေဂုံမောင်
အေဝမ်း ဆရာညှာ - ဘင်ဂျို ဦးသာဒွန်း - ရတနာပုံ မောင်စု
တက္ကသိုလ် ဖေစန်း (စန်းသော်တာ) - မြကလောင် - ဂျူဗလီစိန်
မကြည်အောင် - စိန်ပါတီ - မန္တလာမြင့် - စိန်ဗေဒါ - ခင်ခင်ရီ
ခင်မောင်ရင် - မအေးမိ - ဂီတာ စိမ်းမောင် - ပြည်လှဖေ
မေရှင် - မောင်တင်မောင် - မေမေဝင်း...... တို့၏
အတ္ထုပ္ပတ္တိ အကျဉ်း များ ..ပါဝင်...ပါသည်။

ခေတ်ဟောင်းတေး အတွဲ (၃) တွင်
စစ်ကြို - စစ်ပြီးခေတ် မှ
တေးရေးသူ.. တေးသံရှင်...တူရိယာ ပညာရှင်
ဦးရာပြတ် - တက္ကသိုလ် လှ - ခေတ္တရာ အေး -
ကြယ်တံခွန် ( ရွှံ့ကြီး) - မေသန်း - မေန - မေမြင့်....
တို့၏.....အတ္ထုပ္ပတ္တိ အကျဉ်း များ ..ပါဝင်...ပါသည်။

ခေတ်ဟောင်းတေး အတွဲ (၄) တွင်
စစ်ကြို - စစ်ပြီးခေတ် မှ...တေးရေးသူ.. တေးသံရှင်...တူရိယာ ပညာရှင်
မြန်မာညွှန့် ဆရာတင် - ကိုရွှေမောင် (မောင်မောင်)
ဆရာ ပု - ဦးသက်တင် (မန္တလေး) - ဆရာမြိုင်ကလေး (စန္ဒယား)
မြခြေချင်း မငွေမြိုင် - လေဘာတီ မမြရင် ....
တို့၏.....အတ္ထုပ္ပတ္တိ အကျဉ်း များ ..ပါဝင်...ပါသည်။

ခေတ်ဟောင်းတေး အတွဲ (၅) တွင်
စစ်ကြို - ခေတ် တေးသံရှင် -
မစိန်ဆင်...၏.....အတ္ထုပ္ပတ္တိ အကျဉ်း တစ်ခုသာ..ပါဝင်ပြီး..
အတွဲ (၆) (၇) (၈) တို့တွင်....
အတွဲ (၁) (၂) (၃) (၄) တို့မှ...
တေးရေးသူ.. တေးသံရှင်...တူရိယာ ပညာရှင်များ အကြောင်းသာ
ပြန်လည် ထည့်သွင်းထားကြောင်း တင်ပြအပ်ပါသည်။ ( By Ko Kyaw Lwin San )